ဥတြသ္တရူပါ၊ ဆိုအပ်ပြီးသော နည်းဖြင့် ကြောက်လန့်သော သဘောရှိကုန်သော။ ။တံပိဘူတိံ၊ထိုတံခိုးပြာဋိဟာဟု ဆိုအပ်သောတင့်တယ်ခြင်းကို၊ (အံ့အဲစဘွယ်ဟူလို၊ ဋီ၊) ။ ဝါ၊ နတ်တို့ပြုအပ်သော များစွာသော ပူဇော်ခြင်း, မဟာဗောဓိ၏ များစွာသော တံခိုး အာနုဘော်ဟု ဆိုအပ်သော ပြည့်စုံခြင်းကို၊ ပဿိတ္တာ၊ ၍။ သယမ္ပိ တထာ ပူဇိတုကာမော ဟုထည့်၍ ထေရီ ယာစိတွာ၌ ယောဇနာ၊ ။ဝိမတိ၊

‘ထေရိံ ယာစိတွာ’၌ အရှင် ငါတို့မြတ်စွာဘုရားသည် ‘မုစလိန္ဒနဂါးမင်း’၏ကိုယ်အစဉ်ကဲ့ ကိုယ်တော်၏‘ဂန္ဓကုဋိတော်’ပြု၍ ခုနစ်ရက်ပတ်လုံးယင်းနဂါးမင်းအား ချီးမြှောက်တော်မူပါသည်-စသည်ဖြင့် တောင်းပန်သည်။ ။အခြင်းအရာကို သာရတ္ထဒီပနီမှာရှု။

မဟာ၊ပ။တော၊မဟာဗောဓိနှင့်ကွေကွင်းခြင်းကြောင့် ဖြစ်သော မာနသိက ဒုက္ခ ရှိသည်ဖြစ်၍၊

သဥ္စာတံ ဒုက္ခံ အဿာတိ ဒုက္ခိတော–ပြု။

ဝါ၊မဟာ ဗောဓိနှင့်ကွေကွင်းခြင်းကြောင့် မာနသိက ဒုက္ခသို့ ရောက်သည်ဖြစ်၍၊

ဒုက္ခံ ဠတော ဂတောတိ ဒုက္ခိတော–ပြု။ ။ကန္ဒိတွာနှင့် ရောဒိတွာကား ပရိယာယ်သာ၊သာရတ္ထ။ ။ကဒိ ကလဒိ အဝှါနေ ရောဒနေစ။ ။သဒ္ဒနီတိ။

ဝါ-ကန္ဒိတွာ၊ငိုကြွေး၍၊ ရောဒိတွာ၊မြည်တမ်း၍၊

ဂုဏ်ကိုပြောကြားသည်အစွမ်းဖြင့် 'အထပ်ထပ်မြည်တမ်းသည်'ဟူလို။ ။သာရတ္ထ။

ယာဝဒဿနဝိသယံ၊ စက္ခုဝိညာဏ်၏ အရာတိုင်အောင်၊ ဩလောကေတွာ၊၍၊

မြင်သမျှကြည့်၍ မမြင်ကာမှ ပြန်သွားသည်ဟူလို။

ဒေဝါနံ ပိယတိဿော မဟာရာဇာပိကို သောဓာပေတွာ-စသည်နှင့်စပ်၍ ပူဇေသိ,ဝိဇာရေသိ များမှာစပ်၊ သောဓာပေတွာ၌ ဆူးငြောင့်,သစ်ငုတ်-စသည်ကို ပယ်နှုတ်သည်ကို အလက်ရာ ပေတွာ-၌ သဲ စသည်လောင်းခြင်း-စသည်ကိုယူ၊ ၊သမုဒ္ဒသာလဝတ္ထုသို့၊သမုဒြာအနီးဝယ်ဆောက်လုပ်အပ်သောစရပ်၏တည်ရာအရပ်၌၊

ထိုအရပ်၌တည်လျက် သမုဒြာကို မြင်ရကား ယင်းအံ့ဘွယ်သရဲကိုပြခြင်းငှါ ယင်း၌စရပ်တန်ဆောင်းဆောက်သောကြောင့် ယင်းစရပ်သည် အမည်အားဖြင့် 'သမုဒ္ဒါသန္နသာလာ'ဟု ထင်ရှားသည်။ သာရတ္ထ, မဟာဋီ။ ။ဤ၌ကား အာသန္နပုဒ်ကျေသည်။

ဝါ၊သမုဒြာကို မြင်ရာဝယ် ဆောက်လုပ်အပ်သော စရပ်၏ တည်ရာအရပ်၌၊

ယင်း၌ တည်လျက် မင်းသည် မထေရ်၏အာနုဘော်ကြောင့် သမုဒြာ၌လာသော မဟာဗောဓိကို မြင်ရသည်။ နောက်ကာလ သမုဒြာကို မြင်ရာအရပ်ဟု ပြခြင်းငှါ 'သမုဒ္ဒသာလ'မည်သော စရပ်ကိုဆောက်လုပ်ရကား 'သမုဒ္ဒသာလဝတ္ထု'ဟူသည်။ဝိမတိ,ဝဇိရ။ ။''သမုဒ္ဒဿဒိဋ္ဌဋ္ဌာနေ ကတာ သာလာတာယ ဝတ္ထု''တွဲ။

ပုပ္ဖအာဘိယာနိ၊ အထွတ်အမွန်းထင်သော ဒိမ်သဏ္ဌာန်ရှိသော ပူဇော်ကြောင်းဖြစ်သော ပန်းစေတီတို့ကို၊

ကူဋာဂါရသဒိသသဏ္ဌာနာနိ ပုပ္ဖစေတိယာနိ–ဖွင့်။ ။ဋီကာ။ ။အဃ ့မဃ ံယံ၊အတိမာနံ။ ။အဃပူဇာယံ၊ အဏ္ဍမှိ အဃ ံယံ။ ။ယင်းဋီကာ၊ ။ အဃံ့မဃံ့ ဂေဟံ။အမရကောသ။ ။အဃိသဒ္ဒါသည် အဃံ့ ဂေဟံ။ ။ပူဇော်ကြောင်းဖြစ်သောပန်းစသော ဝတ္ထုဉ္စ။သျှာတ်။ဖြစ်၏။သမ္မန်။

ယင်းတို့ကို ခရီးနံပါးနှစ်ဘက် အကြားအကြား၌ ပြုလုပ်စေသည်ကို ရည်၍ အဏ္ဍရန္တရေ ပုပ္ဖအာဘိယာနိ ဌပေန္တော–ဟူသည်။ ။သာရတ္ထ၊

ဝတ၊စင်စစ်၊ အာဂတော အရေ၊ကြွလာပါပြီတကား၊

အရေတိ ပမောဒေ။ ။ဝိမတိ။

ဝါ–အာဂတော၊သည်။ အရေ၊ကောင်းလှပေစွ၊

အရေတိ ပသံသာယံ။ သာဓုဝတာတိ အတ္ထော။ ။သာရတ္ထ။

ဝါ–အရေ၊အချင်းတို့၊အာဂတော ဝတ၊ကြွလာပါပြီတကား။

'ဝတ'ကား ဟာသတ္ထ။ ။အမတ်မျိုး, ပုဏ္ဏားမျိုးတို့ကို သော၌သဟိ 'ဇာတိသမ္ဘန္ဒကုလေဟိ'ဟူသည်။ ။ဋီကာ။

သမုဒ္ဒတီရေ၊သမုဒ္ဒရာကမ်းနားး၌၊ ဝါ၊သမုဒ္ဒရာကမ်းအပြင် တန်ဆာဆင်အပ်သောမဏ္ဍပ်၌၊ သဒိပုပစာ၊

မဟာဗောဓိကို သမုဒ္ဒရာကမ်းအပြင်ဝယ် တန်ဆာဆင်ခြင်းနှင့် စပ်သော မွေ့လျော်ဖွယ်ဖြစ်သော မဏ္ဍပ်၌ထား၍ သီဟိုဠ်ကျွန်းအလုံး၌ ဖြစ်သော မင်းအဖြစ်ဖြင့် ပူဇော်၍ ထသဲ့ခြောက်ဦးသော ဇာတိသမ္ဘန္ဒ အမျိုးတို့အား မင်းအဖြစ်ကိုဆောင်နှင်း၍ မိမိကား တံခါးစောင့်အရာ၌ တည်လျက် သုံးရက်ပတ်လုံး အပြားများစွာပူဇော်စေသည်၊ယင်းကိုပြလိုရကား တိဏ်–စသည်ကိုန့်၊ ။သာရတ္ထ။

ဇာတိသမ္ဘန္ဒကုလာနံ၊တို့၏၊ ရဇ္ဇံ၊မင်းအဖြစ်ကို။ ဝိစာရေသိ၊စီရင်၏။

မင်းအဖြစ်ကိုစီရင်စိမ့်ငှါ ယင်းတို့အား စွန့်သည်ဟူလို။ ။ဋီကာ။

ဝါ–ဇာတိသမ္ဘန္ဒကုလာနံ၊တို့ကို၊ ရဇ္ဇံ၊ကို၊ ဝိစာရေသိ၊စီရင်စေ၏။

'ကုလာနံ'ကား 'ဝိစာရေသိ'၌ ကာရိုက်ကံ၊ ရှေးနည်း၌ကား ရဇ္ဇ'၌ ဘာဝဏ္ဍသမ္ဗန်။သို့ထူးသည်။ ။သာရတ္ထ။

စတုတ္ထဒိဝသေ၊ ပူဇော်သနေ့မှ လေးရက်မြောက်သနေ့၌၊ ဝါ၊ ရောက်သနေ့မှ လေးရက်မြောက်သနေ့၌၊

နတ်တော် လပြည့်ကျော် တရက်နေ့ ဇမ္ဗူဒိပ်မှ ထွက်သည်။ ယင်းနေ့ပင် နဂါးပြည်သို့ပင့်ဆောင်၍ ခုနစ်ရက်ပူဇော်သည်။ ။ယင်းလဆန်းခုနစ်ရက်နေ့ သီဟိုဠ်သို့ ရောက်၍ ယင်းနေ့နှင့်တကွ သုံးရက်ပူဇော်ရကား လဆန်း ဆယ်ရက်နေ့ကို 'စတုတ္ထဒိဝသေ'ဟူသည်။

စတုတ္ထဒိဝသေတိ မိဂသိရမာသဿ သုက္ကပက္ခဒသမိယံ။ ငြင်း။ ။ဒသမိယံ သုက္ကပက္ခေ ဝိစာရေတဗ္ဗာန ဘူပတိ။ ။မဟာဝင်။

ယင်းနေ့၌ မဟာဗောဓိကို တန်ဆာဆင်အပ်သော ရထား၌ တင်၍ များစွာ ပူဇော်လျက် ပါစိနပဿ ကျောင်းတည်ရာ အရပ်သို့ ဆောင်၍ ယင်း၌ သဿ်ဘ်တော်အား နံနက်ဆွမ်းလုပ်ကျွေး၍ မဟိန္ဒမထေရ်ဟော အပ်သော နာဂဒိပ၌ သဗ္ဗညုဘုရားသည် ပြုအပ်သော နဂါးတို့ကို ဆုံးမ ခြင်းကို ကြားး၍ သဗ္ဗညုဘုရားသည် ထိုင်တော်မူခြင်း-စသည်ဖြင့် သုံး ဆောင်တော်မူဘူးသော အရပ်တို့၌ ပုထိုး စသည်တို့ဖြင့် ပူဇော်အံ့ဟု အ မှတ်ကိုပြုစေ၍ ယင်းမှဆောင်ပြန်သော် တဝက္ကပုဏ္ဏားရွာ ထံခါး၌ထား လျက် ပူဇော်၍ ယင်းသို့ ကိုထိုအရပ်၌ ပူဇော်၍ အနုရာဓမြို့သို့ ရောက် သည်ကို အနုပုဗ္ဗေန၊ပ၊သမ္ပတ္တော-ဟူသည်၊ ။ငြင်း၊ မဟာဝင်၊

စာဘုဒ္ဒသဒိဝသေ၊နတ်တော်လွှန်းတဆဲ့လေးရက်မြောက်သနေ့၌၊ ဝနှ မာနကဏ္ဍာယာယ၊ပွါးဆဲသောအရိပ်ရှိသည့်အခါ၌၊ သဒ္ဒတ္ထ၊ ။ဝါ၊ညနေ ချမ်းအခါ၌၊ အဒိပ္ပါယတ္ထ၊ ။နေ့ပဋ္ဌသတိကော၊ညှို့တင်အပ်ပြီးသော ကာလ လေးတို့၏ ငါးရာအဘာရှိသော၊ ဌာနေ၊၌။ (ငွပေသိမ္မာစပ်)၊

နေ့နံ သတာနိ နေသတာနိ၊ပဥ္စနေသတာနိ ပဉ္စနေသတံ၊ ပဉ္စနေသတံ ပမာဏံ ဧတ္ထာတိ ပဥ္စနေသတိကံ—ပြု။ ။ညှို့တင်အပ်သောလေးဖြင့်တာအပ်သည်။

အာရောပိတာနံ အာစရိယနေ့နံ ပဥ္စသတံ။ အဘိဓာန်ဋီကာ။ ။အပရေ တို့ကား ညှို့မတင်ဘဲဟူ၏။

ယင်းဌာနကို မှတ်၍ပြလိုရကား ယတ္ထ-စသည်ဒိန့်၊ ။သောဘနာ၊

သဿပတ္တိံ၊ ဖလသမာပတ်ကို၊ တိလကာဘူဟော၊ မှန်ကူတန်ဆာ သဘွယ်ဖြစ်၍ဖြစ်သော၊ ရာဇာတ္ထုဒွါရကောဋ္ဌကဌာနေ၊မင်းဥယျာဉ်တံခါး မုခ်၏တည်ရာဖြစ်သော၊ တသ္မိံ ဌာနေ၊၌၊

ဌါရသမိဋ္ဌေ ကတော ကောဋ္ဌကော ဌါရကောဋ္ဌကော၊ ကုသ—အဌ္ဌော သောဋ္ဌကော။သကာရဿ ဋ္ဌကာရော ကောဋ္ဌကောတဲ့ ဂေဟဝိသေသော။ ။ ဟူရကား တံခါးအနီး၌ လိုဏ်ကို 'ဌါရကောဋ္ဌက'ဟူသည်၊

မဟာဗောဓိကိုစိုက်သော အခြင်းအရာကို ထင်ရှားပြလိုရကား ကာထံ စသည်ဘိနိ၊ ။အသုံးရုံသောမင်းအဖြစ်ကို မဟာဗောဓိအား ရှေး၌ လှူဘူး သောကြောင့် ဥပစာရအလို့၌ တံခါးစောင့်အသွင်ကို မင်းယူသည်၊ ။ သာရတ္ထ၊

အနုဥဇ္ဇ ဝိပဿနံ၊ အစဉ်အတိုင်းဖြစ်စေအပ်သော ဥဒယဗ္ဗယ-အစရှိသော ဝိပဿနာကို၊ ပဋ္ဌပေတွာ၊အားထုတ်၍၊ ဝါ၊ဖြစ်စေ၍၊

ဥဒယဗ္ဗယ,ဘင်,ဘယ, အာဒီနဝ,နိဗ္ဗိဒါ, မုစ္စိတုကမျတာ, ပဋိသင်္ခါ,သင်္ခါရုပေက္ခာ,အနုလောမဉာဏ်ကို 'အနုပုဗ္ဗဝိပဿနာ'ဟူသည်။

သူရိယေ၊သည်၊ အတ္တံ၊အဥ္ဈတောင်သို့၊ ဂမိတေ၊ရောက်သည်ရှိသော်၊

'အတ္တ'ဟူသည်ကား အပရဂေါယာန်ကျွန်းလယ်၌ တောင်အမည်တည်း။ ယင်းသို့ 'နေ'ရောက်လျှင် ဇမ္ဗူဒိပ်၌ နေပျောက်ကွယ်ရကား 'အတ္တံဂမိတေ ပန သူရိယေ'ဟူသည်။

ဗောဓိပတိဋ္ဌာနာ၊ ဗောဓိပင်ခြေ၌ တည်သည်နှင့်၊ သဟ၊ကွ၊

'သဟယောဂ'၌ တတိယာ ဖြစ်သင့်လျက် ဝိဘတ်ပြန်၍ 'ပဉ္စမိဝိဘတ်'ဖြစ်သည်။ဋီကာ။ ။'မဟာပထဝီ အကမ္ပိ'ဟူသည်ကား နိဒဿနနည်းမျှသာ။ ယင်းမှတပါး များစွာသော အံ့ဘွယ်တို့လည်း ဖြစ်ကုန်သည်သာ။ ။သာရတ္ထ, မဟာဝင်။ ။အကျယ်ကို ယင်းတို့မှာရှု။

ဟိမဝဂ္ဗေ၊ ၌၊ သန္တိသိဒ္ဓိ၊ နှစ်၍၊ (ဆီးနှင်းတိုက်အတွင်း၌ တည်သည် ဟူလို)။ ။နဘံ ဝိဂတာလာဟကံ ဟောတိ၊ သမ္ဖန်၊ ။ဇလန္တာ၊တောက်ပကုန်လျက်၊ ဝိဇ္ဇု၊ရန္တာ၊ပြန့်ကုန်လျက်၊ ဝါ၊ထိုမှဤမှသွားကုန်လျက်၊နိဿရိံသု၊ ထွက်ကုန်၏၊

နိပုဗ္ဗသရဓာတ်ကား ဂတျတ္ထ။

ပသိံသု၊ထင်ကုန်၏၊

ဒိသ,ဓာတ်ကို ပဿ—ပြုသည်။ သဒ္ဒါ,အနက်ဟော။ ပဿိံသူတို ပညာယိံသု။ ။ဋီကာ။

ဒီပဝါသိနော၊ သီဟိုဠ်ကျွန်း၌နေကုန်သောလူတို့သည်။

'ဒီပဝါသိနော'ဟု သာမန်ဆိုသော်လည်း သီဟိုဠ်ကျွန်းကိုသာယူ။ ။တမ္ဗပဏ္ဏိဒီပဝါသိနော—ဖွင့်။ ။သာရတ္ထ။

ဥတ္တရသာခတော၊ မြောက်ကိုင်း၌၊ ငှတ်၊ သော၊ ထည့်၊ ဖော်၊သော၊ ဖလံ၊သည်။ ပဗိတ္တွာ၊ရင့်၍၊ ဝါ၊မှည့်၍၊ သာခတော၊မှ၊မုတ္တိ၊၏၊

ပက္ကံ ပါစီနသာခါယ၊ ပေက္ခတံ ပက္ကမက္ခတံ။ ။

ဟုမဟာဝင်၌ အရှေ့ဘက်ကိုင်းမှဟူ၏။ယင်းကိုသာရတ္ထဒီပနီ၌ ကေစိ—ဟူ၏။

မရုရပံသုံ၊နူးညံ့သိမ်မွေ့သည်ဖြစ်၍ နှစ်သက်အပ်သောမြေမှုန့်ကို၊

'မရုရ'ကား ပိယ,ဟော။သာဒုမှိ မရုရော ပိယေ။ ။အဘိဓာန်။

မဟာအာသနဋ္ဌာနေ၊အရှေ့နံပါး မဟာသိလာသနတည်ရာအရပ်၌။

'မဟာသိလာသနဋ္ဌာနေ' ဟူလိုလျက် သိလာပုဒ်ကိုချေ၍ မဟာအာသနဋ္ဌာနေ—ဟူသည်။ ။ထိုကြောင့် ''မဟာအာသနဋ္ဌာနေတိ ပုဗ္ဗပဿေ မဟာသိလာသနေန ပတိဋ္ဌိတဋ္ဌာနေ''မိန့်၊ ဋီကာ။ ။ယင်းမဟာသိလာသနကား မဟာဗောဓိ၏အရှေ့ဘက်နံပါးကိုမှီသည်။ထိုကြောင့် ဋီကာတို့၌ 'ပုဗ္ဗပဿေ' ဟူသည်။ ။ယောဇနာ၌ကား 'မဟာဗောဓိအာသနဋ္ဌာနေ' ပါဌ်ရှိသောဟူ၏။ မဟာဝင်၊ ယင်းဋီကာ။ ဗောဓိဝင်၊ ယင်းဋီကာတို့၌လည်း ဋီကာများနှင့်အညီရှိသောကြောင့် မသင့်။

ဋ္ဌာဿရနိမ္မာနပိဟာရေ၊ ဋ္ဌာဿရနိမ္မာနဟု ခိုအပ်သော ကဿပဂိရိကျောင်းတိုက်၌၊

ယင်းကို ပုဗ္ဗသဏ်တ,ပုဗ္ဗဝိဟာရ—အစွမ်းဖြင့် သို့ဆိုသည်။ ယခုကာလ၌ ယင်းကျောင်းတိုက်ကား 'ကဿပဂိရိ'ဟုထင်ရှားသည်ဟူ၏။ သာရတ္ထ။ ။ မဟာဝင်၌ 'ဋ္ဌာဿရသမဏာရာမ'ဟူသည်ကို ကေစိ—ဟူ၏။ ၎င်း။ ။ကာဇရဋ္ဌာကား ယခုကာလ၌ 'ကဏ္ဏရွာ'ခေါ်သည်ဟူ၏။ ။ယောဇနာ။

ယောဇနိယအာရာမေသု၊ အနုရာဓမြို့၏ ထက်ဝန်းကျင် တယူဇနာအတွင်း၌ ပြုအပ်သော အရံတို့၌၊

ယောဇနဿ အဗ္ဘန္တာ ကတာ အာရာမာ ယောဇနိယအာရာမာ-ပြု။ ။ သာရတ္ထ။

အကြင်ကြောင့် သဃ်မိတ္တာထေရီကိုပင့်ခေါ်၏၊ ထိုကိုပြုလိုရကား ဇဝ်စသည်မှန့်၊

သမန္တာ၊မှ။ မဟာဗောဓိမှ၊သည်။ ပတိဋ္ဌိတော၊သော်၊ သမ္ပုန်၊ ။၎င်း၊

အကြှင်သို့သော အခြင်းအရာဖြင့် သီဟိုဠ်ကျွန်း၌အရိဋ္ဌမထေရ်-စသည်တို့သည် မဟာမဟိန္ဒမထေရ်ထံသင်၍ ဝိနယပကာတညူအဖြစ်ကို ပြခြင်း၌ါ တတြာယ မနုပုဗ္ဗိကထာ-စသည်ကို ဆိုအပ်၏၊ ထိုသို့သော အခြင်းအရာ၏ မထင်ရှားသေးရကား ယင်းကိုထင်ရှားစွာပြခြင်း၌ါ အထေက ဒိဝသံ ရာဇာ-စသည်ဆိုနို့၊

တဿခုဒ္ဒသော၊ အဘား၊ ၏၊ သည်၊ ပေး၊ ၊လောဟပါသာဒဌာနံ၊ လောဟပါသာဒကိုဆောက်လုပ်အပ်လတံ့သော အရပ်သို့၊

ယင်းကို ဒေဝါနံပိယတိဿမင်းပင် ဆောက်လုပ်အပ်လတံ့ဖြစ်သော်လည်း ပန်းပူဇော်သောအခါ၌ မရှိသေးရကား 'အနာဂတေ'ဟူသည်။ ဂဏ္ဌိပုဒ်သုံးစောင်,သာရတ္ထ။ ။ဒုဋ္ဌဂါမဏိအဘယမင်း ဆောက်စေ၏ဟူသည်ကို ကေစိဟူ၏။ ။၂င်း။

တံ ဒိသွာ သုမနော ရာဇာ၊အာဂမ္မာ ရာမမုတ္တမံ။
အလေခ တုလျံ ကာရေသိ၊လောဟပါသာဒမုတ္တမံ။ ။
ဟု မဟာဝင်၌လည်း ကေစိဝါဒကိုပင်ဆို၏။

စမ္ပကပုပ္ဖါနိ၊စကားပန်းတို့ကို၊ ပုဇ္ဇယိ၊စကားပန်းတို့ဖြင့်၊ ပူဇေတွာ, ဝန္ဒိ၌ အာဂါမိကာနံ မဟာစေတိယံ၊ထည့်၊ သမ္မုန်၊ ။ဝိဇတိ။

အာဂါမိကာနံ၊ လာလတံ့သော ခေတ်တော်တို့၏၊ မဟာစေတိယံ၊ ကို၊ပေး၊

နောင်တည်လတံ့သော မဟာစေတီကိုသာ ရှိခိုးသည်။မဟာစေတီ မတည်သေးသော 'မြေအပြင်'ကို ရှိခိုးသည်မဟုတ်။ ထိုကြောင့် ရှေးအရာတို့၌ကဲ့သို့ 'ပူဇေသိ'ဟု ပူဇာမျှကို မဆိုမူ၍ ပူဇေတွာ,ဝန္ဒိ-ဟု အထူးဆိုသည်ဟူလို။ ။ ရှေး မဟာဝိဟာရဋ္ဌာန၌ ပူဇာမျှကိုသာပြုရကား နောင်သင်္ဃာ၏လည်း နဝကအဖြစ်,အဝန္ဒိတဗ္ဗအဖြစ်ကိုပြသည်။ မဟာစေတီတည်ရာဌာန၌ အထူးပြုရကား သဘာဝဝိသိဋ္ဌပုဂ္ဂိုလ် ဖြစ်သောကြောင့် နောင် 'မေတ္တေယျ'စသော ဘုရား, ပစ္စေကဗုဒ္ဓါ တို့ကိုကား 'ဗုဒ္ဓဘာဝက္ခဏ'ကိုရည်၍ ရှိခိုးထိုက်သည် အဖြစ်ကိုပြသည်။

ပုရိမေ ပန မဟာဝိဟာရဋ္ဌာနေ ပူဇာမတ္တသေဝ ကတတ္တာ အနာဂတေ သံဃဿာပိ နဝကတာ အဝန္ဒိတဗ္ဗတာစ ပကာသိတာတိ ဝေဒိတဗ္ဗာ။ အနာဂတေ ပန မေတ္တေယျာဒိဗုဒ္ဓါ ပစ္စေကဗုဒ္ဓါစ ဗုဒ္ဓဘာဝက္ခဏံ ဥဒ္ဒိဿ ဝန္ဒိတဗ္ဗာဝ၊ သဘာဝေန ဝိသိဋ္ဌပုဂ္ဂလတ္တာတိ ဂဟေတဗ္ဗံ။ ။ဝိမတိ။

နေဠဿ၊ မြေးတော်ဖြစ်သော။

န,အက္ခရာ၌ သေရနှင့်သာ နေဠဿဟုလိုသည်။ ။နပ္တာ—ဗန္ဓနေ၊ ရိတု၊ နိ-နခယဝ ါ။ ။အဘိဓာန်ဋီကာ။

ဒုဋ္ဌဂါမဏိအဘယမင်းကား ဒေဝါနံပိယတိဿမင်း၏ 'မြေးတော်'အရင်းမဟုတ်၊ ယင်းညီတော် မဟာနာဂမင်း၏ 'မြေးတော်'အရင်းတည်း။ ။မဟာနာဂမင်းကား ရောဟဏဇနပုဒ်ငယ် မဟာဂါမ၌ မင်းမှုသည်။ ယင်းသား ဃဋ္ဋာလာယကတိဿ။ ယင်းသား အဘယ၊ ယင်းသား ကာကဝဏ္ဏတိဿ၊ ယင်းမင်းလေးယောက်တို့ကား မဟာဂါမ၌ပင်မင်းမှုကုန်သည်။ ။ကာကဝဏ္ဏတိဿမင်းသား ဒုဋ္ဌဂါမဏိ အဘယမင်းကား 'အနုရာဓမြို့'၌ မင်းမှုသည်။ အကျယ်ကိုမဟာဝင်မှာရှု။

အဿသာသနဿ၊ ၏၊ မူလာနိပန၊ အမြစ်တို့သည်ကား၊ နတာဝဒြတရန္တိ၊ သက်ဆင်းကုန်ပြီးသည်မဟုတ်၊

'ဩတရန္တိ'ကား အတိတ်၌ ဝတ္တမာန်။ သာရတ္ထ။ ။တာဝကား ဧတ္တဗန္တရာပေက္ခ။

ယခုကား သက်ဆင်းပြီးသည် မဟုတ်၊ သက်ဆင်းသည်ကို သိရအံ့သော အခါ၌၏-ဟူသောအနက်ကိုပြသည်၊ ထိုကြောင့် ကဒါ ပန-စသည်မိန့်၊

ဝါ-တာဝကား တာဝဒေဝကဲ့သို့ တံခဏအနက်၌ နိပါတ်၊ ထိုကြောင့် တာဝ၊ ထိုခဏ၌၊ နဩတရန္တိ၊ သက်ဆင်းကုန်ပြီးသည် မဟုတ်၊ သမ္ဗန်၊ ဩတရန္တိကား ယင်းနှင့်ယှဉ်ရကား အတီတတ္ထကိုပြနှမ်းနိုင်သောကြောင့် ယင်း၌ ဝတ္တမာန်၊

အတ္ထပ္ပကာသန သမတ္ထေ အတီတေ ကာလေစ ဝတ္တမာနာ ဝိဘတ္တိ ဟောတိ။ ဘဿံ တဒါ န ဘဝတိ၊ ဘဿံ တဒါ န အဟောသီတိ အတ္ထော။ ။သဒ္ဒနီတိ။

,'မူလာနိ ပနဿ တာဝ ဩတရန္တိ'ဖြင့် ဤသိဟိုဠ်ကျွန်း၌ ဘုရားရှင် သာသနာတော်သည် တည်ကာမျှဖြစ်ပြီ၊ မြဲမြံစွာကား မတည်သေးဟုပြသည်။ ။ သာရတ္ထ။ ။ညီနောင် ငါးကျိပ်ငါးနှင့်တကွ 'စေတိယ်တောင်'၌ ရဟန်းပြုသော 'အရိဋ္ဌမဟထေရ်'ကိုရည်၍ "မဟာအရိဋ္ဌော ဘိက္ခု"ဟူသည်။ ဋီကာ။

ဧတသ္မိံ ကာလေ၊ ထိုသိဟိုဠ်ကျွန်း၌ ဝိနည်းကိုချဲ့ပြသခြင်းအခွင့်၌၊ ဧတ္တကတသ္မိံ ကာလေ-ဟွဲ၊ ။မေဃဝဏ္ဏာဘယဿ၊ မေဃဝဏ္ဏာဘယမင်း၏၊ အမစ္စဿ၊ ၏။ ဋီကာ၊ ယောဇနာ၊ ။ဝါ-မေဃဝဏ္ဏာဘယဿ၊ မည်သော၊ အမစ္စဿ၊ ၏၊ ပရိဝေဏဋ္ဌာနေ၊ ပရိဝုဏ်တည်ရာအရပ်၌၊

ယင်းကား မဟာနာမမင်း၏ အမတ်တည်း။ ယင်းကား မဟာဝိဟာရ ကျောင်းတိုက်၌ များစွာသော ပရဝုဏ်တို့ကိုပြုသည်၊

အာနေတွာ ဒုဗ္ဗသမ္ဘာရံ၊ မေဃဝဏ္ဏာဘယော တုသော။
မဟာဝိဟာရေ နေကာနိ၊ ပရိဝေဏာနိ ကာရယိ။ ။မဟာဝင်။

အရှင်'ဗုဒ္ဓဃောသ'လက်ထက် အစွမ်းဖြင့် အမစ္စဿ ပရိဝေဏဋ္ဌာနေ-ဟူသည်။ယင်းစဉ်ကာလ၌ မရှိသေးဟူလို။

အမစ္စဿ ပရိဝေဏဋ္ဌာနေတိ သမ္မုတိ ကာလဝသေနာဟ။ ။ဝဇီရ။

မဏ္ဍပ ပကာရံ၊မဏ္ဍပ်နှင့်အတူ၊ ဝါ၊တူသော၊

'ပကာရ'သဒ္ဒါကား သဒိသတ္ထ။သာရတ္ထ။ ။ပကာရော တုလျဘေဒေသု။ အဘိဓာန်။

သဗ္ဗတာဠာဝစရေ၊အလုံးစုံသောတူရိယာဘဏ္ဍာတ်ိကို၊(ဌာချုပစာ)၊ သာသနဿ၊ ၏၊ဩတရန္တာနိ၊ကုန်သော၊မူလာနိ၊တို့ကို၊ ပဿိဿာမိ၊အံ့၊

ယင်းဖြင့် သာသနာတော်၏ မဖေါက်မပြန် မြဲမြံစွာတည်သောအခြင်းအရာကို ကြည့်ရှုအံ့ဟုပြသည်။ ။သာရတ္ထ။

ဒက္ခိဏာဘိမုခံ, ဥတ္တရာဘိမုခံတ်ိကား ဘာဝနပုံ၊ ပညတ္တံ ဟောတိ၌စပ်၊ ။ပစ္ဆာသနေ၊လျောက်ပတ်သောနေရာ၌၊ တေနသမယေန၊ပ။နိဒါနံ၊ တေန သမယေန။ပ။မူလေ-ဤသို့အစရှိသော ဝိနည်းပိဋကတ်၏နိဒါန်းကို၊ အဘာသိ၊ ရွတ်၏၊

'ရွတ်'သုံးလုံး တလုံးကား ဝိပလ္လာသတ္ထ။တလုံးကား နိဒဿနတ္ထ။တလုံးကား အာချတ္ထ။ •

အာကာသံ၊သည်၊ မဟာဝိရဝံ၊ကြီးစွာသောအသံကို၊ ဝိရဝိ၊၏၊

မင်္ဂလာနိမိတ်အဖြစ်ဖြင့် ကောင်းကင်၌ဖြစ်သော စိတ်နှလုံးကို ဆောင်တတ်သော သာယာသောအသံသည် ကောင်းကင်၏ အသံကဲ့သို့ဖြစ်ရကား ယင်းသို့ဆိုသည်။ ။အသံကိုဖြစ်စေတတ်သော တစုံတခု 'ကောင်းကင်'မည်သော တရားမရှိ။ 'အာကာသဂတ'ဖြစ်သော 'ဥတု'အထူးသည် ဖြစ်စေအပ်သော 'မိုးခြိမ်းသံ' ဟုယူ။ ဝိမတိ။ ။မိုးတိမ်ကင်းသော အညစ်အကြေးမရှိသော 'ကောင်းကင်မည်သည်အဖြစ်ကြောင့် ယင်းသို့ဆိုသည်။ ။ကောင်းကင်မည်သည် အသံမြည်တတ်သော 'တရား'မဟုတ်ဟူလို။ ။သာရတ္ထ။

မဟာအရိဋ္ဌမထေရ်၏ ဝိနယပကတညူအဖြစ်ကို နိဂုံးချုပ်လိုရကား ဧဝံ-စသည်မိန့်။

ဧဝံ ဝတ္တမာနေသု ဝိနယပိဋကံ ပကာသေသိ၊ ပကာသေတွာစ ပရိ နိဗ္ဗာသိ–သမ္ဗန္ဓ်။ ။ပစ္စေကဂဏီဟိ၊ အသီးအသီးဂိုဏ်း၏ ဆရာဖြစ်ကုန်သော၊ ဝါ၊ ဂိုဏ်းရှိကုန်သော။

ပစ္စေကံ ဂဏော ဧတေသံ အတ္ထီတိ ပစ္စေကဂဏိနော–ပြု။ ။ငင်း။

'ပဌမကတ္တိကပဝါရဏာဒိဝသေ။ပ။ဝိနယပိဋကံ ပကာသေသိ'ကို ဝိနည်းကို ပို့ချခြင်းငှါ အားထုတ်သနေ့ကိုရည်၍မိန့်သည်။ ။ယင်းနေ့၌ပင်အကုန်ပြီးသည် မဟုတ်။ဝိနယံဝါစေတုံ အာရဒ္ဓဒိဝသံ သန္ဓာယ ဝုတ္တံ။ ။ဝိမတိ။

သတ္တ၊ ၏။ ကရုဏာ ဂုဏ ပရိဒီပကံ၊ မဟာကရုဏာတော်တည်း ဟူသော ဂုဏ်ကိုပြတတ်သော။

ဆေးသမားသည် သူနာတို့၌ ကရုဏာဖြင့် 'ကုစားခြင်း'ကို ရှေးရှု၍ ကင်းသော 'ဆန္ဒဒေါသ'ရှိလျက် စက်ဆုပ်အပ်သော 'အမာ' လျှို့ဝှက်အပ်သော အရာတို့၌ ဆေးလိမ်းကျံခြင်း စသည်ဖြင့် ကုသ၏သို့ မြတ်စွာဘုရားသည်လည်း 'ကိလေသာ'တည်းဟူသော အနာသည် နှိပ်စက်အပ်ကုန်သော သတ္တဝါတို့၌ ကရုဏာတော်ဖြင့် ကိလေသာတည်းဟူသောအနာမှ လွတ်စေတော်မူလိုရကား မပြောဆိုထိုက်ကုန်သော လျှို့ဝှက်အပ်သောအရာ၌ ရှိကုန်သော မလျောက်ပတ်သော စကားတို့ကိုလည်း ပြောဆိုတော်မူလျက် 'ဝိနည်းပညတ်'ဖြင့် သတ္တဝါတို့၏ ကိလေသာ တည်းဟူသောအနာကို ကုစားတော်မူခြင်းကြောင့် ယင်းသို့ဟူသည်။သာရတ္ထ။ ။ကရုဏာတော်ကား အကြောင်း၊ ဝိနည်းပိဋကတ်ကား အကျိုး။ထိုကြောင့် 'ပရိဒီပကံ'ဟူသည်။

အနုသိဋ္ဌိ ကရာနံ၊အဆုံးအမတော်ကိုပြုကုန်သော၊ဝါ၊ကျင့်ကုန်သော၊ ဝါ၊လိုက်နာကုန်သော ပုဂ္ဂိုလ်တို့၏။ ကာယ၊ပ၊ဝိနယံ၊ ကာယဒွါရ၌ လွန်ကျူးသည်၏ အစွမ်းဖြင့် ဖြစ်သော ကမ္မကိလေသာ, ဝစီဒွါရ၌ လွန်ကျူးသည်၏အစွမ်းဖြင့် ဖြစ်သော ကမ္မကိလေသာတည်းဟူသော တုန်လှုပ်ခြင်းကို ဆုံးမတတ်သော၊ ဝါ၊ တုန်လှုပ်သော ကာယဒွါရ၌၊ပ၊ဖြစ်သော ကမ္မကိလေသာကို ဆုံးမတတ်သော။

ကာယကမ္မဝစီကမ္မာနိစ တာနိ ဝိပ္ဖန္ဒိတာနိစာတိ တထာ၊တာနိ ဝိနေတီတိ တထာ–ပြု။ ။'ကမ္မ'ကား စေတနာယုတ္တကမ္မ။ယင်းကား ကာယဝစီဒုစရိုက်။ ထိုကြောင့် 'ဒုစ္စရိတသံကိလေသ'ကို ကာယဝစီကမ္မ–ဟူသည်။ ။သို့ယူမှ ဝိနယေ ဒုစ္စရိတသံကိလေသပဟာနံ ဝုတ္တံ–ဟူသည်နှင့်ညီမည်။ ။ထိုကြောင့် ကာယဝစီဒွါရေသု အဇ္ဈာစာရဝသေန ပဝတ္တာ ကိလေသဝိပ္ဖန္ဒိတာ ဝိနယကရံ–ဖွင့်။ ။သာရတ္ထ။

ယင်းအခါ စည်းဝေးသော မထေရ်တို့ဂုဏ်ကိုပြလိုရကား တေပိ ခေါ-စသည်ခဲ့နှ။

တေပိခေါ။ပ။သမာဂမေကား-ဝုတ္တပ္ပကာရေန ဓုတင်္ဂကို လါထသ္ဌမဟာထေရာ နှင့် ယာသတ္တ် သမာဂမေ သမာဂတာ၊ သမ္ဘန္ဓ။ ၊ဥတ္တမေထ္ထံ၊မြတ်သော မဂ်, ဖိုလ်,နိဗ္ဗာန်ဟူသော သဘောကို။ (အတ္တသဒ္ဒါ သဘာဝတ္ထ)။ ၊အဘိညာယ၊သုံးသောဂ်ဉာဏ်,ဖိုလ်ဉာဏ်ဖြင့်သိ၍။ ရာဇိနော၊ဒေဝါနံ ပိယတိဿ မင်းကို၊

ဥပယောဂတ္ထေ သာမိဝစနံ။ ၊ဋီကာ။

မဟေသယော၊ ကုန်သော၊ တေပိ မဟာထေရာ၊တို့သည်လည်း။ အာသောကံ၊ဉာဏ်တည်းဟူသောအရောင်အလင်းကို။ပ၊နိဗ္ဗာယိံသု၊ကုန်ပြီ၊

ယင်းတွင် အရှင်မဟာမဟိန္ဒထေရ်ကား 'တဆဲ့နှစ်ဝါ'ရှိလျှင် သီဟိုဠ်ကျွန်းသို ကြွလာ၍ ယင်း၌နေ၍ နှစ်ဝါရှိလျှင် ဝိနည်းကိုတည်စေသည်။ ။ခြောက်ဆဲ့နှစ်ဝါရှိသောအခါ 'ဥတ္တိယမင်း'လက်ထက် စေတိယတောင်၌ ပရိနိဗ္ဗာန်ပြုတော်မူသည်။ ။ဋီကာ,မဟာဝင်,ဒီပဝင်၊

အညေပိ၊ မဟာမဟိန္ဒစသော မဟာထေရ် ခြောက်ကျိပ် ရှစ်ပါးတို့မှ တပါးသည်းဖြစ်ကုန်သော၊ ၊ဝိနေတိ။

ထိုမထေရ်တို့သရုပ်ကိုပြလိုရကား တေသံ ထေရာနံ-စသည်ခဲ့နှ။ငင်း။

တေသံ ထေရာနံ၊ ထိုခြောက်ကျိပ် ရှစ်ပါးသော မဟာမဟိန္ဒ-စသော မဟာထေရ်တို့၏၊ အန္တေဝါသိကာစ၊မဟာအရိဋ္ဌစသောတပည့်တို့သည်ငင်း၊ မဟာအရိဋ္ဌထေရသ၊၏၊ အန္တေဝါသိကာ၊ကုန်သော၊ တိဿဒတ္တကာဠသုမနဒီဃသုမနာဒယောစ၊တို့သည်ငင်း၊ အန္တေဝါသိကာနံ၊ နှစ်ပါးသောအခြင်းအရာဖြင့် ဆိုအပ်ပြီးသောတပည့်တို့၏၊ အန္တေဝါသိကာစ၊တို့သည်ငင်း၊ ဇာတိဖေပံ၊သို့ပုဗ္ဗေ၊ရှေးဖြစ်သော တတြာယံ အာစရိယပရမ္ပရာ စသည်ဖြင့် ဆရာစဉ်ဆက်ကိုပြရာ၌၊ ဝုတ္တပ္ပကာရာ၊ တထော မဟိန္ဒော ဇာနိုယော-စသောဂါထာအိုဖြင့် ဆိုအပ်ပြီးသောအပြားရှိသော။ တေနဂုဏ်စသည်ကား လဋ္ဌဂုဏ်၊ ဝါ၊အထက်အောက်ညီသည်၊

ဤသို့ဇမ္ဗုဒိပေ တာဝ အစ,ယာဝ တတိယ သင်္ဂါယနာ အာနေသိ-တိုင်အောင်သော စကား အစဉ်ဖြင့် ဘေနာဘတံ-ဟူသော ပြဿနာကို အကျယ်အားဖြင့်

ခွဲခြမ်းဝေဘန်ပြီး၍ ယခုအခါ ကထ္ထု ပတိဋ္ဌိတံ-ဟူသောပြဿနာကိုဖြေလို ရကား ကထ္ထု ပတိဋ္ဌိတန္တိ-စသည်မိန့်၊ ၊သာရတ္ထ၊

တေလသိဝ၊ခြင်္သေ့ဆီကဲ့သို့၊

တေလသဒ္ဒေါ နှမ်းဆီ၌ မုချ၊တပါးသောဆီ၌ကား ဥပစာ။

ဣမိနာ တိလတေလမေဝ နိပ္ပန္နိယာယတော ဂဟေတဗ္ဗံ၊ အညေ ရေတ္ထ တေလာဒယော ရုဠှိဝသေန တေလန္တိ ဂဟေတဗ္ဗာ။ ဒီပဝင်္ဂဋီကာ။ ။ဤ၌ကား ခြင်္သေ့ဆီ။ ။တေလမိဝါတိ သီဟတေလမိဝ။သာရတ္ထ။ ။ဤသကမ္မိ၌ အပိကား သမ္ဘာဝနာ။ ။ယောဇနာ။

နပဉ္စရတိ၊မလျှောကျ၊ ဝါ၊မမေ့၊

န ပဥ္စရတီတိ နဂလတိ၊န ပမုဿတီတိ အတ္ထော။ ။ဝိမတိ။

အဒိမဉ္စသတိဂတိမိတိမန္တေ့ သု၊လွန်သောအတိုင်းအရှည်ရှိသော ပိဋက သုံးပုံကိုသင်ပြီး၍ ဆောင်နှမ်းနိုင်သောသတိ, သင်နှမ်းနိုင်သောဂတိ, ဆုံးဖြတ်၍ သင်နှမ်းနိုင်သော ဥာဏ်ရှိကုန်သော၊ ဝါ၊ ပညာဟူသောဂတိ, သင်ခြင်း,သရဇ္ဈာယ်ခြင်း,ဆောင်ခြင်း,လုံ့လရှိကုန်သော။ ၊သာရတ္ထ၊

ဣမဿ စ ထေရဿ ဂ္ဂန္ထာဝစနံ ဂဟေတွာ ဓာရဏကသတိ အညေဟိ ထေရေဟိ ဗလဝတရာ အဟောသိ၊တသ္မာ သတိမန္တာနံ အဂ္ဂေါ နာမ ဇာတော။ အယမေဝါယသ္မာ ကေပဒေ ဌတွာ သဋ္ဌိပဒသဟဿာနိ ဂဏှန္တော သတ္ထာ ရာ ကထိတနိယာမေနေဝ သဗ္ဗပဒါနိ သဉ္ဇာနာတိ၊တသ္မာ ဂတိမန္တာနံ အဂ္ဂေါ နာမ ဇာတော။ တဿေဝ စာယသ္မတော ဗုဒ္ဓဝစနံ ဥဂ္ဂဏှနဝီရိယံ သဇ္ဈာယန ဝီရိယည္စ သတ္ထု ဥပဋ္ဌာနာဒိဝီရိယည္စ အညေဟိ အသဒိသံ အဟောသိ၊ တသ္မာ ဓိတိမန္တာနံ အဂ္ဂေါ နာမ ဇာတော။ ။အင်္ဂုတ္တရအဋ္ဌကထာ။

ဝါ၊အဒိ၊ပ၊မန္တေ့ သု၊လွန်သောအတိုင်းအရှည်ရှိသော သင်ခြင်း,ဆောင် ခြင်း၌ သတိ, သဒ္ဒါအနက်ကိုခွဲခြမ်းဝေဘန်၍ယူခြင်း၌ ဉာဏ်, သင်ခြင်း, ဆောင်ခြင်း-စသည်၌ လုံ့လရှိကုန်သော၊ ။ဝိမတိ၊ ။လဇ္ဇီသု၊မကောင်း မှုမှရှက်တတ်ကုန်သော၊ ကုက္ကုစ္စကေသု၊ အကျမြူးမှုလောက် ကုန်သော အပြစ်တို့၌ အပြစ်အားဖြင့် ရှုလေ့ရှိသည်၏ အဖြစ်ကြောင့် အပ်,မအပ်ကို မှီ၍ အလို့လို့ကို ပြုတတ်ကုန်သော။ သာရတ္ထ၊ ၊ဝါ၊ အပ်မည်, မအပ် မည်ဟု ပုံစမ်းသောအားဖြင့် အလို့လို့ကိုပြုတတ်ကုန်သော၊ ဝိမတိ။ ၊ သိက္ခာကာမေသု၊သိက္ခာသုံးပါးကို အလိုရှိကုန်သော၊ ဝါ၊သိက္ခာသုံးပါး ကိုနှစ်သက်မြတ်နိုး၍ ကျင့်တတ်ကုန်သော၊ ၊သာရတ္ထ၊

သိက္ခာ...ဝမာနန္တိ တိသော သိက္ခာ ကာမယမာနာနံ ဝိယာယိတွာ သိက္ခန္တာနံန္တိ အတ္ထော။ ။အင်္ဂုတ္တရအဋ္ဌကထာ။

တသ္မာ စသည်ကား လဒ္ဓဂုဏ်၊ ဟိကား ဒဠှိ၊ ဝါ-ဝိတ္ထာရ။ ။မာတာ ပိတုဠ္ဌာနီယော၊ မအပ်သောအရာမှဖြစ်၍ အပ်သောအရာ၌ တည်စေခြင်းကြောင့် မိဘတို့အရာ၌ တည်သည်၊

မိဘတို့သည် သားသမီးတို့ကို မကောင်းသည်မှဖြစ်၍ ကောင်းသည်၌ တည်စေကုန်၏သို့ ဝိနည်းဓိုရ်သည်လည်း မအပ်သည့်အရာမှဖြစ်၍ အပ်သည့်အရာ၌ တည်စေခြင်းကြောင့် ကုလပုတ္တတို့၏ မိဘသဖွယ်ဖြစ်သည်ဟူလို။

ယင်းကိုမြဲစေလိုရကား တဒါယတ္တာ ဟိ-စသည်မိန့်၊ ။ဝိမတိ၊

နေသံကုလပုတ္တာနံ-စွဲ၊ ပဗ္ဗဇ္ဇာ၊ပ၊ကုသလတာ၊ ရှင်သာမဏေအဖြစ်, ရဟန်းပဉ္စင်းအဖြစ်,ဝတ်ကြီးဝတ်ငယ် အာစာရဂေါစရ၌ လိမ္မာသောသူ၏ အဖြစ်သည်၊

စုဒ္ဒသခန္ဓကဝဋ်ကား ဝတ္တ,ကြွင်းသောဝတ်ကား ပဋိပတ္တိ,ဝေဠုဒါန စသော မိစ္ဆာဇီဝကိုရှင်း, ကာယပါဂဗ္ဘိယ-စသည်ကိုရှင်း, မပြုခြင်းဖြင့် အချင်းခပ်သိမ်း အနာစာရကို ကြဉ်၍ 'သမဏသာရုပ္ပ'ဖြစ်သော ;ကာယိက, ဝါစသိက-အဝီတိက္ကမသည်ငှင်း, သတ္တုဝ ါရဝ-စသောဂုဏ်နှင့် ပြည့်စုံသည်ဖြစ်၍ အဘိသမာစာရိကဝတ်တို့၌ အရိုအသေ ပြုလေ့ရှိသော သူ၏ အဖြစ်သည်ငှင်း အာစာရ, ကလျာဏမိတ္တဟူသော ဥပနိဿယဂေါစရ, စက္ခုန္ဒြေ-စသည်ကို စောင့်စည်းခြင်းဟူသော အာရက္ခဂေါစရ, သတိပဋ္ဌာန်ဟူသော ဥပနိဗန္ဓဂေါစရ သည် ဂေါစရမည်၏။ ။သာရတ္ထ,ဝိသုဒ္ဓိမဂ်။

တဒါယတ္တာ၊ ထိုဝိနည်းဓိုရ်ပုဂ္ဂိုလ်နှင့်စပ်၏၊ အဿ ဝိနယဓရဿ-စွဲ၊ ဝိနယ ပရိယတ္တိံ၊ ဝိနည်းသင်ခြင်းကို၊ ငိကာ၊ ။ဝါ၊ ဝိနည်းပိဋကတ်ကို။ ဝဇိရ,ဝိမတိ၊

အလဇ္ဇိတာ, အညာဏတာ ကုက္ကုစ္စပကတာ, အကပ္ပိယေ ကပ္ပိယသညိတာ, ကပ္ပိယေ အကပ္ပိယ သညိတာ, သတိသမ္မောသ ဟူသော 'အာပတ်' သင့်ခြင်း၏ အကြောင်းခြောက်ပါးတို့ဖြင့် ဝိနည်းဓိုရ်ပုဂ္ဂိုလ်သည် အာပတ်သို့ မရောက်ရကား မပြတ်,မကျိုး,မပြောက်,မကျားသဲ စင်ကြယ်သော သီလရှိသော ကြောင့်'အတ္တနော၊ပ၊သုရက္ခိတော'ဟူသည်၊

ကုက္ကုစ္စပကတာနံ၊ ကုက္ကုစ္စသည် နှိပ်စက်အပ်ကုန်သော၊ပ၊ ပဋိသရဏံ၊ ကိုးကွယ်ရာသည်၊

ဝိနည်းမုဂ်ရှိသည့် ထိုထိုအရပ်မှ လာကုန်သော 'ကုက္ကုစ္စပကတ'ရဟန်းတို့ကို ကုက္ကုစ္စကိုပယ်ဖျောက်၍ 'ဒေသနာဂါမိ'ကို ဒေသနာကြားစေ၍ 'ဝုဋ္ဌာနဂါမိ'မှ ထစေ၍ သီလစင်ကြယ်သောအဖြစ်၌ တည်စေနိုင်ရကား 'ကုက္ကုစ္စ ပ။ ဟောတိ'ဟူသည်။

ဝိသာရဒေါ၊ ကင်းသောကြောက်ရွံ့ခြင်းရှိသည့်ဖြစ်၍၊

ဝိဂတော သာရဒေါ ဘယံ ဧတဿာတိ ဝိသာရဒေါ—ပြု။ ။ယင်းသို့ဆိုသော် အပြစ်ရှိ၏။ ။ယင်းသို့ကား အပြစ်မရှိဟုသိ၍ ပြောဆိုခြင်းကြောင့် ကြောက်ရွံ့ခြင်းကင်းရကား 'ဝိသာရဒေါ သံဃမဇ္ဈေ ဝေါဟရတိ'ဟူသည်။

ပစ္စတ္ထိကေ၊ မိမိ၏ရန်, သာသနာတော်၏ရန် ဆန့်ကျင်ဘက်ဖြစ်သော သူတို့ကို၊

'အမူလက'ဖြစ်သော အန္တိမဝတ္ထုဖြင့် စောဒနာတတ်သော 'မေတ္တိယဘုမ္မဇကရဟန်း, ဝဍ္ဎလိစ္ဆဝီ'တို့ကဲ့သို့ သူသည်ရန်၊ အလုံးစုံသော ဒုဿီလပါပပုဂ္ဂိုလ်သည်ရန် 'အတ္တပစ္စတ္ထိက' ဖေါက်ပြန်သော အယူရှိသော အရိဋ္ဌရဟန်း, ကဏ္ဍကသာမဏေ, ဘုရားရှင်သာသနာမဟုတ်သည်ကို ဘုရားရှင်သာသနာဟု ပြောဆို ချီးပင့်တတ်သော 'ဝဇ္ဇီတိုင်းသားရဟန်း မဟာသင်္ဂီတိဂိုဏ်း' စသည်တို့ကဲ့သို့ သူသည်ရန် 'သာသနပစ္စတ္ထိက'မည်၏။

ပဋိပက္ခံ အတ္ထံ ဣစ္ဆန္တီတိ ပစ္စတ္ထိကာ။ အဋ္ဌကထာ။ ။အတ္ထ ပစ္စ ယာစနာယံ၊ အတ္ထေတိ အတ္ထယတိ အနတ္ထာ·ပ၊ ပဋိပက္ခမတ္ထယန္တိ ဣစ္ဆန္တီတိ ပစ္စတ္ထိကာ။ သဒ္ဒနီတိ။

သဟဓမ္မေန၊ အကြောင်းနှင့် တကွသော စကားဖြင့်၊ (သိက္ခာပုဒ်ကို ပြသည်ဟူလို)၊ ။သုနိဂ္ဂဟိတံ၊ ကောင်းစွာနှိပ်ခြင်းကို၊ ကတွာ၊ ၍၊ ထည့်၊ နိဂ္ဂဏှာတိ၊ ၏။

မသူတော်တရားကို တည်စေခြင်းငှါ မစွမ်းနိုင်အောင်ပြု၍ နှိပ်သည်ဟူလို။ ဋီကာ။

သဒ္ဓမ္မဋ္ဌိတိယာ၊ သာသနာတော်သုံးပါးဟုဆိုအပ်သော သူတော်တရား တည်ခြင်းငှါ။

ပရိယတ်, ပဋိပတ်, ပဋိဝေဓ အားဖြင့် သဒ္ဓမ္မသုံးပါးတွင် ဝိနယကတ်သုံးပုံ ဟူသော ဘုရားရှင်စကားတော်သည် ''ပရိယတ္တိသဒ္ဓမ္မ၊ ဓုတင်တေရသ၊ စုဒ္ဒသခန္ဓကဝတ်၊ ဒွေအသီတိ မဟာဝတ်သည် ပဋိပတ္တိသဒ္ဓမ္မ၊ မဂ်ဖိုလ်သည် ပဋိဝေဓသဒ္ဓမ္မမည်၏၊'' ယင်းတွင် အချို့မထေရ်တို့ကား ''ယော ဝေါ အာနန္ဒ မယာ ဓမ္မော စ ဝိနယော စ ဒေသိတော ပညတ္တော၊ သော ဝေါ မမစ္စယေန

သဏ္ဌာ''ဟူသောသုတ်ဖြင့် သာသနာတော်၏ ပရိယတ်သာမူလဟူကုန်၏။ ။ အချို့မထေရ်ဘို့ကား 'ဣမေစ သုဘဒ္ဒ ဘိက္ခူ သမ္မာ ဝိဟရေယျုံ၊ အသုညော လောကော အရဟန္တေဟိ အဿ' ဟူသော သုတ်ဖြင့် ပဋိပတ်သာ မူလဟု ဆို၍ သမ္မာပဋိပန္န ရဟန်းငါးပါးတို့ ရှိသရွေ့ကာလပတ်လုံး သာသနာတော် တည် သည်ဟူကုန်၏။ပရိယတ္တိဝါဒီမထေရ်တို့ကား ပရိယတ်ကွယ်သည်ရှိသော် သုပ္ပ ဋိပန္န ပုဂ္ဂိုလ်အားသော်လည်း 'ဓမ္မာဘိသမယ' မရှိဟုဆို၍ ရဟန်းငါးပါးတို့ သည် ပါရာဇိကလေးပါးကို အကယ်၍ စောင့်ကုန်အံ့၊ ထိုရဟန်းတို့သည် သဒ္ဓါ တရားရှိသောအမျိုးသားကို 'ရှင်ပြု'စေ၍ ပစ္စန္တရစ်၌ 'ပဉ္စင်း'ခံ၍ ဒသဝဂ်ပြည့် သော် မဇ္ဈိမဒေသ၌လည်း ပဉ္စင်းခံစေကုန်လတ့်။ ။ယင်းသို့သော နည်းဖြင့် ဝိသတိဝဂ်ပြည့်သော် မိမိလည်း 'အဗ္ဘာနကံ'ပြု၍ 'သာသနာတော်' စည်ပင် ပြန့်ပွါးခြင်းသို့ ရောက်စေကုန်လတ့်။ ။ဤသို့ ဝိနည်းဓ္ဓ ရပုဂ္ဂိုလ်သည် သုံးပါး သောသဒ္ဓမ္မ၏ ဝိရဋ္ဌိတိအကျိုးငှါ 'ကျင့်သည်'ဟူကုန်၏။ ။သာရတ္ထ။

ပရိယတ်သာသနာတော်မူလ၊ပဋိဝေဓနှင့်ပဋိပတ်ကား ဖြစ်သည်လည်းရှိ၏၊ မဖြစ်သည်လည်းရှိ၏၊ရံခါပဋိဝေဓကို ဆောင်ကုန်သောရဟန်းတို့သည် အများ ပင်ရှိကုန်၏။ ။ဤရဟန်းကား ပုထုဇဉ်ဟု 'လက်ညှိုး'ထိုး၍ပြရန်မရှိ။ ပဋိပတ္တိ ပူရကရဟန်းတို့လည်း ရံခါအများပင်၊ ရံခါအနည်းငယ်မျှရှိကုန်၏။ ထိုကြောင့် သာသနာတော်၏ စိရဋ္ဌိတိအကျိုးငှါ ပရိယတ်သာ ပမာဏ။ ပညာရှိ ရဟန်း သည် 'ပိဋကတ်သုံးပုံ'ကိုသင်ကြား၍ နှစ်ပါးသောပဋိပတ်,ပဋိဝေဓတို့ကိုလည်း ပြည့်စေသည်။ နွားလား'အရာ,အထောင်'ရှိငြားသော်လည်း ပဝေဏိပါလက ဖြစ်သော 'နွားမတခုမျှ'မရှိခဲ့သော် ယင်းအနွယ်အဆက်သည် မစပ်၏သို့ 'ဓုတင် ဓရ ရဟန်း' အရာ, အထောင်ပင် ရှိငြားသော်လည်း 'ပရိယတ်' ကွယ်ခဲ့သော် ပဋိဝေဓမည်သည်မရှိ။ ရွှေအိုး,ငွေအိုးတို့ကို သိစိမ့်သောငှါ ကျောက်ဖျာထက်၌ 'အက္ခရာ'ကို ရေးထွားသည် ရှိသော် အက္ခရာမပျောက်သရွေ့ ယင်းတို့ ပျောက် သည်မမည်၏သို့ ပရိယတ်တည်သော် ''သာသနာတော် ကွယ်သည်''မည်။ တဘက်ဆည်ကန်ကြီး၏ ကန်ရိုး, ကန်ပေါင် ခိုင်လုံသော် 'ရေမတည်'ဟု မဆို သင့်။ရေရှိသော် ပဒုမာ-စသော'ကြာ'မပွင့်ဟုမဆိုသင့်သကဲ့သို့ ပိဋကတ်သုံးပုံ ဟူသော ဘုရားစကားတော်ရှိသော် 'ပဋိပတ္တိပူရကပုဂ္ဂိုလ်'မရှိဟု မဆိုသင့်။ ယင်းပုဂ္ဂိုလ်တို့ရှိသော် ပဋိဝေဓမရှိဟု မဆိုသင့်။ ။ထိုကြောင့် ကေန်အားဖြင့် ပရိယတ်သာ ပမာဏတည်း။ ။သမ္မော,သဒ္ဒနီတိ။

န ဟိ ပရိယတ္တိယာ အသတိ ပဋိဝေဓော အတ္ထိ၊နာပိ ပရိယတ္တိယာ သတိ ပဋိဝေဓော နဟောတိ။ ။ရူဋ္ဌဝဂ်အဋ္ဌကထာ။

တေနာဟ-စသည်ကား သာခက၊ ပဥ္စကေ အင်္ဂုတ္တရနိကာယေ-ဟု အာခါချထည့်၊

ဆိုအပ်ပြီးသည်မှတပါးသော အာနိသင်ကိုပြလိုပြန်ရကား ယောစာပိ- စသည်ဒိန်။ ။စ,ကား-ဝါကျာရမ္ဘ၊ အပိကား သမ္ပိဏ္ဍနံ၊ တောသံ့နှင့်စပ်။ တောသံပိ မေ့ာနံ၊ တို့၏လည်း-ပေး။ (ဆိုခဲ့ပြီးသော အာနိသင် ငါးပါးကို ပေါင်း)။ ။ဒါယာဒေါ၊အမွေခံသည်၊

'ဒါယ'ကား ပိတုသန္တက-စသည်၌ မှချ။ ဤ၌ ဥပစာ။ ။ဒါတဗ္ဗောတိ ဒါယော၊ဒါယံ အာဒိယတီတိ ဒါယာဒေါ-ပြု။

ဝိနယော၊ဝိနည်းသင်ခြင်းသည်၊

'ဝိနယ'ကား အာပုပိက-စသည့်ကဲ့သို့ ဝိနယပရိယာပုဏနဟော။ ။ဝါ၊ နောက်ပုဒ်ကျေ။ ။ဋီကာ။

ဝါ၊ဝိနည်းပညတ်သည်၊

ဝိနေတီတိ ဝိနယော,စသည်ဖြင့် အောက်ကနည်းပြု။ ၎င်း။ပရိဝါအဋ္ဌကထာ။

သံဝရတ္ထာယ၊ ကာယ, ဝစီဒွါရကို စောင့်စည်းခြင်း အကျိုးငှါ၊ ဟောတိ၊၏။

'ဝိနည်း'တတ်လျှင် ယင်းဒွါရကို စောင့်စည်းရကား 'ဝီတိက္ကမ' မရှိသော ကြောင့် ဝိနည်းသည် အာဇီဝဝိသုဒ္ဓိအဆုံးရှိသော'စတုပါရိသုဒ္ဓိသီလ'၏ အား ကြီးသောအကြောင်းဖြစ်သည် ဟူလို။ နောက်၌လည်းဤနည်း။ ။သာရတ္ထ, ပရိဝါအဋ္ဌကထာ။

သံဝရော၊သီလသံဝရသည်၊အဝိပ္ပဋိသာရတ္ထာယ၊ကောင်းမှု,မကောင်း မှုတို့ကို ပြုအပ်ပြီ, မပြုမိဟု အဖန်ထလဲလဲစိုးရိမ်ခြင်း၏အစွမ်းဖြင့် စိတ်၏ ဖေါက်ပြန်သောအားဖြင့် အဖန်ဘလဲလဲ ဖြစ်ကြောင်း ဖြစ်သော သောက၏ မရှိခြင်းဟူသောအကျိုးငှါ၊ ပါမောဇ္ဇံ၊ အားနည်းသောပီတိသည်၊ ပီတိ၊ အားကြီးသောပီတိသည်၊ ပဿဒ္ဓိ၊ကိုယ်စိတ်၏ပူပန်ခြင်းမှငြိမ်းခြင်းသည်၊ သုခံ၊ ကိုယ်စိတ်၌ဖြစ်သော ချမ်းသာသည်၊ သမာဓိ၊ စိတ်၏ တည်ကြည် ခြင်းသည်၊ ယထာဘူတ ဉာဏဒဿနံ၊ မဖေါက်မပြန်ဟုတ်မှန်သော အ တိုင်း သိမြင်တတ်သောဉာဏ်သည်၊

အကြောင်းနှင့်တကွသော နာမ်ရုပ်တို့ကို သိမ်းဆည်းခြင်း 'ကင်္ခါဝိတရဏ ဝိသုဒ္ဓိ'သည် အားကြီးသောအကြောင်းဟူလို။

သပစ္စယနာမရူပပရိဂ္ဂဟော—ဖွင့်။ဋီကာ။ ။ဧတသမေဝေ နာမရူပါနံ ပစ္စယ ပရိဂ္ဂဟော ကင်္ခါဝိတရဏဝိသုဒ္ဓိနာမ။သဂြိုဟ်။ ။ဇေ၀ံ နာနာနယေန ဟိ နာမ ရူပဿ ပစ္စယ ပရိဂ္ဂဟဏေန ဝဒ္ဓိသု အဒ္ဓါသု ကင်္ခံ ဝိတရိတွာ ဌိတံ ဉာဏံ

ကမ္မါဝိတရဏီဝိသုဒ္ဓိတိ ဝေဒိတဗ္ဗံ။မေ့ဗ္ဗိတိဥ ဏန္တိပိ ယ ထာဘူတ ဥ ဏန္တိပိ သမ္မဒဿနန္တိပိ ဧတဿေဝ ဝေဝစနံ။ ။ဝိသုဒ္ဓိမဂ်။

ဝါ၊ မဖေါက်မပြန် ဟုတ်မှန်သောအတိုင်း သိမြင်တတ်သော တရဏာ ဝိပဿနာဥာဏ်သည်၊

ဥဒယဗ္ဗယဥာဏ်ကိုယူ။ သမာဓိသည် တရဏာဝိပဿနာ၏ အားကြီးသော အကြောင်းဟူလို၊ ။သာရတ္ထ,ပရိဝါအဋ္ဌကထာ။

နိဗ္ဗိဒါ၊ နှစ်သက်ခြင်း, ငြီးငွေ့ခြင်းဟူသော အထွတ်အထိပ်သို့ရောက် သော ဝုဋ္ဌာနဂါမိနီ ဗလဝဝိပဿနာသည်၊ ဝိရာဂေါ၊ အရိယမဂ်သည်၊ ဝိမုတ္တိ၊ အရဟတ္တဖိုလ်သည်၊

မဂ်လေးပါးလုံးပင် အရဟတ္တဖိုလ်၏ အားကြီးသောအကြောင်း။ ၊ဋီကာ, ဂင်း။

ဝိမုတ္တိဉာဏဒဿနံ၊ မဂ်ဖိုလ်နိဗ္ဗာန်ကိုသိမြင်တတ်သော ပစ္စဝေက္ခဏာ ဉာဏ်သည်၊ အနုပါဒါ ပရိနိဗ္ဗာနတ္ထာယ၊ တဏှာ, ဒိဋ္ဌိ-အားဖြင့် တစုံတခု သော အာရုံကို မယူမူ၍ အပစ္စယ ပရိနိဗ္ဗာန်ပြုခြင်း အကျိုးငှါ၊

ပစ္စဝေက္ခဏာဥာဏ်မဖြစ်သော် 'အန္တရာပရိနိဗ္ဗာန်'မရှိ။ယင်းဖြစ်သော် မချွတ် ပရိနိဗ္ဗာန် ပြုအပ်သောကြောင့် ပစ္စဝေက္ခဏာဉာဏ်သည် အပစ္စယပရိနိဗ္ဗာန်၏ အနန္တရ,ဇသောအကြောင်း ပစ္စည်းဟူလို။ ။ဂင်း။

ကထာ၊ ဝိနည်းကိုပြောဆိုခြင်းသည်၊ ဧတဒတ္ထာ၊ ထိုအနုပါဒါပရိနိဗ္ဗာန် အကျိုးရှိ၏။

ဝိနည်းကို ပြောဆိုကြောင်းဖြစ်သော ကုသိုလ်စေတနာသည် အနုပါဒါ ပရိ နိဗ္ဗာန်တိုင် အကျိုးရှိသည်။ဋီကာ၊ ၊ယင်းအကျိုးငှါ ဖြစ်သည့်သာ၊တပါးသော လူ့,နတ်တို့ စည်းစိမ်ချမ်းသာဥ္စကား အကျိုးနှို၏ဆိုဘွယ်မရှိပြီ။ နောက်၌လည်း ဤနည်း။

ဧဝံ သမ္ဗန္ဓ။သာရတ္ထ။ ။ဧတဒတ္ထာတိ အယံ ဝိနယကထာ နာမ ဧတ ဒတ္ထာ။ ဓရိဝါအဋ္ဌကထာ။ ။ဧတံ အနုပါဒါပရိနိဗ္ဗာနံ အတ္ထော ပယောဇနံ ဧတဿာတိ ဧတဒတ္ထာ--ပြု။ ။ယောဇနာ။

မန္တနာ၊ ဝိနည်းကိုတိုင်ပင်ဆွေးနွေးခြင်းသည်၊

သို့ပြုကုန်အံ့၊သို့မပြုကုန်အံ့ဟု ဝိနည်းနှင့်စပ်သော နှီးနှောပြောဆိုခြင်းဟူလို။

ဥပနိသာ၊ ဝိနယော သံဝရတ္ထာယ-စသော အကြောင်း အဆက်ဆက် သည်၊

'ဥပနိသာ'သဒ္ဒါ အကြောင်းဟော။ ။ဥပနိသီဒတိ ဧတ္ထ ဖလံ တပ္ပဋိဗဒ္ဓဝုတ္တိတာယာတိ ဥပနိသာ—မြ။ဥပ—နိပုဗ္ဗ-သဒဓာတ်၊ကွိပစ္စည်း။ ၊ဋီကာ။

သောတာဝဓာနံ၊ အဆက်ဆက်သောအကြောင်းစကားကိုနားထောင်ခြင်းသည်၊ ဧတဒတ္ထံ၊ထိုအနုပါဒါပရိနိဗ္ဗာန်အကျိုးရှိ၏၊

'ဝိနယော သံဝရတ္ထာယ'စသောအကြောင်းအဆက်ဆက်စကားကို ကြားနာရ၍ ဖြစ်သော သုတမယဉာဏ်သည်လည်း ယင်းအကျိုးငှါ ဖြစ်သည်သာဟူလို။ ။ငင်း။ပရိဝါအဋ္ဌကထာ။

ဝါ၊ ဧတဒတ္ထာ ကထာ၊ပ။ဥပနိသာ-ဟူသော စကားအစဉ်ဖြင့် အတ္တဟိတ၏ပြီးခြင်းကိုပြပြီး၍ ပရဟိတ၏ပြီးခြင်းကိုပြခြင်းငှါ ဧတဒတ္ထံ သောတာဝဓာနံ-မိန့်သည်၊ ၊ဝဇိရ၊

သောတာဝဓာနံ၊မိမိ၏ဝိနည်းကိုပြောဆိုတိုင်ပင်ဆွေးနွေးခြင်းကို သင်ယူခြင်းငှါ သူတပါးတို့၏ နားထောင်ခြင်းသည်၊ သဋ္ဌနံ၊ ၊ငင်း။

မိမိ၏ဝိနည်းကို ပြောဆိုခြင်း, တိုင်ပင်ဆွေးနွေးခြင်းကို သင်ယူခြင်းငှါ သူတပါးတို့ နားထောင်ကြားနာ၍ ဖြစ်သောဉာဏ်သည် သူတပါးတို့အား အနုပါဒါ ပရိနိဗ္ဗာန်အကျိုးငှါ ဖြစ်သည်ဟူလို၊ ယင်းသို့သော် ယင်းနောက်ဥပနိသာကို အဘယ်ကြောင့် မပြသနည်း၊ သူတပါးတို့အား ယထာဝုတ္တကာရဏာ ပရံပရကောင်းလျက် သောတာဝဓာနမှုဖြင့် ယင်းအကျိုးပြီးသလော-ဟူငြားအံ့၊ မပြီး၊ ယင်းသောတာဝဓာနကြောင့် သင်ယူအပ်ပြီးသော ဝိနယကထာ, ဝိနယမန္တနာ-ရှိကုန်သော သူတပါးတို့၏ယထာဝုတ္တကာရဏာ ပရံပရ-ဟူသော ဥပနိသာကား ပြီးသည်သာ။ ထိုကြောင့် ယင်းကိုတဖန်ပြတော်မမူသည်ဟူ၍ပေ၊ ယင်းသို့ မဟုတ်သော် ဧတဒတ္ထာ ဥပနိသာဖြင့်သျှင် အနုပါဒါ ပရိနိဗ္ဗာန်ကို သတ်ပိုင်းမှတ်အပ်သောကြောင့် အနုပါဒါပရိနိဗ္ဗာန်မှ အထက်၌ သောတာဝဓာနသည် မဖြစ်သင့်သောကြောင့် ဧတဒတ္ထံ သောတာဝဓာနံသည် အဆုံး၌ မဖြစ်သင့်၊ ထို့ကြောင့် နိဂုဏ္ဏက ဖြစ်ရာ၏၊ ပရဟိတပြီးခြင်း၏ မူလကာရဏာကို ပြခြင်း အကျိုးရှိသောငှာ မဖြစ်သင့်ဟူလို၊ ၊ဝဇိရ၊

အနုပါဒါ၊ဥပါဒါန်သားပါးတို့ဖြင့် မယူမူ၍၊ စိတ္တဿ၊စိတ်၏၊ ယဒိဒံ-ယော အယံ ဝိမောက္ခော၊အကြင်ကိလေသာတို့မှ လွတ်ရာ လွတ်ကြောင်းဖြစ်သော အရဟတ္တဖိုလ်သည်၊ သာရတ္ထ,ပရိဝါအဋ္ဌကထာ၊ ၊ဝါ၊အကြင်ကိလေသာတို့မှ လွတ်ရာလွတ်ကြောင်းဖြစ်သော အရဟတ္တမဂ်ဖိုလ်သည်၊

ဝိမတိ။ ။သောပိဝိမောက္ခော၊သည်လည်း၊ (နှစ်နည်းပေး)။ ။တဒညာယ၊ ထိုအနုပါဒါပရိနိဗ္ဗာန်အကျိုး၌။ ဟောတိ၊၏။ ။ဝါ-အနုပါဒါ၊ တဏှာ၊ ဒိဋ္ဌိအားဖြင့် တစုံတရသောအာရုံကို မယူမူ၍။ ဝိတ္တသာ၊၏။ ယဒိဒံ-ယော အယံဝိမောက္ခော၊ အကြင်မဂ်ဖြင့် ကိလေသာတို့မှ လွတ်ခြင်းသည်၊ ဝါ၊ လွတ်ခြင်းဟူသော နိဗ္ဗာန်သည်။ အတ္ထိ၊၏။ ကထာ၊သည်၊ တေဒတ္ထာ၊ထို အနုပါဒါ ဝိတ္တသာ ဝိမောက္ခအကျိုးရှိ၏။

မဂ်ဖိုလ်ဟူသောဝိမောက္ခကို ရှေး၌ဆိုအပ်ပြီးသောကြောင့် 'ယဒိဒံ'ဟူသော အနိယတ်ကို 'တေဒတ္ထာကထာ'ဟူသော သမာသ်ပုဒ်၌ တေ-ဟူသောနိယတ် နှင့်စပ်၍လည်း ယောဇနာသင့်၏။နောက်၌လည်း ဤနည်းသမွန်။

အထဝါ ယော အယံ ကိဉ္စိ ဓမ္မံ အနုပါဒါ စိတ္တဿ ဝိမောက္ခော ဝိမုစ္စနံ ဝိဂမော ပရိနိဗ္ဗာနံ တေဒတ္ထာ ကထာတိ ဧဝံ ဥပသံဟရဏဝသေန ယောဇေ တုံပိ ဝဋ္ဋတိ၊မဂ္ဂဖလဝိမောက္ခဿ ပုဗ္ဗေ ဝုတ္တတ္တာ။ ။ဝိမတိ။

'ယဒိဒံ'ကား အလုံးစုံသော လိင်, ဝိဘတ်, ဝုစ်,တို့နှင့် မဆန့်ကျင်သော နိပါတ်။ထိုထိုအရာ၌ အနက်အားဖြင့် ပြင်သင့်၏။သာရတ္ထ။ ။တဿာ-စသည် ကား လဒ္ဓဂုဏ်။

ဝိနယသပရိသတ္တိသာ၊ဝိနည်းပိဋကတ်၌၊ ဝါ၊၌၊ ဝါ၊၌။ အာယောဂေါ၊ သင်ခြင်း-စသည်အစွမ်းဖြင့် အထပ်ထပ် အားထုတ်ခြင်းကို၊ ဝါ၊ လွန်စွာ အားထုတ်ခြင်းကို၊ ။ဋီကာ။

'ဧတ္တာဝတာ'စသည်ဖြင့် အောက်၌ထားအပ်ခဲ့ပြီးသော မာတိကာဂါထာ တွင် ပဌမဂါထာ၏နိဂုံးကိုပြသည်။ ။ဝိနယဿ-စသည်ဖြင့် ဗာဟိရနိဒါန်း၏ နိဂုံးကိုပြသည်။

ယဿာဒိပ္ပါယံ၊အသိုရှိသောအတိုင်း။

ယင်း ဗာဟိရနိဒါန်းကို အဋ္ဌကထာ၌ ပြခဲ့တိုင်း သာမဟုတ်၊ ဖြစ်သင့်သိုင်း ထည့်သွင်း၍ပြသင့်၏။

ဧဝံ ယထာ ယထာ ယံယံ၊သမ္ဘဝေယျ ပရံ ဣဓ။
တံတံ တထာ တသာ သဗ္ဗံ၊သံယောဇေယျ ဝိစက္ခဏော။ ။ဝဇိရ။

ဣတိ ဗာဟိရနိဒါနသာ ဝဏ္ဏနာနံ သမတ္တံ။

---

သံဝဏ္ဏေတဗ္ဗအဋ္ဌအားလျော်စွာ ပြဆိုအပ်ပြီးသော မာတိကာတို့တွင် ဝုတ္တံ ယေန ယဒါ ယသ္မာ-စသောဂါထာဖြင့် ပြအပ်သော မာတိကာ၏ အကျယ်ကိုပြပြီး၍ တေနာတိအာဒိ ပါဠိဿ-စသော ဂါထာဖြင့် ပြအပ်

သော မာတိကာ၏ အကျယ်ကိုပြလိုရကား ပဋ္ဌမဥ္ဇကိုပြ၍ ဖွင့်လိုသောကြောင့် ဓုရဒါနိ-စသည်ဒိန်၊

ဗာဟိရနိဒါန်းကို ဖွင့်ပြီး၍ အဗ္ဘန္တရနိဒါန်းကိုဖွင့်လိုရကား မိန့်သည်လည်း ဟူကြ၏၊ ဆင်ခြင်၊

ဓုရဒါနိ-ကရိယာဒိ၊ သမ္ဗန်၊ ဝေရဥ္ဇကဏ္ဍကို အဘယ်အကျိုးငှါ ဆိုသနည်း၊ တေန သမယေန ဗုဒ္ဓေါ ဘဂဝါ ဝေသာလိယံ ဝိဟရတိ-အစရှိသောဝိနည်းနိဒါန်းကိုသာ အားထုတ်သင့်သည် မဟုတ်လော ဟူငြားအံ့၊ အရင်းမှစ၍ ဝိနည်းနိဒါန်းကိုပြခြင်းငှါ ဆိုသည်ဟူပေ၊ ။သို့သော် ပဌမံ အာဂုသော ဥပါလိ ပါရာဇိကံ ကတ္ထ ပညတ္တန္တိ ဝေသာလိယံ ဘန္တေ-ဟူသောစကားနှင့်မဆန့်ကျင်လောဟူငြားအံ့၊ကတ္ထ ပညတ္တံ-ဟု နိဒါန်းကိုမေးသောကြောင့် မဆန့်ကျင်ဟူပေ၊ ။သို့သော်လည်း ပဌမသာ ပါရာဇိကသာ ကိံ နိဒါန်-ဟုမေးသော် သာဓာရဏမဟာနိဒါန်းကို ဖြေခြင်းသည် မသင့်ဟူငြားအံ့၊ အလုံးစုံသော သိက္ခာပုဒ်တို့၏ နိဒါန်းကို အသီးဆိုသောကြောင့်၎င်း, ယင်းကိုလည်း ဖြေသင့်သောကြောင့်၎င်း, သင့်၏ဟူပေ၊ ။ ထိုကြောင့် သဗ္ဗသာဓာရဏမဟာနိဒါန်းကိုရှေးဦးစွာဆိုသည်၊ ပါရာဇိကစသောသိက္ခာပုဒ်တို့ကို ပုစ္ဆာဝိဿဇ္ဇနာအစဉ်ဖြင့် ကောန်သင်္ဂါယနာတင်အင်ကုန်သည်၊ မေးအပ်သော်လည်း ဝိနိတဝတ္ထု-စသည်သင့်သောဌာန တို့ကို အတွင်းပြု၍ ဝိဿဇ္ဇနာအစဉ်ဖြင့်လျှင် အပေါင်းသရုပ်ဆောင်ခြင်းကို ပြုကုန်သည်၊သို့မဟုတ်သော် ဝေရဥ္ဇကဏ္ဍသည် ပဌမပါရာဇိကနိဒါန်းသာ၎င်း, အရာမရောက်သည်၎င်း, အကျိုးမရှိသည်၎င်း, အသီးသိက္ခာပုဒ်ကို မေးသည်၏အခြားမဲ့၌ ယင်းကိုသာဖြေသင့်သည်၎င်း ဖြစ်ရာ၏၊ ထိုကြောင့် အရင်းမှစ၍ ဝိနည်းနိဒါန်းကိုပြခြင်းငှါဝေရဥ္ဇကဏ္ဍကိုဆိုသည်၊ ဝဇိရ၊ ။ ယင်းအကျိုးကို ဝဇိရဗုဒ္ဓိမှာရှု၊

ယင်း အဗ္ဘန္တရနိဒါန်းကို ကထေတု ကမျတာပုစ္ဆာဖြင့် မေး၍ပြလိုရကား သေယျထိဒံ-စသည်မိန့်၊

ဓုဒံအဗ္ဘန္တရနိဒါန်၊ခြင်းသည်၊ သေယျထာ ကတမံ၊အဘယ်နည်း ဟူမူကား၊ တေနာတိ အနိယမနိဒ္ဒေသ ဝစနံ တဿဒိ၊တည်း၊

'သေယျထိဒံ'ကား သရူပပုစ္ဆာ၊ယင်းဖြင့် အဗ္ဘန္တရနိဒါနသရုပ်ကိုမေးသည်။ ယေဟိ ပန ပဏ္ဏတ္တိဝီတိက္ကမနိ တေနိ ပဏ္ဏတ္တိကာလာနိတိ ဝုစ္စန္တိ၊တေသံ ပကာသနတ္ထံ သေယျထိဒံ သဗ္ဗိနဝဋီကာ အာဒိမာဟ။ ။ကခ်ါ။

ဝါ-ဇုဒ်အဇ္ဈဝဏ္ဏနံ၊ကို၊ သေယျထာဘာဝံ၊ အဘယ်သို့သောအခြင်းအရာဖြင့်၊ ကရိသတိ၊နည်းဟူမူကား၊ တေနာတိ အနိယမနိဒ္ဒေသဝစနံ တျာဒိနာ ဖြင့်၊ အဇ္ဈဝဏ္ဏနံ ကရိဿာမိ၊ သမ္ဗန်၊

'သေယျထိဒံ'ကား အာကာရပုစ္ဆာ။ ယင်းဖြင့် 'အဇ္ဈဝဏ္ဏနကြိယာ' ကို မေးသည်။ ။သေယျထိဒန္တိ တံ ကတမံ၊တံ ကထန္တိ ဝါ အတ္ထော။ ။ဋီကာ။

တေနာတိ၌ဇုဒ် ပဒ်၊ သည်၊ အနိယမနိဒ္ဒေသဝစနံ၊ ရှေးဦးစွာမှတ်ခြင်း မရှိသော အနက်ကို ညွှန်းပြကြောင်း,ဟောကြောင်းဖြစ်သော ပုဒ်တည်း၊

နတ္ထိ ဧတဿ နိယမောတိ အနိယမော၊နိဒ္ဒိသိယတိ အနေန အတ္ထောတိ နိဒ္ဒေသော၊ဝုစ္စတိ အနေနာတိ ဝစနံ၊နိဒ္ဒေသော ဧဝ ဝစနံ နိဒ္ဒေသဝစနံ၊ အနိယမဿ နိဒ္ဒေသဝစနံ အနိယမနိဒ္ဒေသဝစနံ—ပြု။

ယင်းမှ ရှေး၌ နံနက်အခါ,ညချမ်းအခါ-စသည်ဖြင့် မမှတ်အပ်သော သမယကို ညွှန်ပြကြောင်း,ဟောကြောင်းဖြစ်သော ပုဒ်ဟူလို။

ပဌမံ အနိယမိတဿ သမယဿ နိဒ္ဒေသဝစနန္တိ အတ္ထော။ ။သာရတ္ထ။

ပုဗ္ဗဏှာဒိသု အယံ နာမာတိ အနိယမိတွာ ကာလပရိဒီပနဿ သမယသဒ္ဒဿ ဥပပဒဘာဝေနပိ ဧဝံ ဝတ္တုမရဟတီတိ ဝဇီရ။ ။ဝိသေသ-မမြဲသောကြောင့် ယင်းလည်း မမြဲသည် စကားကျ၏။

ဝါ-အနိ၊ပ၊ဝစနံ၊ဒိဒိအနက်ကိုသရုပ်အားဖြင့်မှတ်၍ ညွှန်းပြအပ်သည် မဟုတ်သောအနက်ကိုဟောကြောင်းဖြစ်သောပုဒ်တည်း၊ ။ဝိမတိ။

ယင်းကား တိဿ,ဒတ္တ-ဟူ၍ သရုပ်အားဖြင့် မှတ်၍ ညွှန်ပြအပ်သောအနက်ဖြစ်ကို 'မဟောတတ်'ဟူလို။ ။ငင်း။

တေနာတိ ဝုတ္တေန ဃဋ္ဋေန တေန ပဋ္ဌေနာတိ သမ္ဗန္ဓ ပသင်္ဂေ ဂါရကာတ္တံ နိယမံ ကရောတိ သမယေနာတိ၊ဝဇီရ။ ။ဝိသေသ-မြဲသည်ဖြစ်စေ,မမြဲသည်ဖြစ်စေ၊ယင်းကား သမ္ဗန္ဓာမ်ဖြစ်သောကြောင့် 'မမြဲသည်'စကားကျ၏။

ဝါ-အနိ၊ပ၊ဝစနံ၊ ယံသဒ္ဒါဖြင့် မမှတ်မူ၍ ညွှန်းပြအပ်သော သဒ္ဒါတည်း၊

'ယေန'ဟု မဆိုဘဲ 'တေန'မျှသာ ဆိုသောကြောင့်, ယင်းကား 'အနိယမနိဒ္ဒေသ'ဖြစ်သည်ဟူလို။

ယေနာတိ အဝတွာ တေနာတိ ဝုတ္တတ္တာ အနိယမံ ကတွာ နိဒ္ဒိဋ္ဌဝစနံ အနိယမနိဒ္ဒေသဝစနန္တိ ဝဒန္တိ။ ။သာရတ္ထ။

ဝါ-အနိ၊ပ၊၁၈၈၊ ယခုအခါရဟန်းတို့အား မထင်ရှားသည်၏အဖြစ်ကြောင့် အမှတ်မရှိသော သမယကို ညွှန်းပြကြောင်း, ဟောကြောင်းဖြစ်သော ပုဒ်တည်း၊

သုတ်,အဘိဓမ္မာ တို့၌ကဲ့သို့ မဟုတ်၊ ဝိနည်းပိဋကတ်၌‘ပညတ္တိကာလ’သည် သင်္ဂါယနာတင် မထေရ်ငါးရာတို့အား ထင်ရှားသည်ဖြစ်၍ ‘တံသဒ္ဒါ’ဖြင့် ညွှန်းသောကြောင့် နိယမနိဒ္ဒေသဖြစ်သော်လည်း ‘သမ္ပတိကာလ’အစွမ်းဖြင့် ယင်းမထေရ်တို့မှ တပါးသော ရဟန်းတို့အား မထင်ရှားသောကြောင့် ယင်းသို့ ဆိုသည်။

အနိယမနိဒ္ဒေသဝစနန္တိ ဧတ္ထ ကိဉ္စာပိ ယထာဝုတ္တနယေန နိယမနိဒ္ဒေသဝစနမေဝေတံ၊တန္နိဒ္ဒေသတ္တာ၊တထာပိ သမ္ပတိကာလဝသေန တဒိတရေသံ ဘိက္ခူနံ အဝိဒိတတ္တာ အနိယမနိဒ္ဒေသဝစနန္တိ ဝုတ္တံ။ ။-ဇီရ။

ယင်းသို့သော် အ သံ ဟိ သဗ္ဗတ္ထ ဝိနယေ ယုတ္တိ-ဟူသောစကားသည် မသင့်ဟူငြားအံ့၊ တေနဟိ ဘိက္ခဝေ ဘိက္ခူနံ သိက္ခာပဒံ ပညာပေဿာမိ၌ရင်း၊ တေန ခေါပန သမယေန ဗုဒ္ဓေါ ဘဂဝါ ဥရုဝေလာယံ ဝိဟရတိ စသည်၌ရင်း ဆိုအပ်သောပုဗ္ဗေပယိဂ္ဂအနက်ရှိသော တေနပုဒ်၏ အနိယမနိဒ္ဒေသမဟုတ်ရကား၊ ယေဘုယျအားဖြင့် ဆိုသောကြောင့်၊ ဝါ-ယင်းမှရှေး၌ ယင်းအနက်ကို မပြခြင်းကြောင့်ရင်း၊ နောက်၌လည်း တံသဒ္ဒါနှင့် စပ်သောအားဖြင့် ယမ္ဗန္ဓသကိုပြခြင်းကြောင့်ရင်း၊ အနိယမနိဒ္ဒေသဝစနံ ဟုဆိုသည်၊ ထိုကြောင့် သင့်၏ဟူပေ၊ ရင်း၊ ။ယ,တသဒ္ဒါတို့၏ နိစ္စသမ္ဗန္ဓဖြစ်သောကြောင့် တသဒ္ဒါ၏သမ္ဗန္ဓ-ယကိုပြလိုရကား တဿသရူပေန စသည်ကိုမိန့်၊ ။သာရတ္ထ၊

တဿ တေနာတိ ပဒဿ ဗုဒ္ဓ၊ ဋီကာ၊ ယောဇနာ။ ။ယင်းကို ပဋိနိဒ္ဒေသမှာစပ်၊ ယောဇနာ။ ။ပါဠိ၌ တိုက်ရိုက်ဟောတော်မူသလော ရှုဒ်ကြောင့် သရူပေန အဝုတ္တေနာပိကိုမိန့်၊ ။သရူပေန ယေနဟု သရုပ်အားဖြင့် ပါဠိယံ-၌၊ ထည့်၊ သာရတ္ထ၊ ။အပိကား သမ္ပိဏ္ဍနာ၊ ယောဇနာ၊ ။ပါဠိ၌တိုက်ရိုက် မဟောအပ်သော်သည်း သိအပ်သေး၏၊ ဟောတော်မူသော်ကား ဆိုဖွယ်မရှိဟု သမ္ပိဏ္ဍနာမူ၊ တိုက်ရိုက်ဟောတော်မမူဘဲပင် အဘယ်ကြောင့် သိသနည်း ရှုဒ်ကြောင့် ပရဘာဂေ အတ္ထတော သိဒ္ဓေ-ဒိန့်၊ ။အဝုတ္တသိဒ္ဓိနည်းဖြင့်သိသည်ဟူလို၊ ။အဝုတ္တေနာပိ၊ပ၊ သိဒ္ဓေန-ဖြင့်၊ အဝုတ္တသိဒ္ဓိနည်းကိုပြသည်၊

အဇ္ဈတ္တော၊အရှင်သာရိပုတ္တရာအား ဖြစ်သောအကြံအစည်ဟုဆိုအပ်သော အနက်အားဖြင့်။ သာရတ္ထ။ ယောဇနာ။ ။သိဒ္ဓေန၊ ပြီးသော။ ဝါ၊ မြဲသော။ ဝါ၊ထင်ရှားသော။

တဇ္ဈတ္တသိဒ္ဓသဒ္ဒေါ တိဝိဓဇ္ဈော္ဘာနိစ္စနိပ္ဖန္နပသိဒ္ဓဝသေန။ ။ဝိဒဂ်ဋီကာ။ ။
သိဒ္ဓသဒ္ဒေါ တြဲ နိပ္ဖန္နတ္ထော ပသိဒ္ဓေတ္ထော ဝါ။ ။ကလာပ်။

ပရိဝိတက္ကပြီးသော် ယေန သမယေန ပရိဝိတက္ကော ဥဒပါဒိ-ဟူသော ဝါကျသည် အနက်အားဖြင့် ပြီးသည်။ ထိုကြောင့် ပရဘာဂေ ဟိ-စသည် မိန့်လတံ့။ သာရတ္ထ၊

ပဋိနိဒ္ဒေသော၊တသဒ္ဒါ၏အနက်ကို တဖန်ညွှန်းပြခြင်းကို။ ဝါ၊အကျယ်ပြခြင်းကို။

'တေန'ဟု ဆိုပြီးသည်မှ နောက်၌ ယင်းအနက်ကိုပင် 'ယေန'ဟု အနက်အားဖြင့် ဆိုအပ်လတ္တံ့သောကြောင့် ယေနသည် တေန၏'ပဋိနိဒ္ဒေသ'ဖြစ်သည် ဟူလို။ရင်း။ ။ပဋိနိဒ္ဒေသ-ဟူသည်လည်း'ဝိတ္ထာရနိဒ္ဒေသ'ကိုယူ။ထပ်၍ပြခါမျှ မယူလင့်။

ပဋိနိဒ္ဒေသောတိစ ဝိတ္ထာရနိဒ္ဒေသောတိ အတ္ထော။ ။ရင်း။

အဘယ်ကြောင့် ယေနသည် တေန၏ ပဋိနိဒ္ဒေသဖြစ်သနည်း ရုဒ်ငွေ့ ပရဘာဂေဟိ-စသည်မိန့်၊ ရင်း။ ။ဟိကား ကာရဏတ္ထ၊ ဟိသဒ္ဒေါ သိဒ္ဓေါ၊တဿာ ပဋိနိဒ္ဒေသော ဝေဒိတဗ္ဗော။ ။သမ္ဗန်၊

အဘယ်ကြောင့် ယေနသည် အဇ္ဈတ္တသိဒ္ဓဖြစ်သနည်း ရုဒ်ကြောင့် မိန့်သည်လည်း ဟူကြ၏၊ ဆင်ခြင်၊ ရှေးနည်းသမ္ဗန်၊ ယောဇနာ၌ကား ဝိတ္ထာရ-ဟူ၏၊

ဝိနယပညတ္တိ ယာစန ဟေတု ဘူတော၊တေသ ဘဂဝါ ကာလော-စသည်ဖြင့် ဝိနည်းပညတ်ကိုတောင်းပန်ခြင်း၏အကြောင်းဖြစ်၍ဖြစ်သော။ (တေသ ဘဂဝါ ကာလော။ပ။ပိရဋ္ဌိတိကံကား ယာစနာကာရ)။ ။ ပရိဝိတက္ကော၊ကတမေသာနံ ခေါ ဗုဒ္ဓါနံ-စသည်ဖြင့် ကြံစည်ခြင်းသည်၊ (ကတမေသာနံ ခေါ ဗုဒ္ဓါနံ။ပ။ပိရဋ္ဌိတိကံ အဟောသိကား ပရိဝိတက္ကာကာရ။)

ယံတံ သဒ္ဒါနံ နိစ္စသမ္ဗန္ဓော-ဟူရကား တဿ-စသည်မိန့်၊ ။သာရတ္ထ၊

ဝါ-လက္ခဏကိုပြလိုရကား တဿ-စသည်မိန့်။ •

ယံတံ သဒ္ဒါနံ နိရုတ္တသမ္ဗန္ဓော-ဟူရကား ယောန-စသည့်မိန့်။

အယံဟိကား-ဒဋ္ဌိ၊ ပုဗ္ဗေဝါ၌ရှိုင်း၊ ပစ္ဆာဝါ၌ရှိုင်း၊ အတ္ထတော၊ဖြစ်သောအနက်အားဖြင့်၊ ဝါ၊သဘောအားဖြင့်၊ သိဒ္ဓေနှ၊သော၊

'ဥပ္ပန္န'ဟူသော ရှေ့ပုဒ်ကျေသည်။ ၊ဋီကာ,ယောဇနာ။ ။'အတ္ထ'ကား သာမတ္ထိယတ္ထ တည်း။ ။အတ္ထတော သိဒ္ဓေနာတိ သာမတ္ထိယတော သိဒ္ဓေန။ ဝိမတိ။

သာမတ္ထံ ဒုဝိဓံ သဒ္ဒါ၊မိကာနုမာနဘေဒတော။
တေသ္ဝာနုမာနံ တိဝိဓံ၊မဏ္ဍူကာဒိဝသေနဝါ။
ဟေတုဖလဖျတိစာရ၊ဝသေနာပိ တိဓာ မတံ။

ဟူရကား ယင်းလည်း 'သဒ္ဒါမိက အနုမာန်'နှစ်ပါးတွင် အနုမာန်၊ အာဒိမဏ္ဍူကအနုမာန် သုံးပါးတွင် ပုဗ္ဗေဝါ ပစ္ဆာဝါ-ဟူရကား 'အာဒိမဏ္ဍူက'နှစ်ပါးတွင် တပါးပါး၊ 'ဟေတုဖလဖျတိစာရ'သုံးပါးတွင် တံသဒ္ဒါကို ဆ၍ သိအပ်ရကား ဖလာနုမာန–တည်း။

ဇာတိ၊သို့၊ ယဒိဒံယံဇာဒံဝိခါနံ၊သည့်၊ အတ္ထိ၊၏၊ အယံ၊၏အစိအခုင်သည့်၊ သင္ဒသို့ ဝိနယော၌၊ ယုတ္တိ၊အသင့်တည်း၊သမ္ဘန်၊ သာခတ္တေ, ယောဇနာ။ ၊ဝါ-ဇာတိ၊သို့၊ ယဒိဒံ-သာအယံယုတ္တိ၊ သည့်၊ အတ္ထိ၊၏။ အယံ ယုတ္တိ၊သည့်၊ သဗ္ဗသို့ ဝိနယေ ယုတ္တိ၊ သမ္ဘန်၊ သာခုတ္တ။ ၊ဘဝေဲ့ တသို့ ယုတ္တိယာ ပရိဒီပနေ၊ ၌၊ ။မုခမတ္တနိဒဿနံ၊ အကြောင်းဥပါယ်မျှကိုပြခြင်းတည်း။

'မုခ'သဒ္ဒါကား ဥပါယဝါစီ၊မုခံ ဒွါရံ ဥပါယောတိ အတ္ထတော ဧကံ။ ။ဋီကာ။

တေနဟိ ဘိက္ခဝေ ဘိက္ခူနံ သိက္ခာပဒံ ပညာပေဿာမိ-ကား ပါဠိ၊ ယင်း၌ပဋ္ဌိနိဒ္ဒေသကို ယောန သုဒိန္နော-စသည်ဖြင့် မိန့်သည်။ ၊တေနကား ဟိတ်အနက်၌ တတိယာ၊ထိုကြောင့် တသ္မာ-စသည်မိန့်၊

အညတော၊ ဖြစ်သောဧထုန်မှီဝဲခြင်းဟုဆိုအပ်သော အနက်အားဖြင့်၊ အညတော၊ဖြစ်သောမင်းသည် မပေးဘဲသစ်တော်တို့ကို ယူခြင်းဟုဆိုအပ်သောအနက်အားဖြင့်၊ ဇာတိ-ကို မုခမတ္တနိဒဿနံသို့ပြန်၊ ဝုတ္တော-စသည်ကား နိဂုံး၊

ယင်းကိုမဆိုဘဲပင်ပြီးကောင်းလျက် ဆိုပြန်ခြင်းသည် နိယမ-အညနိ့ ရဝိညာပနံ အကျိုးနှစ်ပါးတွင် ဝိနည်းပိဋကတ်၌ ရှိသမျှသော တေနသဒ္ဒါ၏

အနက်ကား၍သို့သာတည်းဟူသောနိယမ၊ဝါ-တေနသဒ္ဒါကို ဖွင့်ခြင်းကား အကြွင်းနဲ့ပြီးပြီ ဟူသော အတ္ထနဲ့ရ ဝိညာပနအကျိုးရှိ၏၊ သိဒ္ဓေ သတျာ ရမ္ဘော နိယမာယ ဝါ ဟောတိ အတ္ထနဲ့ရဝိညာပနာယဝါ။ ဉာသ်၊

သမယသဒ္ဒေါ၊သည်၊ဒိဿတိ၊ထင်၏၊

'ဒိဿ'ဓာတ်ကား အပေက္ခနတ္ထ။ဒိဝါဒိဂိုဏ်း။ကတ္တုရုပ်။

ဝါ-သမယသဒ္ဒေါ၊ကို၊ ဒိဿတိ၊ရှုအပ်၏၊

ကမ္မရုပ်။သမယသဒ္ဒေါ ဒိဿတီတိ သမ္ဗန္ဓော။ ။ဝိမတိ။

သမဝါယေစ၊ တကွပြုလေ့ရှိသော အကြောင်းတို့၏ တကွဖြစ်ခြင်း၌ ၎င်း၊ ခဏေစ၊အခွင့်၌၎င်း။ ကာလေစ၊၌၎င်း၊ သမူဟေစ၊ ၌၎င်း၊ ဟေတု ဒိဋ္ဌိသုစ၊အကြောင်း,အယူတို့၌၎င်း၊ ပဋိလာဘေစ၊ရခြင်း၌၎င်း၊ပဟာနေစ၊ ၌၎င်း၊ ပဋိဝေဓေစ၊ထိုးထွင်း၍သိခြင်း၌၎င်း၊

တထာဟိဿ-စသည်ကား ဒဋ္ဌဗ္ဗ၊ ဝါ-ဝိတ္ထာရ၊ အဿသမယ သဒ္ဒဿ ဈ၊ ။အဿ္ထာမှာစပ်၊ဋီကာ၊ယောဇနာ၊ ။ကာလဥ္စ၊ကပ်ရောက်ခြင်းအား သင့်တင့် လျောက်ပတ်သော ကာလကိုရင်း၊ ။သမယဥ္စ၊ ကပ်ရောက် ခြင်းအကြောင်း၏ ညီညွတ်ခြင်းကိုရင်း၊

ဤ၌ 'ယုတ္တ,ပယုတ္တကာလ'ကား ကာလ။ 'ပစ္စယသာမဂ္ဂိ'ကား သမယ တည်း။ယင်းကား သဘောအားဖြင့် ထိုကပ်ရောက်ခြင်းအားလျော်သောကိုယ်၌ အစွမ်းသတ္တိသည်၎င်း၊သွားခြင်းလျှင်အကြောင်းရှိသောဘေးရန်၏မရှိခြင်းသည် ၎င်းတည်း။ ။ဋီကာ,သီလက္ခန်အဋ္ဌကထာ။

ဥပါဒါယ၊ဉာဏ်ဖြင့်ယူ၍၊ ဝါ၊မှတ်၍၊

'ဥပါဒါန'ကား တဏှုပါဒါန်,ဒိဋ္ဌုပါဒါန, နိဿယုပါဒါန, ဉာဏုပါဒါန စသည်တွင် ဤ၌ ဉာဏုပါဒါန-တည်း။

ဥပါဒါန် နာမ ဉာဏေန တေသံ ဂဟဏံ သလ္လက္ခဏံ၊ တသ္မာ ကာလဥ္စ သမယဥ္စ ပညာယ ဂဟေတွာ ဥပဓာရေတွာတိ အတ္ထော။သာရတ္ထ။ ။ကာ လဥ္စ သမယဥ္စ ဥပါဒါယာတိ ကာလဥ္စသမယဥ္စ ပညာယ ဂဟေတွာ ဥပ ဓာရေတွာတိ အတ္ထော။သီလက္ခန်အဋ္ဌကထာ။ ။ငါတို့အား နက်ဖြန်သွားခြင်း အား သင့်သောအခါဖြစ်အံ့၊ ကိုယ်၌'ခွန်အား'မျှသည်လည်းဖြစ်အံ့၊ သွားခြင်း ဟူသောအကြောင်းကြောင့် တပါးသော မချမ်းသာခြင်း သည်လည်း မဖြစ်အံ့၊ သို့သော် တခုသော ကာလကိုရင်း၊ သွားခြင်း အကြောင်း၏ ညီညွတ်ခြင်းဟု

ဆိုအပ်သော သမယကိုဎင်း မှတ်၍ 'နက်ဖြန်' လာရောက်နိုင်ပြီးအံ့ မသိ ဟူလို။ ။ဍင်း။

ဝါ၊ဥပါဒါယ-စွဲ၍။

တေ ဥပါဒါယ၊ပဋိစ္စာတိ အတ္ထော။ ။ဝိမတိ။

သဟကာရိကာရဏသန္နိဓာ၀ံ သမေတိ သမဝေတီတိ သမယော–ပြု။ သမဝါယရစေ။ ။သံပုဗ္ဗဣဓာတ်၊အပစ္စည်း။ သာရတ္ထ, သုတ်ဋီကာ,အနုဋီကာ၊ ။ သင်္ဂမဝသေန ပစ္စယာနံ ဖလုပ္ပါဒနံ ပတိ အယနံ ဧကတော ပဝတ္တိ ဧတ္ထာတိ သမယော၊သတ္တာမိဗဟုဗ္ဗီဟိ။ ။ဝိမတိ။

ဖြဲ့ဗြှမ္မစရိယဝါသာယ၊ မဂ်တည်းဟူသော မြတ်သောအကျင့်သီတင်းကိုသုံးခြင်း၏၊ ခဏော၀၊ အခွင့်သည်ကား၊ သမယော စ,ကား ယင်း၏ ပရိယာယ်သာ၊

ခဏောဝစ သမယော၊ယော ခဏောတိစ သမယောတိစ ဝုစ္စတိ။ သာရတ္ထ-စသည်။ မူလဋီကာ။ ။သောဧဝ သမယော၊ တေနေ၀ ဧကာ၀ါတိ ဝုတ္တံ။ ။ဝိမတိ။

ဗုဒ္ဓုပ္ပါဒ နဝမခဏ, စတုစက္က သမ္ပတ္တိခဏ–သည် 'မဂ္ဂဗြဟ္မစရိယ'၏ အကြောင်းကို ရခြင်း၏အကြောင်းဖြစ်သောကြောင့် အခွင့်။

တထာဂတုပ္ပါဒါဒိကော ဟိ မဂ္ဂဗြဟ္မစရိယဿ ဩကာသော၊ တပ္ပစ္စယ ပဋိလာဘဟေတုတ္တာ။သာရတ္ထ-စသည်။မူလဋီကာ။ ။သမေတိ သမာဂစ္ဆတိ မဂ္ဂဗြဟ္မစရိယံ ဧတ္ထ တဒါဓာရပုဂ္ဂလေဟီတိ သမယော။ အဓိကရဏသာဓ်ပြု၊ ခဏရစေ။ဍင်း။ ။ဝိဝဋ္ဋူပနိဿယသင်္ခါေ သတိ ဧန္တိ ဧတ္ထ သတ္တာ ဧတ္တနီတိ သမယော။ ။ဝိမတိ။

ဥတုသမယော၊ပူသောအခါ၊ ပရိဠာဟသမယော၊အိုက်သောအခါ။

နှယုန်လွှန်းတရက်နေ့မှ ဝါဆိုလပြည့်နေ့တိုင်ရှိ 'တလခွဲ'ကား ဥဏှသမယ, ဝါဆိုလပြည့်ကျော်တရက်နေ့မှ ဝါခေါင်လပြည့်နေ့တိုင်ရှိ 'တလ'ကား ပဋိဠာဟသမယ။ ။ဝိနည်းပါဠိ။

သမေန္တိ ဧတ္ထ ဧတေန ဝါ သံဂစ္ဆန္တိ ဓမ္မာ သဟဇာတဓမ္မေဟိ ဥပါဒါဒီဟိ ဝါတိ သမယော–ပြု။ကာလရစေ။

ဓမ္မတို့၏ ပဝတ္တိမတ္တ၏အဖြစ်ဖြင့် ပရမတ္ထအားဖြင့် ထင်ရှားမရှိသောကြောင့် ယင်းသည် 'ဓမ္မ'တို့ဖြစ်ခြင်း၏အာဓာရသည်ဍင်း, ကရိုဏ်းသည်ဍင်းမဖြစ်နိုင်ရာ ဟူငြားအံ့။ ဓမ္မတို့၏ ပဝတ္တိမတ္တ၏ အဖြစ်ဖြင့် ပရမတ္ထ အားဖြင့် ထင်ရှား မရှိသော်လည်း ယင်းကို ဓမ္မတို့ဖြစ်ခြင်း၏ အာဓာရကဲ့သို့ဍင်း, ကရိုဏ်းကဲ့သို့ဍင်း

ကြီးဆုံခြင်းမျှဖြင့် ပြီးသော သဘောဖြင့် ခေါဝေါအပ်သောကြောင့် ဖြစ်နိုင်၏ဟူပေ။

ဓမ္မပဝတ္တိမတ္တတာယ အတ္တတော အဘူတောပိ ဟိ ကာလော ဓမ္မပဝတ္တိယာ အဓိကရဏ ကရဏံ ဝိယစ ပရိကပ္ပနာမတ္တသိဒ္ဓေန ရူပေန ဝေါဟရတိ။ သာရတ္ထ-စသည်။ ။သမေတိ ဧတ္ထ သင်္တဓမ္မော သမံ ဝါ တေ ဂစ္ဆတိ ဝိဂစ္ဆတီတိ သမယော၊ ကာလော၊ ။ဝိမတိ။

ပဝနသ္မိံ၊ တောအုပ်၌။

ပဝုဋ္ဌံ ဝနံ ပဝနံ–ပြု၊ ။သာရတ္ထ။

မဟာသမယော၊ များစွာသောအပေါင်း။

သမံ သဟ ဝါ အဝယဝါနံ အယနံ သမယော–ပြု။ ။သမုဒါယောကဲ့သို့။ ၎င်း။သုတ်ဋီကာ။ ။အပေါင်းဟူသည် အစိတ်အစိတ်တို့၏ တကွဖြစ်ခြင်းမျှပင်။ ။၎င်း။

ဘဒ္ဒါလိ၊ ဘဒ္ဒါလိ။ တော၊သင်သည်။ သမယောပိ၊ သိက္ခာပုဒ်ကိုပြည့်ခြင်း၏အကြောင်းသည်လည်း။ ဝါ၊ ကိုလည်း။ ခေါ၊စင်စစ်။ အပ္ပဋိဝိဒ္ဓေါ၊ မသိအပ်သည်။ ဝါ၊မမှတ်သည်။ ဘဂဝါ ခေါ-စသည်ကား ကာရဏ၊ သာရတ္ထ-စသည်။ ၊သိက္ခာယ၊ကို။ အပရိပူရကာရီ၊ပြည့်ရုံစွာပြုလေ့မရှိ။ ဣတိ မံ ဇာနိဿတိ၊ဣတိ သမယောပိ အပ္ပဋိဝိဒ္ဓေါ အဟောသိ၊သမ္ဗန်။

ပစ္စယန္တရသံမာဂမေ တော် ဖလံ ဥပ္ပန္နတိ ဧသ္မာ ပဝတ္တတီတိ သမယော–ပြု။ဟေတုရစေ။ ။၎င်း။ဝိမတိ။

ဥဂ္ဂဟမာနော၊အနည်းငယ်စိုးစဉ်းမျှသောအတတ်ကိုသင်ယူတတ်သောကြောင့် ဥဂ္ဂဟမာနမည်သော။

ယင်း 'ပရိဗိုဇ်'အမည်ကား သုမန။ အနည်းငယ်စိုးစဉ့်မျှသော အတတ်ကို သင်ယူတတ်သောကြောင့် ယင်းအမည်တွင်သည်။

ဥဂ္ဂဟမာနောတိ ကိဉ္စိ ကိဉ္စိ ဥဂ္ဂဟေတုံ သမတ္ထတာယ ဥဂ္ဂဟမာနော။သုမနပရိဗ္ဗာဇကဿေတံ နာမံ။ဝိမတိ။ ။ဥဂ္ဂဟမာနောတိ တဿ ပရိဗ္ဗာဇကဿ နာမံ။ သုမနောတိ ပကတိနာမံ၊ ကိဉ္စိ ကိဉ္စိ ပန ဥဂ္ဂဟေတုံ သမတ္ထတာယ ဥဂ္ဂဟမာနောတိ နံ သဉ္ဇာနန္တိ၊မဇ္ဈိမပဏ္ဏာသအဋ္ဌကထာ။ ။ဥဂ္ဂဟမာနောတိ အာဒိသု သုမနောတိ တဿ ပရိဗ္ဗာဇကဿ ပကတိနာမံ၊ကိဉ္စိ ကိဉ္စိ ပန ဥဂ္ဂဟေတုံ သမတ္ထတာယ ဥဂ္ဂဟမာနောတိ နံ သဉ္ဇာနန္တိ။ တသ္မာ ဥဂ္ဂဟမာနောတိ ဝုစ္စတိ၊သာရတ္ထ။ ။ဥဂ္ဂဏှာတီတိ ဥဂ္ဂဟမာနော–ပြု။

သမဏာ ဒုက္ကရကာရိကာပုဒ္ဒိကာ၊ ရဟန်းဦးပြည်းမိန်းမ၏သားဖြစ်သော၊ ပရိဗ္ဗါဇကော၊ သုမနပရိဗ္ဗိဇ်သည်၊ သမယပ္ပဝါဒကော၊ အယူကိုပြောဆိုရာဖြစ်သော၊

သမယံ ဒိဋ္ဌိံ ပဝဒန္တိ ဧတ္ထာတိ သမယပ္ပဝါဒကော—ပြု။ ဋီကာ, သုတ်ဋီကာ, အဘိဓမ္မာဋီကာ, မဏိမဉ္ဇူသာအဋ္ဌကထာ။ ။ယင်း ဥယျာဉ်၌ "စင်္ကီ, တာရုက္ခ, ပေါက္ခရသာတိ"စသောပုဏ္ဏားနှင့် 'နိဂဏ္ဌအစေလကပရိဗိုဇ်'စသော ရဟန်းတို့စည်းဝေး၍ မိမိအယူကို ပြောဆိုကုန်ရကား ယင်းသို့ 'သမယပ္ပဝါဒက'ဟူသည်။ ။ငင်း။

တိန္ဒုကာစီရေ၊ တည်ပင် စဉ့်ဖြင့် ရံအပ်သော၊ ဧကသာလကော၊ တဆောင်တည်းသောစရပ်ရှိသော၊

ရှေးဦးစွာ 'စရပ်တဆောင်' သာ ရှိသောကြောင့် ပုဗ္ဗဝေါဟာရအားဖြင့် 'ဧကသာလကော'ဟူသည်။ ။နောက်ကာလ၌ကား ဘုန်းရှိသော 'ပေါဋ္ဌပါဒ ပရိဗိုဇ်'ကို အမှီပြု၍ 'စရပ်'အများပင်ရှိသတတ်။ ။ငင်း။

ဝါ၊ တခုတည်းသောအင်ကြင်းပင်ရောက်သော၊

ဧကသာလကေတိ ဧကော သာလရုက္ခော။ ။ဝဇိရ, မဏိမဉ္ဇူသာအဋ္ဌကထာ, သာရတ္ထဒီပနီ—စသည်တို့ဝါဒကို ကေစိ—ဟူ၏။ ။ကုဋီကာတိပိ ဝဒန္တိ။ ။ငင်း။

မလ္လိကာယ၊ မလ္လိကာမိဖုရား၏၊ (ပသေနဒီမင်း၏မိဖုရားကိုယူ)၊

သမေတိ သံယောဇနဘာဝတော သမ္ဗန္ဓော ဧတိ အတ္တနော ဝိနယေ ပဝတ္တတိ ဒဋ္ဌဂဟဏဘာဝတော ဝါ တံသံယုတ္တာ အယန္တိ ပဝတ္တန္တိ သတ္တာ ယထာဘိနိဝေသံ ဧတေနာတိ သမယော—ပြု။ ဒိဋ္ဌိရစေ။ သာရတ္ထ,သုတ်ဋီကာ, အဘိဓမ္မာဋီကာ။ ။'ဒိဋ္ဌိသံယောဇဉ်'သည် သတ္တဝါတို့ကို လှန်စွာဖွဲ့အပ်သည်ငင်း။ ။သညာဝသေန ဝိပလ္လာသတော ဓမ္မေသု ဧတိ အဘိနိဝိသတီတိ သမယော။ ဝိမတိ။

ဒိဋ္ဌဓမ္မေ၊ မျက်မှောက် ပစ္စုပ္ပန်အတ္တဘော၌၊ နိယျော၊ ယှဉ်သော၊ (ထည့်၊ သမ္ပရာယိကော ကိုထောက်)၊ ။ယောအတ္ထော၊ အကြင်စီးပွါးသည်ငင်း၊ သမ္ပရာယိကော၊ တမလွန်ဘဝ၌ယှဉ်သော၊

ကမ္မကိလေသဝသေန သမ္ပရာယိယတိ သမ္ပာပုဏီယတီတိ သမ္ပရာယော။ ပရလောကရစေ။ ။သမ္ပရာယေ နိယုတ္တော သမ္ပရာယိကော။ ပရလောကတ္ထရစေ။ သာရတ္ထ-စသည်။ ။ယံသဒ္ဒါကား တံသဒ္ဒါနှင့်ပေက္ခ။ ဝါ-တဒတ္ထာဘိသမယာ လိုလျက် တံသဒ္ဒလောပ။

အညာဘိသမယာ၊ အစိးအပွါးနှစ်ပါးကို ရခြင်းကြောင့်၊ ဝါ၊ထိုအစိး အပွါးနှစ်ပါးကိုရခြင်းကြောင့်၊ ။ပေး။

ပစ္စုပ္ပန်အတ္ထကို ရသင့်တန်စေ၊တမလွန်အတ္ထကို အဘယ်ကြောင့် ရအံ့နည်း • ဟူကြားအံ့။ ယင်း၏ အကြောင်း ပြီးနှင့်သောကြောင့် ယင်းလည်း ရသည် မည် သည်။

သမ္ပရာယိကော ပိ ဟိ အတ္ထော ကရဏာသ နိပ္ဖန္နတ္တာ ပဋိလဒ္ဓေါ နာမ ဟောတိ။ ။ငင်း။

မိရော၊ပညာရှိကို၊

မိယာ ပညာယ ရာတိ ဂဏှာတီတိ မီရော၊ အထဝါ မီ-ပညာ ဧတဿ အတ္ထီတိ မီရော။သာရတ္ထ။ ။မိယောဂတော မီရော။ အဘိဓာန်ဋီကာ။ ။ သမိတိ သမောဓာနံ သမယော—ပြု။ ပဋိလာဘာရစေ။ သာရတ္ထ-စသည်။ ။ သမိပံ အယနံ ဥပဂမနံ သမယော။ ။ဝိမတိ။

သမ္မာ၊ကောင်းစွာ၊ ဝါ၊စင်စစ်။

ယင်းဖြင့် 'မာန'ကို သမုစ္ဆေဒပဟာန်ဖြင့် ပယ်ခြင်းကိုဆိုသည်။ သာရတ္ထ။

မာနာဘိသမယာ၊ မာနကိုပယ်ခြင်းကြောင့်၊ အဓိပ္ပါယတ္ထ၊ ။ဝါ၊ မာန၏ရှေးရှုချုပ်ခြင်းသို့ရောက်ခြင်းကြောင့်၊ ။သဒ္ဒတ္ထ၊

သမဿ နိရောဓဿ ယာနံ အပဂမော အပဝတ္တိ သမယော—ပြု၊ပဟာန ရစေ။ ။သမသဒ္ဒူပပဒ ယာဓာတ်၊အပစ္စည်း။ငင်း။ ။သမဿ ယာနံ သမ္မာ ဝါ ယာနံ အပဂမောတိ သမယော။သုတ်ဋီကာ,အနုဋီကာ။ ။သံမ္မဒေဝ သဟိ တာနံ ဝါ အယနံ ဝိဂမောတိ သမယော။ ။ဝိမတိ။

ဒုက္ခသာ၊ဒုက္ခသစ္စာ၏၊ပီဠနဋ္ဌော၊ ဒုက္ခသစ္စာနှင့်ပြည့်စုံသော ပုဂ္ဂိုလ်ကို နှိပ်စက်တတ်သောအနက်သဘော၊

ပီဠနမေဝ အတ္ထော ပီဠနဋ္ဌော ပြု။ ဒန္တဇ 'တ'သံယုတ်နှင့်တကွ 'ဌ'ကို မုဒ္ဓဇ'ဌ'သံယုတ်နှင့်တကွ ဋ္ဌ,ပြု။ကြွင်းသောပုဒ်တို့၌လည်း ဤနည်း။ ။သာရတ္ထ။

သင်္ခတဋ္ဌော၊ အကြောင်းတို့သည် ပေါင်း၍ ပြုပြင်အပ်သော အနက် သဘော။ သန္တာပဋ္ဌော၊ ဒုက္ခ,ဒုက္ခတာ-စသည်တို့၏အစွမ်းဖြင့် ပြင်းစွာပူပန် စေတတ်သောအနက်သဘော၊ သာရတ္ထ, ဝိမတိ, မူလဋီကာ၊ ။ဝါ၊ဒုက္ခ ဝေဒနာဖြင့် ပြင်းစွာပူပန်စေတတ်သော အနက်သဘော၊ ဝဇိရ၊ ။ဝိပရိ ဏာမဋ္ဌော ဇရာ,မရဏနှစ်ပါးဖြင့်ဖေါက်ပြန်စေအပ်သောအနက်သဘော၊

သံ့ရဏ္ဍ-စသည်။ ။ဝါ၊ သုခဝေဒနာဖြင့် ဖေါက်ပြန်တတ်သော အနက်သဘော၊ ဝဇိရ၊ ။အတိသမယာနွော၊ ထိုးထွင်း၍ သိအပ်သော ဝိဋ္ဋန-စသောအနက်သဘော၊

'ပိဋ္ဋန'စသော အနက်သဘောကိုပင် ထိုးထွင်း၍ သိအပ်သော အဖြစ်ဖြင့် တပေါင်းတည်းဆောင်၍ 'အဘိသမယဋ္ဌော'ဟူသည်။ ။ဋီ၊၇-၁,သုတ်ဋီကာ စသည်။

ဝါ၊ထိုးထွင်း၍ သိတတ်သော သိကြောင်းဖြစ်သော မဂ်ဉာဏ်၏အာရုံ ဖြစ်သော ပိဋ္ဋန-စသော အနက်သဘော၊ ၎င်း။

သမ္ဗဒ္ဓေ အယန့် သမယော–ပြု။ ။သကတ်,ဒြမ်,လိင်,သမ္ဗန္ဓ,ကာရက, ဟူသောအနက်များကိုစွဲ၍ သဒ္ဒါတို့တည်ကုန်သည်။ ။သဒ္ဒါတခုသည် များစွာ သော အနက်တို့ကို မဟောသည်မဟုတ်လော။ 'သမယ'သဒ္ဒါတခုသည် သမဝါယ-စသော 'ကိုးနက်'တို့၌ 'ထင်၏'ဟူသောစကားသည် မသင့်ဟူငြားအံ့။ သဒ္ဒါအထူးကို ငဲ့လသော် သဒ္ဒါတခုသည် အနက်အများကို ဟောခြင်းဖြစ်သင့် သောကြောင့် ယင်းစကားသည် မှန်၏။သို့သော်လည်း ဤ၌ ထိုထို'သမဝါယ' စသောအနက်တို့၏ သမယသဒ္ဒါ၏ 'ဝစ္စ'အဖြစ်သာမာန်ကိုစွဲ၍ သမယသဒ္ဒါ၏ 'အနေကတ္ထ'အဖြစ်ကိုဆိုသည်၊ထိုကြောင့် သင့်၏ဟူပေ။

နနုစ အတ္ထမတ္တံ ပဋိစ္စ သဒ္ဒါ အဘိနိဝိသန္တိ၊န ဧကေန သဒ္ဒေန အနေကေ အတ္ထာ အဘိဓီယန္တီတိ။ သစ္စမေတံ သဒ္ဒဝိသေသေ အပေက္ခိတေ၊ သဒ္ဒဝိသေသေ ဟိ အပေက္ခိယမာနေ ဧကေန သဒ္ဒေန အနေကတ္ထာဘိဓာနံ န သမ္ဘဝတိ၊ န ဟိ ယော ကာလတ္ထော သမယသဒ္ဒေါ၊သော ဧဝ သမူဟာဒိအတ္ထံ ဝဒတိ။ ဧတ္ထ ပန တေသံ တေသမတ္ထာနံ သမယသဒ္ဒဝစနီယတာ သာမညမုပါဒါယ အနေကတ္ထတာ သမယသဒ္ဒဿ ဝုတ္တာ။ ။သာရတ္ထ။

ဧတ္ထစ သမယသဒ္ဒဿ သာမညေန အနေ္တကတာ ဝုတ္တာ။န ဟိ ကေသဉ္စိ အတ္ထဝိသေသေ ဝတ္တမာနေ သဒ္ဒေ တဒညေပိ ဝတ္တတိ။တသ္မာ အတ္ထာ ဝိယ တန္တံဝါစကာ သမယသဒ္ဒါပိ ဘိန္နာဒယောတိ ဂဟေတဗ္ဗာ၊ဝိမတိ။ ။သာမည နိဒ္ဒေသနည်း ဟူလို။ ။ဝါ-ကေသဉ္စိပြုသောနည်း။ ဝါ-သေတော ဓာဝတိ စသည်ကဲ့သို့ 'ဘိန္နသတ္တိသမဝေတာ'နည်း။ဝါ-ပဝတ္တိနိမိတ်ကိုမငဲ့ဘဲ သုတိမျှကို စွဲ၍ ညွှန်းအပ်သောနည်း။ ဝါ-ပဒိပနည်းအားဖြင့် ဆိုသည်။ ထိုကြောင့် သင့်၏ ဟူပေ။ ။နနုဧကေန သဒ္ဒေန နု ဘယတ္ထော န သမ္ဘဝတီတိ။ သစ္စံ၊ ဧတ္ထ ပန ဧကသေသ နိဒ္ဒေသော၊ ဘိန္နသတ္တိ သမဝေတော ဝါ သေတော ဓာဝတီတိ ယထာ၊ အနပေက္ခိတပဝတ္တိနိမိတ္တ သုတိမတ္တမေဝ ပဋိစ္စနိဒ္ဒေသော။ ပဒိပန္ယာ ယော ဝါ သန္ဓိသိတော။ဉာဏ်။

အလုံးစုံသော အတ္ထုဒ္ဓါရ၌ ဤနည်း။ဓော် သဗ္ဗတ္ထ အတ္ထုဒ္ဓါရေသု။ဋီကာ။ ။ ယင်း ဥဒါဟ်ရုဏ်တို့တွင် ''ပဋိလာဘ-ပဟာန-ပဋိဝေဓ''ယင်းသုံးပါး၌ အဘိ

သမယသဒ္ဒါကို ဥပသာရပုဒ်တို့၏ ဇောတကမတ္တသာ ဖြစ်သောကြောင့် ထိုထို အနက်ကို 'သမယသဒ္ဒါ'သာလျှင် ဟောရကား ယင်းအတ္ထုဒ္ဓါရ၌လည်း အဘိ ဟူသောဥပသာရပုဒ်နှင့်တကွထုတ်သည်။

ဧတ္တစ ဥပသဂ္ဂါနံ ဇောတကမတ္တတ္တာ တဿ တဿ အတ္ထဿ ဝါစကော သမယသဒ္ဒေါဧဝါတိ သမယေ သဒ္ဒဿ အတ္ထုဒ္ဓါရေပိ သဥပသဂ္ဂေါ အဘိသ မယသဒ္ဒေါ ဝုတ္တော။ ။သာရတ္ထ။

ကိဉ္စာပိ ဥပသဂ္ဂေါ ကြိယံ ဝိသေသေတိ၊ဇောတကဘာဝတော ပန သတိပိ တသ္မိံ သုတသဒ္ဒေါဧဝ တံတမတ္ထံ ဝဒတီတိ အနုပသဂ္ဂဿ သုတ သဒ္ဒဿ အတ္ထုဒ္ဓါရေ သဥပသဂ္ဂဿ ဂဟဏံ နဝိရုဇ္ဈတိ။ ။သုတ်ဋီကာ။

အတ္ထုဒ္ဓါရ၊ပြလကား၊အဓိပ္ပေါတတ္ထကောက်ပြီ။

ဟူသည့်နှင့်အညီ၊အဓိပ္ပေတတ္ထကိုပြလိုရကား ဣဓ ပနဿ ကာလော အတ္ထော-မိန့်၊

ဝါ-ဒေသ, ဒေသက-စသည်တို့ကို ဝိနည်းနိဒါန်းအဖြစ်ဖြင့် ညွှန်းပြအပ် သကဲ့သို့ ကာလကိုလည်း ညွှန်းပြအပ်၏ဟု ပြလိုရကား ဣဓ ပနဿ- စသည်မိန့်။ ။ဝက်ဒုစ်, သာရတ္ထ။

အဿ သမယ သဒ္ဒဿ-စွဲ၊ ။ကာလော၊သော၊အတ္ထော၊တည်း။

'သမဝါယ'စသောအနက်တို့၏ ဤ၌ မဖြစ်သင့်သောကြောင့်၎င်း၊ ဒေသ, ဒေသက—စသည်တို့ကဲ့သို့ ကာလကိုလည်း ဝိနည်းနိဒါန်းအဖြစ်ဖြင့် ညွှန်းပြအပ် သောကြောင့်၎င်း—ဟူလို။ ။၎င်း၊သုတ်ဋီကာ။

ဒုတိယာဝိဘတ်ဖြင့်၎င်း။သတ္တမီဝိဘတ်ဖြင့်၎င်း ညွှန်းပြမှု၍ တတိယာ ဝိဘတ်ဖြင့် ညွှန်းပြခြင်းအကျိုးကိုထုတ်ပြလို၍ ပရိဟာရအားဖြင့် စောဒနာ ကိုဖြစ်စေလိုရကား ဩတ္တာပဟ-မိန့်။ ၎င်း။

ဩဇေတသ္မိံ ဗျာနေ၊ဤတေန သမယေန-ဟူသောအရာ၌၊ ဝိတက္ကာဝါဒိ၊ သည်၊ ဋ္ဌတွာ၊၍၊ အာပဟ၊၏၊ သမ္ဗန်၊

စောဒနာသောအခြင်းအရာကိုပြလိုရကား အထ-စသည်မိန့်။

အထကား ပဥှာအနက်၌ နိပါတ်၊ အထ ပုစ္ဆာဝါဒိ၊မေးဦးအံ့၊ ။ပေး၊

အထာတိ စောဒနာယ ကတ္ထုကာ တံ ဒိပေတိ။နနူတိဣမိနာ သမာနတ္ထော။ သာရတ္ထ။ ။ဋီကာ၌'နနုသဒ္ဒါ'လည်း ပုစ္ဆာအနက်၌နိပါတ်။

ကစ္စိ နု နနု ဣစ္စေတေ၊ပုစ္ဆနတ္ထေ။ သဒ္ဒနီတိ။ ။
အထာတိ နနု ပုစ္ဆာမိ။ ။ယောဇနာ။

ကာလ္ဗာ၊ကြောင့်၊ ကရဏဝစနေန၊ဖြင့်၊နိဒ္ဒေသော၊ကို၊ ကတော၊နည်း၊ သမ္ဗန်၊ ။သာရတ္ထ,ယောဇနာ။

သုတ်အဘိဓမ္မာတို့၌ တပါးသောဝိဘတ်ဖြင့် ညွှန်းပြအပ်သော သမယကို ဥပမာပြုလိုရကား ယထာ-စသည်မိန့်၊

ဘုမ္မဝစနေန၊ သတ္တမီဝိဘတ်ဖြင့်၊ နိဒ္ဒေသော ကတော ယထာ-ကို ဆောင်၍ သမ္ဗန်၊

'ဣတိ'ကား အာဟ၏ အာကာရ၊ ။ယောဇနာ။

တတ္ထ-တေသု သုတ္တာဘိဓမ္မေသု-စွဲ၊ ။တထာ၊ ထိုနတိယာဝိဘတ်, သတ္တမီဝိဘတ်တို့ဖြင့်၊ အတ္ထသမ္ဘဝတော၊စ၊ရင်း၊ ဣဓ၊၌။ အညထာ၊ ဒုတိယာ, သတ္တမီဝိဘတ်တို့မှတပါးသော တတိယာဝိဘတ်ဖြင့်၊ အတ္ထသမ္ဘဝတော၊ရင်း၊ နိဒ္ဒေသော ကတော ဣတိ ပရိဟာရော၊ ထည့်၊ သမ္ဗန်၊

ယင်းကိုချဲ့လိုရကား ကထံ-စသည်မိန့်၊ ။ဟိကား ဝိတ္ထာရ၊ဝါ-ဒဋ္ဌီ၊ ဝါ-ကာရဏ၊ ယံသမယံ, တံသမယံတို့ကား အစ္စန္တသံယောဂ၊

အစ္စန္တမေဝ၊စင်စစ်သာလျှင်၊

ဟောတော်မူခြင်းငှါ အားထုတ်တော်မူသည်မှစ၍ ပြီးဆုံးသည်တိုင်အောင် 'မပြတ်'ဟူလို။

ကရုဏာဝိဟာရေန' ကရုဏာတော်၏ အငွေ့မ်းဖြင့်ဖြစ်သော သူတပါးတို့၏ အစီးအပွါးကို ကျင့်တော်မူခြင်းဟု ဆိုအပ်သော နေခြင်းအားဖြင့်၊ သာရတ္ထ,သုတ်ဋီကာ။

ဝိဟရဏံ ဝိဟာရော၊ပရဟိတပဋိပတ္တိရစေ။ ။ကရုဏာဝသေန ပဝတ္တော ဝိဟာရော ကရုဏာဝိဟာရော—ပြု။

ဒေသနာ၏ ကရုဏာလျှင် အကြောင်းရှိသောကြောင့် ပရဟိတပဋိပတ်ကို ရည်၍ 'ကရုဏာဝိဟာရ' ဟူသည်။ ။မဟာကရုဏာသမာပတ်ဟော့ဝ်။ ။ ဒေသနာဉာဏ်၏ အာရုံကား ဒေသေတဗ္ဗဓမ္မ၊ မဟာကရုဏာ၏ အာရုံကား သတ္တပညတ်။သို့အာရုံပြားရကား တကွမဖြစ်သင့်သောကြောင့် ဟူလို။

ဝါ-ကရုဏာတော်၏ အငွေ့မ်းဖြင့်ဖြစ်သော သူတပါးတို့၏ အစီးအပွါးကို ကျင့်တော်မူခြင်းဖြင့်၊

ဝိဟရဏံ ပဋိပဇ္ဇနံ ဝိဟာရော၊ ကရုဏာဝသေန ပဝတ္တော ဝိဟာရော တထာ။ ။ယောဇနာ။

တဒတ္ထဓောတနတ္ထံ၊ ထိုအဝ္စန္တသံယောဂ အနက်ကို ထွန်းပြခြင်းငှါ၊ တတ္ထသုတ္တန္တေ-စွဲ။ ။ဥပယောဂဝစနေန နိဒ္ဒေသော ကတော၊ မာသံ အဇ္ဈေတိကဲ့သို့ ကာလအစ္စန္တသံယောဂဟူလို။

ဘာဝေန၊ လက္ခဏ ကြိယာဖြင့်။ ဘာဝလက္ခဏတ္ထောစ၊ လက္ခ ကြိယာကိုမှတ်ခြင်းဟူသောအနက်သည်ရင်း။

ဘဝန် ဘာဝေါ—ပြု။ကြိယာရစေ။ဘာဝေါ နာမ ကြိယာ။ ။ဋီကာ,သုတ်ဋီကာ—စသည်။ ။ယင်းကြိယာကိုလည်း—

ဓာတွတ္ထော ကြိယာ နာမ၊ကာစိဟာကာစ ဇေဋ္ဌကာ။
ကာစ ကာရက ဗျာပါရော၊သော ကြိယာတိ ပတီယတေ။ ။
ဟူသောဂါထာအတိုင်းမှတ်။

ယင်းဗျာပါရသည် အဘယ်ကြောင့် ဘာဝဟူ၍ရင်း၊ ကြိယာဟူ၍ရင်း မည်သနည်းဟူမူကား—

သဗ္ဗာ ကရဏရူပါဟိ၊ဓာတွတ္ထာ သကလာ တတော။
ဘာဝေါ ကြိယာစ သာမညံ၊သကလေသွံ ဂမ္မတေ။ ။

ဟူသောဂါထာ။ ။ဘူကရာ သဗ္ဗဓာတွတ္ထဝါစကာ—ဟူသည်တို့နှင့်အညီဖြေ။

ကာလတ္ထော၊ ကာလဟုဆိုအပ်သောအနက်ဖြစ်သော။ သမယော၊ သမယသည်ရင်း။ သမူဟတ္ထော၊သမူဟဟုဆိုအပ်သော အနက်ဖြစ်သော။ သမယောစ၊သည်ရင်း။

ကာလသင်္ခါတော အတ္ထော ကာလတ္ထော၊သမူဟသင်္ခါတော အတ္ထော သမူဟတ္ထော—ပြု။ ။သာရတ္ထ။

ဝါ-ကာလတ္ထော၊ ကာလသဒ္ဒါ၏ အနက်ဖြစ်သော။ သမယော၊ သည်ရင်း။သမူဟတ္ထော၊သမူဟသဒ္ဒါ၏အနက်ဖြစ်သော။ သမယောစ၊သည်ရင်း။

ကာလသဒ္ဒဿ အတ္ထော ကာလတ္ထော—ပြု။ 'သမူဟတ္ထော'၌လည်း နည်းတူ။ ။ကာလတ္ထော, သမူဟတ္ထော-ဟူသော်လည်း အနက်၌ မဖြစ်သင့်ရကား သဒ္ဒါကိုယူ၊'အဂ္ဂိသိနိ,တုမှမှာကံ,တယိမယိ'စသည်ကဲ့သို့။ ။အတ္ထေ အသန္တ ဝေယေဝ သဒ္ဒေ ဝုတ္တဝိဓာနံ ဟောတိ။ဥာသ်။ • ။အတ္ထနိဒ္ဒေသော သဒ္ဒနိဒ္ဒေသော။ ။သဒ္ဒနီတိ။

တဿအဘိဓေယျ-စွဲ။ ။ဖဿာဒိဓမ္မာနံ၊တို့၏။ အဓိကရဏံ၊တည်ရာတည်း။

ဘုမ္မဝစနေ့စ ဝတ္တမ္ဗေ ပစ္စတ္တဝစနယာ ဝစနံ ဝိဘတ္တိဝိပလ္လာသောနာမ။ ။ မဏိမဉ္ဇူ။ ။ကေစိတ္တိုကား မလိုအပ်သောဝိဘတ်ကိုဆို၍ လိုအပ်သောဝိဘတ်ကို မဆိုခြင်းသည် ဝိဘတ္တိဝိပလ္လာသမည်သည်ဟူ၏။

ပရတော၊ နောက်၌၊ (ဏ္ဍတိပိ သော ဘဂဝါ-စသည်ဖြင့် လာသော အရာကိုယူ)။

သုတ္တန်၌ ဧကံသမယံ ဘဂဝါ-ဟူ၏သို့ ထို့အတူ တေနသမယေန ဘဂဝါ ဝေရဉ္ဇာယံ-ဟူသင့်သည်၊ ယင်းသို့ မဟူသော် တထာဂတော သုဂတော-စသည်တို့ကို ဟူသင့်သည်၊ ယင်းနှစ်ပါးကို ယူခြင်း၌ အကျိုးစိုးစဉ်းမျှရှိမှု ဆိုသင့်၏ဟူငြားအံ့၊ မြတ်စွာဘုရား၏ အလွန်နက်နဲသော အလိုတော်အစဉ်ကို မသိကုန်သော အချို့သူတို့အား အပညတ္တေ သိက္ခာပဒေ အနာဒီနဝဒဿာ၊ပ။ အဘိညာပေဿိ-စသည်။ အထခေါ ဘဂဝါ အာယသ္မန္တံ သုဒိန္နံ ပဋိပုစ္ဆိ-စသည်၊ သာဒိယိတုံ ဘိက္ခုတိ နာဟံ ဘဂဝါ သာဒိယိန္တိ-စသည်၊ ထို့အတူ ဝိနိစ္ဆယအမတ် ဖြစ်ဘူးသော ရဟန်းကိုမေးတော်မူ၍ ယင်းဆိုသောအပိုင်းအခြားဖြင့် ဒုတိယပါရာဇိကကို ပညတ်တော်မူခြင်း,ဒေဝဒတ်အား ရဟန်းအဖြစ်ကိုခွင့်ပြုတော်မူခြင်း-စသည်၊ ယင်းသို့သော ဝိနည်း ပရိယတ်ကိုမြင်သော ဘုရား၏ သဗ္ဗညုအဖြစ်ကိုစွဲ၍ငြင်း၊ ထို့အတူ ကိံ ပန တုယှံ ဆဝဿဝဏ္ဏသက်သာ-စသော ကြမ်းကြုတ်သော စကားနှင့် စပ်ယှဉ်သော ဝိနည်း ပရိယတ်ကို မှီလျက် ရဟန္တာအဖြစ်ကို စွဲ၍ငြင်း၊ ယုံမှားသက်ဘဖြစ်ရာ၏၊ ယင်းနှစ်ပါးသော ယုံမှားသက်ဘကို ပယ်ဖျောက်ခြင်းအကျိုးငှါ အရှင်ဥပါလိမထေရ်သည် ယင်းနှစ်ပုဒ်ကိုသာ အရာခင်သိမ်း၌ ပြုအပ်သည်ဟူပေ၊ ဝဒိရ၊ ၊ ယင်းနှစ်ပုဒ်ဖြင့် အလုံးစုံသော ဉေယျကိုသိတော်မူဘတ်သောကြောင့် ဗုဒ္ဓသာစင်စစ်မည်သည်မဟုတ်၊ ထိုမြတ်စွာဘုရားသည် အလုံးစုံသော ဒေါသကို ချိုးဖျက်တော်မူပြီးသည်၏အဖြစ်ကြောင့် ဘဂဝါလည်း မည်တော်မူ၏၊ နောက်၌လည်း၊ ဇာနန္တာပိ တထာဂတာ ပုစ္ဆန္တိ၊ပ၊အနတ္ထသံဟိတေ သေတုဃာတော တထာဂတာနံ ဟူ၍ငြင်း၊ အဟံ ခေါ တေသံ သဏ္ဍေ နပိ ဝိနေမိ၊ဖရုသေနပိ ဝိနေမိ-စသည်ကိုငြင်းဟောတော်မူ၏၊ သို့အနက်ကိုပြသည်၊ ငြင်း၊ ၊ဝိဂတော ရဇော အဿာတိ ဝေရဉ္ဇာဟူ၍ငြင်း၊ ဗလိနတ်စာပြုခြင်းငှါ ယူခြင်းဖြင့် သတ္တဝါကို နှိပ်စက်ခြင်းမရှိရကား အပြစ်မြကင်းသည့်မြို့ဟူလို၊

ဝေရံ ဧတ္ထ ဓာတုနိဒ္ဒေသော ဝေရဉ္ဇာဟူ၍ရင်း။ ။သေရိဝါဏိဇဇာတ်၌ ဒေဝဒတ်၏ယင်း၌ ရန်ဖြစ်ဘူးသည့်မြို့ဟူလို။ ။ဝိဝိဓေဟိ ရဇ္ဇယတီတိ ဝေရဉ္ဇာ ဟူ၍ရင်း။ ဝင့်တိုင်းဝင်တိုင်းသော သူတို့ကို ကချေသဘင်-စသည့်ခဲဘွယ် ဘောဇဉ်ဆင်ယင်တန်ဆာ-စသည့်အသုံးထူးသော အဆောက်အဦတို့ဖြင့် တပ်စေတတ်သည့်မြို့ဟူလို။ ။ဝေရံ အဘိဘဝိတွာ ဇာတာတိ-ဝေရဉ္ဇာ ဟူ၍ရင်း။ ဆန့်ကျင်ဘက် ရန်သူတို့ကို ဖိစီးလွှမ်းမိုး၍ တည်ထောင်အပ်သည့်မြို့ဟူလို။ ။ဝေရဉ္ဇသာ ဣသိနော အဿမဋ္ဌာနေ ကတာတိ ဝေရဉ္ဇာ-ဟူ၍ရင်း။ ဝေရဉ္ဇာရသေ့၏ သင်္ခမ်းကျောင်းအရပ်၌တည်ထောင်အပ်သော မြို့ဟူလို။ ။ဤသို့စသည်ဖြင့် အချို့ဖွင့်ကြ၏။ သို့ဖွင့်ခြင်းဖြင့် အဘယ်မူစ အံ့နည်း ယင်းကား ယင်းမြို့၏ အမည်မျှသာဟုပြလိုရကား ဝေရဉ္ဇာတိ၊ပ။ ဝစနံမိန္နံ။ သာရတ္ထ၊ ။အန္ဓတ္ထသညာမဟုတ်-ရုဠှီသညာဟူလို။ ။နာမ မတ္တမေတံ တဿ နဂရဿ၊ရင်း။

သမီပတ္ထေ၊၌၊ ဘုမ္မဝစနံ၊ သတ္တမီဝိဘတ်တည်း၊ ဝါ၊ သတ္တမီဝိဘတ် ရှိသောပုဒ်တည်း။

ဘုမ္မေ ဝိဟိတံ ဝစနံ၊ဘုမ္မေ ဝါ ဝိဟိတံ ဝစနံ အဿာတိ ဘုမ္မဝစနံ-ပြု။ ။
ဂင်္ဂါယံ ဂါဝေါ စရန္တိ၊ကူပေ ဂဂ္ဂကုလံ—စသည့်၌ကဲ့သို့ သမီပူပစာဟူလို။

ဝိဟာရတိ၌ အနက်ကား ဝိဟာရေဏကြိယာ၊ ဗာဟျတ်ကား ဘုရား။ ထို့တွင် အနက်ဖြစ်သော ဝိဟာရေဏကြိယာကား ဣရိယာပထ,ဒိဗ္ဗ,ဗြဟ္မ, အရိယဝိဟာရ-ဟု လေးပါး။ ဝါ-ဝိဟာရတိ၌ ပုဂ္ဂလာဓိဋ္ဌာန်, ဓမ္မာဓိဋ္ဌာန် အားဖြင့်နှစ်ပါးတို့တွင် ပုဂ္ဂလာဓိဋ္ဌာန်ကားဘုရား၊ ဓမ္မာဓိဋ္ဌာန်ကား ဝိဟာ ရဏကြိယာ၊ ထိုတွင် ဓမ္မာဓိဋ္ဌာန်ဖြစ်သော ဝိဟာရဏကြိယာကား ဣရိ ယာပထ,ဒိဗ္ဗ,ဗြဟ္မ, အရိယဝိဟာရဟု လေးပါး။ ထိုတွင် ဤ၌ သဒ္ဒန္တရ သန္နိဓာန်ဖြင့်ပြီးသော အသုံးကို သုံးသပ်ခြင်းကင်းရကား တပါးပါးဟုပြလို ရကား ဝိဟာရတီတိ၊ပ။မေတံမိန္နံ။ ။သာရတ္ထ, သီလက္ခန္ဓဋီကာ။

ဝိဟာရတီတိ ဧတံပဒံ၊သည်၊ အဝိသေသေန၊ အထူးမှ ကင်းသောအား ဖြင့်၊ပေး။

ပါတိမောက္ခသံဝရသံဝုတော ဝိဟာရတိ—စသည်၌ 'ဣရိယာပထ,ပဋိမံရာနံ ဥပသမ္ပန္န ဝိဟာရတိ' စသည်၌ ဒိဗ္ဗ၊ 'မေတ္တာသဟဂတေန စေတသာ ဧကံ ဒိသံ ဖရိတွာ ဝိဟာရတိ'စသည်၌ ဗြဟ္မ၊ 'သဗ္ဗနိမိတ္တာနံ အမနသိကာရာ အနိမိတ္တံ

ကာလကို မလွန်ဘဲ၊ ကရိဏ်းဖြစ်သော ယင်းကာလဖြင့်ပင် သိက္ခာပုဒ်တို့ကို ပညတ်တော်မူ၍ နေတော်မူသည်ဟူလို။ ။ဋီကာ,သုတ်ဋီကာ။

သိက္ခာပဒပညတ္တိ ဟေတုဥ္စ၊ ကိုလည်း၊ စ,သဒ္ဒါကား၊ အနိယမဝိကပ်။

တတိယပါရာဇိက-စသည် တို့၌ကဲ့သို့ သိက္ခာပုဒ် ပညတ်ခြင်း၏ အကြောင်းဖြစ်သော ထိုထိုဝတ္ထုကို လွန်ကျူးသည့်အခါကိုငံ့လင့်တော်မူ၍ ဟိတ်ဖြစ်သော ယင်းကာလကြောင့် နေတော်မူသည်ဟူလို။ ၎င်း။

သိက္ခာပဒါနိ ပညာပယန္တော သိက္ခာပဒပညတ္တိဟေတုဥ္စ အပေက္ခမာနော-ဟူခြင်းကြောင့် တေနသမယေန ကရဏဘူတေန ဟေတုဘူတေန ဟူသင့်သော်လည်း ဤ၌ ဟိတ်အနက်ကို လိုသောကြောင့် ဟေတုဘူတေနကို ရှေးဦးစွာဟူသည်၊ ဂဏ္ဌိပုဒ်သုံးပါး။

ဤအရာ၌ သင့်သောအကြောင်းကို ကြံခြင်းဖြင့် အကျိုးမရှိ၊ ဤအရာ၌ အဋ္ဌကထာ ဆရာအား အစဉ်ကို ဆိုလိုခြင်းမရှိ။ ထိုကြောင့်လျှင် ဒီဃနိကာယ် အဋ္ဌကထာ၌လည်း တေနသမယေန ဟေတုဘူတေန ကရဏဘူတေန-စသည်ဖြင့် ယင်းအစဉ်ကိုပင် ဆိုသည်၊ သင်းအဋ္ဌကထာ၌ ရှေ့ဦးစွာ ဟေတုဘူတေနကို ဤဝိနည်းတွင် တေနသမယေန ဝေရဥ္ဇာယံ ဝိဟရတိ၌ ဟိတ်အနက်ကို လိုအပ်သည်အဖြစ်ကို ပြခြင်းငှါ ဆိုသည်မဟုတ်၊ သာရတ္ထ။

ဝါ-ကရဏဘူတေန ဟူသောကရိဏ်းကို ဟိတ်အနက်မှ ရှေ့အဖို့၌ ဖြစ်သောကြောင့် ရှေးဦးစွာ ဆိုသင့်သော်သည်း နောက်၌ဆိုသည်၊ ဂဏ္ဌိပုဒ်၊ ယင်းစကားကို မကောင်းသဖြင့် ဆိုအပ်သည်။ ဟိတ်အနက်မှ နောက်၌ ကရိဏ်းအနက်ကို ယှဉ်အပ်သည်ရှိသော် အစဉ်သဖြင့်လျှင် ယှဉ်ခြင်းသို့ ရောက်သည်၊ သို့ကားမယှဉ် ကရိဏ်းအနက်ကို ရှေးဦးစွာယှဉ်၍ ရှေးဦးစွာဆိုသည်၊ ယင်းသို့ယှဉ်မှုကား လွယ်သောကြောင့် ဟိတ်အနက်ကိုနောက်မှယှဉ်သည်ဟုနောက်ဆိုအပ်သော ကရဏဘူတေန-ဟူသော ယင်းစကားကိုကား သိအပ်သည်၊ ထိုကြောင့် မကောင်းသဖြင့် ဆိုအပ်သည်။ ကာလသပုရဝါသီ အာနန္ဒာဆရာ။

ဝါ-သိက္ခာပဒါနိ၊ တို့ကို၊ ပညာပယန္တော၊ ၍၊' ဟေတုဘူတေနစ၊ သော၊ ကရဏဘူတေနစ၊ သော၊ တေနသမယေန၊ ကြောင့်၊ ဝါ၊ ဖြင့်၊ ဘဂဝါ တတ္ထ တတ္ထ ဝိဟာသိ၊ သိက္ခာပဒပညတ္တိဟေတုဥ္စ၊ ကိုလည်း၊ အ

ပေက္ခမာနော၊ ၍။ ဟောတုဘူတော၊ သော၊ တေနသမယေန၊ ကြောင့်၊ ဘဂဝါ တတ္ထ ထတ္ထ ဝိဟာသိ၊ သမ္ဗန်။

ဧဝမေတ္ထ သမ္ဗန္ဓော ကာတဗ္ဗောတိပိ ဝဒန္တိ။ ။သာရတ္ထ။

ဝံဒ္ဓေန၀ ဧဝ္ဝ တန္တံ၊ ထိုဟိတ်အနက်, ကာရိုဏ်းအနက်ကို ထွန်းပြခြင်း၌၊ ဏ္ဍမော၊ ဤဝိနည်း၌၊

ဆိုအပ်ခဲ့ပြီးသောအနက်ကို သင်္ဂဟဂါထာဖြင့် ချုံး၍ပြခြင်း၌ ဟောတိစေတ္ထ-စသည်မိန့်၊

ဧတ္ထ၊ ဤအရာ၌၊ စ,ကား ဝါကျာရမ္ဘ၊ ။ဥပယောဂေန သော ဏ္ဍမော ဟူသော၊ အယံဂါထာ၊ သည်၊ ထည့်၊ ဟောတိ၊ ၏။

'အဋ္ဌဓာ လောဘမူလာနိ-စသော ဝုတ္တ သင်္ဂဟ,ဆဗ္ဗိံသာနုတ္တရေ ဓမ္မာ' စသော 'ဝုစ္စမာနသင်္ဂဟ, ယထာဝုတ္တာနုသာရေန'စသော ဥဘယသင်္ဂဟတွင် ယင်းဂါထာကား ဝုတ္တသင်္ဂဟတည်း။ ယင်းဂါတာကို သင်္ဂဟ,ဥဒ္ဒါန်,အနုဂီတိ ဟူ၏။

သမ္ပိဏ္ဍိတွာ ဂယှန္တိ ဧတ္ထ ဧတေနာတိ ဝါ သင်္ဂဟော။မဏိမဉ္ဇူ။ ။ဝုတ္တသောဝ အတ္ထဿ ဝိပ္ပတိက္ကူဘာဝေန ဒဿိတုံ အဒ္ဒတွာ ဥဒ္ဓံဒါနံ ရက္ခနံဥဒ္ဒါနံ၊ သင်္ဂဟဝစနန္တိ အတ္ထော။နေတ္တိအဋ္ဌကထာ။ ။အနုဂီတီတိ ဝုတ္တဿေဝတ္ထဿ သုခဂ္ဂဟဏတ္ထံ အနုပစ္ဆာ ဂါယနဂါထာ။ ။ဋီကာ။

ဥပယောဂေန၊ ဖြင့်ရင်း။ ဘူမ္မေန၊ ဖြင့်ရင်း၊ တံတံအတ္ထံ၊ ထိုထိုအစွန့်ကို၊ သံယောဂအနက်,အဓိကရဏအနက်, ဘာဝေနဘာဝလက္ခဏာအနက်ကို၊ အပေက္ခိယ၊ ၍။ အညတြ၊ ဝိနည်းမှ တပါးသော သုတ်အဘိဓမ္မာတို့၌၊ သမယော၊ သမယသဒ္ဒါကို၊ ဝုတ္တော၊ ၏၊ ဏ္ဍမော၊ ဤဝိနည်း၌၊ တံတံအတ္ထံ၊ ထိုထိုဟိတ်အနက်,ကာရိုဏ်းအနက်ကို၊ အပေက္ခိယ၊ ၍။ ကရဏေန၊ ဖြင့်လျှင်၊ သော၊ ထိုသမယသဒ္ဒါကို၊ ဝုတ္တော၊ ၏။ ။သမ္ဗန်။

ဆရာဘား သို့ဖွင့်၏၊ တပါးသောဆရာတို့ကား · အဘယ်သို့ ဖွင့်ကုန်သနည်း ရုဒ်ကြောင့် ပေါရာဏာ-စသည်မိန့်၊

ပေါရာဏာ ယန္တိ ဝါ ဧသော သဒ္ဒေါ၊ သည်ရင်း။ ။အဘိလာပမတ္တဘေဒေါ၊ သဒ္ဒါမျှဖြင့်သာ ထူး၏။ သာရတ္ထ၊ ။ဝါ၊ ဒေသနာဝိလာသအားဖြင့် သဒ္ဒါမျှဖြင့်သာ ထူး၏၊ ။ဥမတိ၊

ဝိဘတ်မျှဖြင့်သာ ထူးသည်။အနက်အားဖြင့် မထူးဟူလို။ ။ယင်းဖြင့် သုတ်, ဝိနည်းတို့၌ 'ဝိဘတ္တိဝိပလ္လာသ'ဟုပြသည်။သာရတ္ထ၊ ။သတ္တမီဝိဘတ်ဆိုအပ်သည်ကို ဒုတိယာ,တတိယာဝိဘတ်ဆိုခြင်းသည် ဝိဘတ္တိဝိပလ္လာသမည်၏။

ဝိဝါဒါဒေါ်မိကရဏံ သိယာ၊ဓာရေစ ကာရဏေ-ဟူသည်တွင် ဤ၌ အာဓာရတ္ထ။ ၊အဓိကရိယတိ အာဓာရိယတိ ဧတ္ထာတိ အဓိကရဏံ-ပြု။ ။ ယောဇနာ။ ။ဓမ္မတို့၏ 'ခဏတ္တယ'ကိုရင်း အစိတ်အစိတ်သော 'ဓမ္မ'တို့ကိုရင်း ငှဲ၍ပညတ်အပ်သော ကာလသမူဟသည် ဝေါဟာရမျှသာ မဟုတ်လော၊ယင်းသည် အဘယ်သို့ ဓမ္မတို့၏ 'အာဓာရ'ဖြစ်နိုင်အံ့နည်းဟူငြားအံ့။ 'ပုဗ္ဗန္ဟေ ဇာတော သာယန္ဟေ ဂန္တွာ'စသည်တို့၌ ထိုခဏ၌ဖြစ်သော ဝတ္ထုတို့၏ ယင်းခဏမှ ရှေး၌ရင်း,နောက်၌ရင်း မရှိခြင်းကြောင့် သဘာဝဓမ္မတို့ဖြင့် ပိုင်းခြားအပ်သော ကာလသည် မိမိသည် ပရမတ္ထအားဖြင့် ထင်ရှားမရှိသော်လည်း အာဓာရအဖြစ်ဖြင့် ထင်ရှားသကဲ့သို့ရင်း၊ 'ရုက္ခေ သာခါယဝရာသိယံ သန္တိုတော'စသည်တို့၌ အစိတ်အစိတ်မှ လွတ်သော အပေါင်းမရှိသော်လည်း ကပ္ပနာမတ္တအားဖြင့်ပြီးသော အပေါင်းကို အစိတ်အစိတ်တို့၏ အာဓာရအဖြစ်ဖြင့် ပညတ်အပ်သကဲ့သို့ရင်း၊ထို့အတူ ဤ၌လည်း ထင်ရှားသောကြောင့်ရင်း၊ပညတ်အပ်သောကြောင့်ရင်း အပြစ်မရှိဟူပေ။ ။ဋီကာ,သုဝဏ္ဏဋီကာ။

အဓိကရဏာဘူဖြစ်သင့်သည်မှတပါး ဘာဝေန ဘာဝလက္ခဏာဘူဖြစ်သင့်သည်ကိုပြလိုရကား ခဏသမဝါယ-စသည်ကိုနှိ၊ ။စ,ကား ပက္ခန္တရ၊ ခဏ သမဝါယ ဟေတု သာမဂ္ဂိတာယ၊သော။

'ဗုဒ္ဓုပ္ပါဒနဝမခဏ, စတုစက္ကသမ္ပတ္တိ'သည် 'ဩကာသ'ဟူသော အနက်ကြောင့် 'ခဏ'မည်၏။ ။''စက္ကံ့စ ပဋိရူပ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ'' စသည်ဖြင့် ညွှန်းပြအပ်သော စက္ခုဝိညာဏံ-စသည်ဟု ဆိုအပ်သော သာဓာရဏအကျိုးကိုပြီးစေတတ်သော အခြင်းဖြင့် ကောင်းစွာတည်သော စက္ခုပသာဒ ရူပါရုံ-စသော အကြောင်းတို့၏ ညီညွတ်ခြင်းသည် 'သမဝါယ'မည်၏။ ။ ဇနကဟိတ်သည် ဟေတု-မည်၏။

သခယသ၁၊၏၊ ဘာဝေနှ၊ ဖြင့်၊ ဟေသိ ဖသာဒ နွော နံ၊ တို့၏၊ ဘာဝေါ၊ ကို၊ လက္ခိသတိ၊ မှတ်အပ်၏၊ ဝါ၊ သိအပ်၏၊

'ဂါဝီသု ဒုယှမာနာသု ဂတော၊ ဒုဒ္ဓါသု အာဂတော'၌ ဒေါဟနကြိယာဖြင့် ဂမနကြိယာကို မှတ်အပ်၏သို့ ဤ၌လည်း 'ယသ္မိံ သမယေ တသ္မိံ သမယေ'ဟု ဆိုအပ်သော ကြိယာတပါးနှင့် စပ်ခြင်းမရှိသော ပုဒ်အနက်၏ သတ္တာကြိယာမှ မကင်းရကား 'သတ်'ဟူသော 'သတ္တာ'အနက်ကို သိအပ်သောကြောင့်သာလျှင် သမယ၏ သတ္တာကြိယာဖြင့် စိတ်၏ ဥပ္ပဇ္ဇနကြိယာ၊ ဖဿ စသည်တို့၏ ဘဝနကြိယာကို မှတ်အပ်၏ဟူလို။ ။ရင်း၊ မူလဋီကာ။

တဒတ္ထဒေါဘနတ္ထံ၊ ထိုအဓိကရဏအနက်, ဘာဝေန ဘာဝလက္ခဏာ အနက်ကို ထွန်းပြခြင်းငှါ။ တတ္ထအတိဓမ္မေ-ဌ၊ ။ဋ္ဌဝေဒိနယော၌။ ပန,ကား, ပက္ခန္တရ။

ဟိတ်အနက်ကား အန္တေန ဝသတ္တံ၌ကဲ့သို့၊ ကရိုဏ်းအနက်ကား ဖရ
သုနာ ဆိန္နတိ၌ကဲ့သို့၊ ဟိတ်အနက်, ကရိုဏ်းအနက်-အဘယ်သို့ဖြစ်သင့်
သနည်း ဗုဒ္ဓကြောင့် ယောဟိ-စသည်ဖြင့်၊

ယေဟတုဘူတေန၊ သော၊ တေနသမယေန၊ ကြောင့်ရင်း၊ ကရဏ
ဘူတေန၊ သော၊ တေန သမယေနစ၊ ဖြင့်ရင်း၊ သမ္ဗန်။

အန္တေန ဝသတိ-စသည်၌‘ထမင်း’ကိုငဲ့၍ ထမင်းအလို့ငှါ နေ၏။ ။မြတ်စွာဘုရားသည် ထိုထိုမြို့ရွာ၌ ထိုထို သိက္ခာပုဒ်ကို ပညတ်တော်မူခြင်း၏ အကြောင်းဖြစ်သော ‘ဝီတိက္ကမ’ကို ငဲ့၍ ဝီတိက္ကမ အလို့ငှါ နေတော်မူရကား ဝီတိက္ကမသာ ဟိတ်အဖြစ် ပြီးသောကြောင့်ရင်း၊ သိက္ခာပုဒ်ကို ပညတ်တော်မူသည့်အခါ၌ကား ရှေး၌ပြီးသော ထိုထိုဝီတိက္ကမဖြင့်သာ ပညတ်တော်မူရကား ‘အသိနာ ဆိန္ဒတိ’စသည်၌ကဲ့သို့ သိက္ခာပုဒ်ပညတ်ခြင်းကို အထူးသဖြင့်ပြီးစေတတ်သောကြောင့် ‘ဝီတိက္ကမ’သာ ကရိုဏ်းအဖြစ် ပြီးသောကြောင့်ရင်း။ ။ကာလအနက်ဖြစ်သော သမယသည် အဘယ်ကြောင့် ဟိတ်ကရိုဏ်းဖြစ်နိုင်အံ့နည်းဟူငြားအံ့။ဝီတိက္ကမကိုငဲ့သော် ယင်းနှင့်တကွ ယင်းမှီရာဖြစ်သော ကာလကိုငဲ့၍ နေတော်မူရကား ကာလ၏လည်း ဤ၌ ဟိတ်အဖြစ်ကိုရင်း၊ သိက္ခာပုဒ်ကို ပညတ်တော်မူသော ထိုထို‘ဝီတိက္ကမကာလ’ကို မလွန်မူ၍ ယင်းကာလဖြင့်ပင် သိက္ခာပုဒ်ကို ပညတ်တော်မူရကား ယင်း၏မှီရာဖြစ်သော ကာလ၏လည်း ကရိုဏ်းအဖြစ်ကိုရင်း ဆိုသောကြောင့် ‘ဌာနူပစာ’အားဖြင့် ကာလသည်လည်း ‘ဟိတ်ကရိုဏ်း’ဖြစ်သင့်၏ဟူပေ။ ။သာရတ္ထ။

ဝါ-ကရဏံ ကာရော၊ ကာရောဝ ကာလော-ဟူရကား ကာလနှင့် ဝီတိက္ကမသည် ‘အရ’တူသောကြောင့် ကာလသည် ဟိတ်၊ ရောက်လာသောအခါဖြင့် သိက္ခာပုဒ်ကို ပညတ်လျက် ဟိုထိုမြို့ရွာ၌ နေတော်မူသောကြောင့် ရောက်လာသောကာလသည် ကရိုဏ်းဖြစ်သင့်၏ဟူပေ။ ။ဝဇိရ။

‘သုဒိန်’စသည်တို့၏ ဝီတိက္ကမသာဟိတ်၊ ယင်း၏မှီရာဖြစ်သော ကာလကား ယင်းကာလကိုမလွန်မူ၍ သိက္ခာပုဒ်ကို ပညတ်တော်မူသောကြောင့် ‘‘ကရိုဏ်း’’ သာမည်၏။ ဂဏ္ဌိပုဒ်။

မုချအားဖြင့် ဝီတိက္ကမသာ ဟိတ်ကရိုဏ်းဖြစ်၏။ ယင်းဝီတိက္ကမသည် လွန်ကျူးသော ‘ခဏဟိတ်’ဖြစ်၍ နောက်သိက္ခာပုဒ်ကိုပညတ်သောအခါ၌ ကရိုဏ်းလည်းဖြစ်သည်။ ။သာရတ္ထ။

သိက္ခာပဒါနိ၊ တို့ကို၊ ပညာပယန္တော၊ ၍၊ ဘဂဝါ၊သည်၊ တတ္ထ
တတ္ထ၊ ထိုထိုမြို့ရွာနိဂုံး၌၊ ဝိဟာသိ၊၏။

ဝီတိက္ကမကိုမေး၍ ရဟန်းအပေါင်းကို စည်းဝေးစေပြီးလျှင် ‘ဩတိဏ္ဏဝတ္ထု ကပုဂ္ဂိုလ်ကို တဘန်မေးတော်မူ၍ ကဲ့ရဲ့တော်မူပြီးလျက် ထိုထိုဝတ္ထုသက်သည့်

စေတောသမာဓိံ သမာပဇ္ဇိတွာ ဝိဟရတိ’စသည်၌ အရိယဝိဟာရ၊ ယင်းကဲ့သို့ သဒ္ဒန္တရသန္နိဋ္ဌာန်ဖြင့်ပြီးသော အထူးကိုသုံးသပ်ခြင်းကင်းသည်ဟူလို၊

ဝိသေသေတီတိ ဝိသေသော၊ န ဝိသေသော အဝိသေသော—ပြု။

ဝါ-တို့တွင် ဤ၌ အထူးမပြုရကား သာမညအားဖြင့် တပါးပါးဟု ပြလိုရကား ဝိဟရတိ၊ပ။မေတ်-ဒိန္န၊ ၊ငင်း၊ ဝိမတိ၊ ၊

အဝိသေသေန၊မထူးသောအားဖြင့်၊ ဝါ-အထူးမပြုသောအားဖြင့်၊ ဝါ၊ သာမန်အားဖြင့်၊ပေး၊

ကေဒေသဿ ဂဟဏေ အသတိ ဂဟေတဗ္ဗဿ နိပ္ပဒေသတာဝ ဝိညာယတိ-ဟူသည်နှင့်အညီ ယင်းကဲ့သို့အထူးမပြုရကား တစိတ်တဒေသကိုယူခြင်း မရှိသောကြောင့် ဝိဟာရသာမန်ဟူလို။

ဝိသေသနံ ဝိသေသော၊ န ဝိသေသော အဝိသေသော—ပြု။

ဣရိယာ၊ပ၊ဝိဟာရေသု၊ ဣရိယာပထ ဝိဟာရ၊ပ၊အရိယဝိဟာရတို့ တွင်၊ပေး၊

ဣန္ဒြိယာပရပုဒ်တည်း၊ ။ဣရိယနံ ပဝတ္တနံ ဣရိယာ။အဲရ ဓာတ်၊ ဣရပြု၊ ဏျပစ္စည်း။ဣ,အက္ခရာ အာဂုံ။ ။ကာယပယောဂ-ကာယိကကြိယာကိုယူ။ ။ ဣရိယာယ ပထော—ဘွဲ့၊ ။ဌာနနိသဇ္ဇ-စသောအခိုက်အတန့်မှ ကင်း၍ တစုံတခုသည် ကာယပယောဂ ကာယိကကြိယာကို ဖြစ်စေနိုင်ရကား ဌာနနိသဇ္ဇ စသည်ကိုယူ။ ။ဝိဟရဏံ ဝိဟရတိ ဧတေနာတိ ဝါ ဝိဟာရော၊ ဣရိယာ ပထသော ဣရိယာပထော ဝါ ဝိဟာရော—တွဲ၊ ။ယင်းကား သဘောအားဖြင့် ရပ်ခြင်း,ထိုင်ခြင်း—စသော အခြင်းအရာဖြင့်ဖြစ်သော ‘စတုသန္တတိ’ရုပ် အစဉ် တည်း။

ဒိဝိ ဘဝေါ ဒိဗ္ဗော—ပြု။ ။ကာမဘုံ၌ဖြစ်သော်လည်း ယင်း၌ များသော အားဖြင့် ဖြစ်ခြင်းကြောင့် ဗြဟ္မပါရိသဇ္ဇာ-စသော ‘ဗြဟ္မာ့ပြည်’၌ ဖြစ်သည်ကို ယူ။ဟ၊ယင်း၌ ဖြစ်သော အာနုဘော်ကိုယူ၊ ။‘ဒိဗ္ဗာယံ သံဝတ္တတီတိ ဒိဗ္ဗော’ ဟု တဒ္ဓိတ်ဆင့်မှ ဝိဟာရကိုယူ၊ ။ဝါ-ဒိဗ္ဗတို့ အဘိညာဘိနီဟာရ ဝသေန ဂစ္ဆတိ ပဝတ္တတီတိ ဒိဗ္ဗော—ပြု။ ။အဘိညာ၌သို့ရှေးရှုဆောင်ခြင်း၏အစွမ်းဖြင့် ကြီးသောဖြစ်ခြင်းအလားရှိသည်ဟူလို။ ။ဒိဝုဓာတ်၊ဏျပစ္စည်း။ဒိဝုဂတိမှိ။ ။ သဒ္ဒနီတိ။

ဒိဗ္ဗော စ သော ဝိဟာရောစ၊ဒိဗ္ဗဘာဝါဝဟော ဝါ ဝိဟာရောတိ ဒိဗ္ဗဝိဟာရော—ပြု။ ။မေတ္တာဈာန် စသည်လေးပါးမှ တပါး မဟဂ္ဂုတ်ဈာန်ကိုယူ။ ။ အရူပသမာပတ်ကိုလည်း ယင်း၌ပင် သင်္ဂြိုဟ်အပ်၏။ အာရုပ္ပသမာပတ္တိယောပိ ဧတ္ထေဝ သင်္ဂဟံ ဂစ္ဆန္တိ၊သာရတ္ထ,အင်္ဂုတ္တရဋီကာ။ ။နေတ္တိ၌ အရူပသမာပတ်

လေးပါးကို 'အာနေဉ္ဇဝိဟာရ'ဟူ၏။ ။ယင်းကို မေတ္တာဈာန် စသည်တို့၏ ဗြဟ္မဝိဟာရအဖြစ်ကဲ့သို့ ယင်းတို့၏ 'ဘာဝနာ'အထူးကို ရည်၍ ဆိုသည်။ ။ အဋ္ဌကထာတို့၌ကား 'ဒိဗ္ဗဘာဝ'ကို ဆောင်တတ်သည်၏ အဖြစ်သာမန်အား ဖြင့် ယင်းတို့ကိုလည်း 'ဒိဗ္ဗဝိဟာရ'သာဟူ၏။ သာရတ္ထ,သီလက္ခန္ဓဋီကာ၊ ။ ဗြဟ္မာနံ ဗြဟ္မာနော ဝါ ဝိဟာရာ ဗြဟ္မဝိဟာရာ—ပြု။ ။မေတ္တာဈာန် စသော အပ္ပမညာလေးပါးကိုယူ။ ။ယင်းတို့ကား 'ဟိတုပသံဟာရ'စသည်အစွမ်းဖြင့် ဖြစ်ခြင်းကြောင့် 'ဗြဟ္မဝိဟာရ'မည်သည်ဟူလို။

အရိယာ ဥတ္တမာ ဝိဟာရာ အရိယာနံ ဝါ ဝိဟာရာ အရိယဝိဟာရာ—ပြု။ ဖလသမာပတ်လေးပါးကိုယူ။ ။ယင်းတို့ကား တပါးသော ပုထုဇဉ်နှင့်မဆက် ဆံသောကြောင့် အရိယ ဝိဟာရမည်သည်ဟူလို။

ဣရိယာပထဝိဟာရောစ ဒိဗ္ဗဝိဟာရောစ ဗြဟ္မဝိဟာရောစ အရိယဝိဟာ ရောစတွဲ။ ။ရှေ့ပုဒ်၌ နောက်ပုဒ်ကျေ။ ဤ၌ အထူးအားဖြင့် ရူပစတုတ္ထဈာန်, အပ္ပမညာလေးပါး၊စတုတ္ထဈာန်ကဖလသမာပတ်သည် ဒိဗ္ဗဗြဟ္မအရိယဝိဟာရ။ ၎င်း။

အညတြဒိဗ္ဗဝိဟာရသမင်္ဂီပရိဒီပနံ၊တပါးပါးသောဝိဟာရနှင့်ပြည့်စုံသော သဗ္ဗညုဘုရား၏အဖြစ်ကိုပြတတ်သော၊ ဝါ၊ပြကြောင်းဖြစ်သောပုဒ်တည်း၊

သဗ္ဗာ အင်္ဂနံ သမင်္ဂေါ၊သမင်္ဂေါ အဿ အတ္ထီတိ သမင်္ဂီ။ ဘုရားရစေ။ ။ ဘာဝပ္ပစ္စာန။ ။သမင်္ဂီဘာဝပရိဒီပနံ—ဖွင့်။ သာရတ္ထ,သီလက္ခန္ဓဋီကာ။

မြတ်စွာဘုရားသည် လောဘ,ဒေါသ, မောဟ-ကြွေသောအခါ သော ကာ၌ ယင်းကို မဉ္စပဋိပတ်ဖြင့် ပယ်တော်မူခြင်း၌ ဒိဗ္ဗဗြဟ္မအရိယဝိဟာရ တို့ကို ကပ်၍ နေတော်မူသည်။ အကျယ်ကို "သာရတ္ထဒီပနီမှာရှု"၊ ။ ဣရိယာပထဝိဟာရဖြင့်ကား ယင်းကိုကြည့်၍ အတ္တဘောကို ဆောင်ခြင်း မရှိသောကြောင့်တရံတခါမျှမဆောင်သည်မဟုတ်၊ဆောင်တော်မူသည် သာ၊ ထို့ကြောင့် ယင်း၏ ဒိဗ္ဗဝိဟာရ-စသည်တို့နှင့် ဆက်ဆံရကား ဣရိ ယာ-စသည်ကိုမိန့်၊ ၎င်း၊

ဝါ၊ဒိဗ္ဗဗြဟ္မ,အရိယဝိဟာရဖြင့် အသုံးသုံးသော သန္တာနတကိုဆောင် ခြင်းသည် ဣရိယာပထ ဝိဟာရနှင့်ကင်း၍ မဖြစ်ခြင်းကြောင့် သာမန်ဆို ရကား ဤ၌ ယင်းကိုလိုအင်၏ဟုပြုခြင်း၌ ဣရိယာ-စသည်ကိုမိန့်။ ။နော တက္ကော၊

ဒိဗ္ဗဝိဟာရ-စသည်နှင့် ယှဉ်ခြင်းကို ပြတတ်သောသဒ္ဒါထူး၏ မရှိခြင်း ကြောင့်၎င်း၊ ယင်းနှင့်ယှဉ်ခြင်းကိုပြခြင်း၏အနက်အားဖြင့်ပြီးသောကြောင့် ၎င်း ယင်းသို့ဆိုသည်၊ သာရတ္ထ, သီလက္ခန္ဓဋီကာ၊ ။ဣရိယာပထအတိုင်း၌

ဝိဟာရတိ၌ ဝိဥပသာရသည် ဝိစ္ဆေဒတ္ထဇောတက၊ ဟာရတိ သဒ္ဒါသည် ပဝတ္တေတိအနက်၊ ဝိစ္ဆိန္ဒိတွာ ဟာရတိဟူလိုသည်၊ ၎င်း၊ ။အဘာယ်ကို အဘာယ်ဖြင့် ဖြတ်သနည်း၊ အဘာယ်သို့ အဘာယ်ဖြင့်ဖြစ်ခြင်းနည်းဟူသော လိန္နဂ္ဂုရိစေဒနာ-ကြောင့် သော ဟိ-စသည်မိန့်၊ ။ဧကံ၊ပ၊ဝိစ္ဆိန္ဒိတွာ ဖြင့် ကာသ ကောန ဝိစ္ဆိန္ဒိနံကို အပရိပတန္တံ၊ပ၊ဟာရတ်ဖြင့် ဧကံ ကာသ ပဝတ္တနံကို ဖြေသည်၊ လိန္နဂ္ဂုရိစေဒနာ ဟူသည်ကား ပရိဟာရသာရှိ၍ ဇွေးဝါကျဝယ် စေဒနာမထင်ရှားသော အရာ၌ ထုတ်အပ်သော စေဒနာ တည်း၊ အနုသန္ဓိစေဒနာလည်းဟူ၏၊

သောဘဂဝါ၊သည်၊ ဟာရတ်မှာစင်၊ ဝါ၊ကို၊ ဝုတ္တတိမှာဥပ်၊ ဟိကား ဒဠှီ၊ ဝါ၊ကာရဏ၊

သဗ္ဗညုဘုရားသည်တခုတည်းသော ဣရိယာပုထ်ဖြင့်မြင့်ရှည်စွာသော ကာလပတ်လုံး အတ္တဘောတော်ကို ဖြစ်စေခြင်းငှါ စွမ်းနိုင်တော်မူသော်လည်း ယင်းကား ဥပါဒိန္နကကိုယ်ခဲ့သည်၏ သဘောတည်းဟုပြခြင်းငှါ ဧကံ ဣရိယာပထဗာဓနံ-စသည်မိန့်၊ ။၎င်း၊

အပရိပတန္တံ၊မကျအောင်၊ ဝါ၊မကျသည်ကို၊ ကတွာ၊၍၊ ထည့်၊

သဗ္ဗညုဘုရားသည်တပုံဟုခသောအရပ်၌နေတော်မူသည်ရှိသော် ဝေနေယျတို့အား တရားဟောတော်မူ၍၎င်း၊ အထူးထူးသော သမာပတ်တို့ဖြင့် ကာလကိုလွန်စေတော်မူ၍၎င်း နေတော်မူရကား သတ္တဝါတို့၏၎င်း၊ကိုယ်တော်၏၎င်း၊ အထူးထူးသောစီးပွါးချမ်းသာကိုဆောင်တော်မူသည်၊ထို့ကြောင့် ဝိဟာရတိ၌ "ဝိဝိဓံဟာရတိတိ ဝိဟာရတိ"ဟု အနက်ကိုသိစေအောင်၏ဟူ၏၊ သာရတ္ထ၊ ။အဋ္ဌကထာ၌ ဝိသဒ္ဒါသည် ဝိစ္ဆေဒနတ္ထ၊ ဟာရတိသည် ပဝတ္တနတ္ထ၊ ဋီကာ၌ကား ဝိသဒ္ဒါသည် ဝိဝိဓတ္ထ၊ ဟာရတိသည် ဥပနယနတ္ထ၊ ၍ကားအထူး၊

နဠေရုသ ပုစိမန္ဒော နဠေရုပုစိမန္ဒော-ဟူ၍၎င်း၊ နဠေရုကား ယင်းသစ်ပင်၌ စိုးအုပ်၍နေသော ဘီလူးအမည်တည်း၊ ထို့ကြောင့် ယင်းစိုးအုပ်၍နေရကား ယင်းသစ်ပင်သည် နဠေရုပုစိမန္ဒမည်သည်ဟူလို၊ ။နဠေရုက္ခ သုသိရေ ရုဟာတီတိ နဠေရု၊နဠေရုစ သော ပုစိမန္ဒော စာတိနဠေရုပုစိမန္ဒော ဟူ၍၎င်း၊ နဠသဒ္ဒါကား သစ်ခေါင်းဟော၊ ယင်းသစ်ပင်ကား ယင်း၌ပေါက်ရောက်သည်၊ ထို့ကြောင့် နဠေရု ပုစိမန္ဒမည်သည်ဟူလို၊ ။နဠဥဒေ ရုဟတီတိ နဠေရု၊ နဠေရုစ သော ပုစိမန္ဒော စာတိ တထာ-ဟူ၍၎င်း၊ နဠသဒ္ဒါ

ကား ကျူတောဒေဟာ၊ ယင်းသစ်ပင်ကား ယင်း၌ ပေါက်ရောက်သည်၊ ထို့ကြောင့် ယင်းသို့မည်သည် ဟူလို၊ ။နဠော ဥရု အဿာတိ နဠေရု၊ နဠေရုစ သော ပုစိမန္ဒော စာတိ တထာ-ဟူ၍ငင်း၊ ။နဠသဒ္ဒါ သုသိရတ္ထ၊ ဥရုသဒ္ဒါ မဟန္တတ္ထ၊ ယင်းသစ်ပင်ကား ကြီးသောအခေါင်းရှိသည်၊ ထိုငြေ့ ယင်းသို့မည်သည်ဟူလို၊ ။ဤသို့ဖွင့်ကြသည်၊ ။အဋ္ဌကထာဆရာကား များစွာဆိုသဖြင့် အဘယ်အကျိုးရှိအံ့နည်းဟု တရသောအနက်ကိုသာပြလို ရကား နဠေရုနာမ ယက္ခော-စသည်မိန့်၊ ။သာရတ္ထ၊

'နိမ္ဗော ရိင္ဗော ပုစိမန္ဒော'ဟူရကား ပုစိမန္ဒသဒ္ဒါကား တမာပင်ဟော။ ။ထိုကြောင့် ပုစိမန္ဒောတိ နိမ္ဗရုက္ခော—ဟူသည်။ ။ပုစိ ဝုစ္စတေ ကုဋ္ဌာ။တေမန္ဒယတိ နာသယတီတိ ပုစိမန္ဒော။ဝဇိရ။ ။ပုစိကုဋ္ဌံ မန္ဒတီတိ ပုစိမန္ဒော။ဗိန္ဒာဂမော။အဘိမာန်ဋီကာ။ ။နိမ္ဗ,ဟု 'မ'သံယုတ် တတိယက္ခရာ ဗ,နှင့်သာ လိုသည်။ ။နိနယေ · ဗော မန္တော စ။ငင်း။ ။နိမ္ဗအာဒယော သဒ္ဒါ ဗန္တာ နိပ္ဖန္နာ၊နမိဿ အဿိ။နမတိ ဖလဘာရေနာတိ နိမ္ဗော။အရိင္ဗော။ ။မောဂ္ဂလာန်။

မူလံ ဘောသန္တိကေ မူလ၊မူလေ ဟောတုမိပါဘတေ-ဟူသည်တွင်ဤ၌ သမိပဝါစကကိုသာ လိုအပ်၏ဟုပြလိုရကား မူလန္တိ သမီပံ-စသည်မိန့်၊ သာရတ္ထ၊

ဟိကား ဝိတ္ထာရ၊ဒဠှီကာရဏလည်း ဟူကြ၏၊

ဥဿိခနာဒို့မတ္တာ နိပိ၊ပန်းရင်းအကျည်မျှတို့ကိုသော်လည်း၊

အကိုင်း,အခက်-စသည့် အစိတ်ရှိသော အပေါင်းဖြစ်သော သစ်ပင်၏ မြဲမြံစွာ တည်တန့်သည့်၏အဖြစ်ကို ပြီးစေတတ်သော 'အမြစ်' ဟူသော အစိတ်အထူး၌မုချအားဖြင့်ဖြစ်သော မူလသဒ္ဒါသည်ယင်းနှင့်တူသော တရားတို့၌ငင်း၊ ယင်း၏မှီရာအရပ်အစိတ်၌ငင်း တင်စားသည် အစွမ်းအားဖြင့် ပရိယာယ်အားဖြင့်ဖြစ်ရကား ဤ၌ မုချအဖြစ်ကိုလိုအပ်၏ဟု မူလသဒ္ဒါတခုဖြင့် အထူးပြု၍ 'ဒုက္ခဒုက္ခံရူပရူပံ'ဟူ၏သို့ 'မူလမူလေ ဗိုဿတိ'ဟူသည်။ •။သာရတ္ထ။ ။ရုက္ခာဒိမူလ၌သာ'မူလသဒ္ဒါ'ထင်သည်၏အဖြစ်ကိုပြခြင်းငှါ မူလသဒ္ဒါတခုဖြင့် အထူးပြု၍ 'ဒုက္ခဒုက္ခံ'ဟူ၏သို့ 'မူလမူလေ'ဟူသည်။ ။ဝိမတိ။

အသာခာရဏေဟောတုမို၊ ဒေါသမူစိတ်-စသည့်တို့နှင့် မဆက်ဆံသော အကြောင်း၌၊

လောဘသည် လောဘသဟဂုတ် အကုသိုလ် စိတ္တုပ္ပါဒ်နှင့်သာ ဆက်ဆံရကား ယင်းတို့၏အသီးဖြစ်သော အကြောင်းဖြစ်သောကြောင့် အသာခာရဏ ဟေတု-မည်သည်ဟူလို။ ။ငင်း၊သာရတ္ထ။

ဝါ၊ကုသိုလ်အဗျာကတတို့နှင့် မဆက်ဆံသောအကြောင်း၌၊

အလောဘ—စသည် တို့ကဲ့သို့ ကုသိုလ်, အဗျာကတတို့နှင့် မဆက်ဆံ သော ကြောင့် လောဘသည် 'အသာဓာရဏဟေတု'မည်သည်ဟူလို။သာရတ္ထ။ ။ ဝါ၊အာဒိသဒ္ဒါဖြင့် 'အလောဘ' စသည်တို့ကိုလည်း သင်္ဂြိုဟ်သင့်သည်။ထို့ကြောင့် အကုသလမူသည် အကုသလမူသာ၊ ကုသိုလ်, အဗျာကတတို့နှင့် မဆက်ဆံ။ ကုသလမူသည်လည်း ကုသလမူသာ အကြွင်းနှင့် မဆက်ဆံ၊အဗျာကတမူသည်လည်း အဗျာကတမူသာ အကြွင်းနှင့်မဆက်ဆံ။ ထိုကြောင့် 'အသာဓာရဏဟေတု'ဟူသည်ဟူလို။ ။ငင်း၊ဝဇီရ။

နိဝါတော၊ သေကင်းသောအရပ်၌၊ ဝါ၊လေမရှိသောအခါ၌၊ ပဏ္ဏာဒီနိ၊ တို့သည်၊ ပတန္တိ၊ကျကုန်၏၊

ပဋန္တိ,ပတန္တိ=ဟုနှစ်ချက်သင့်။ ။ပဋန္တီတိ ပတန္တိ။အယမေဝ ဝါ ပါဌော။ သာရတ္ထ။

အဘယ်ကြောင့် ယင်းသို့နေတော်မူသနည်း၊ ယင်းမှတပါး နေတော်မူ ရာမရှိသလော စုဒ်ကြောင့် သော ကိရ-စသည်မိန့်၊

ရမဏီယော၊မွေ့လျော်အပ်၏၊ သဒ္ဒတ္တ၊ ။ဝါ၊နှစ်သက်အပ်၏။ အဒိပ္ပါယတ္တ၊ ။ပါသာဒိကော၊ ကြည်ညိုဘွယ်ကိုဆောင်တတ်၏၊ ဝါ၊ဖြစ်စေတတ်၏၊ ငင်း၊ ။အာဒိပဏ္ဍ၊အကြီးအမျိုး၏အဖြစ်ကို၊ ကုရုခါနေ့ဝိယ၊ သို့၊ သမ္ဘန်၊ ငင်း၊

ကုလလေးအတာ, ငါးရာကွာသော အရပ်ကို 'အဗီဒူရေ။ပ။အဟောသိ' ဟူသည်။

တေန သမယေန ဗုဒ္ဓေါ ဘဂဝါ ဝေရဉ္ဇာယံ ဝိဟရတိ နဠေရုပုစိမန္ဒမူလေတိ၊၍၊ ယံဝစနံ၊ကို၊ ဝုတ္တံ၊၏၊ ဘတ္တ-တသ္မိံ ဝစနေ၊၌၊ဘာသိပိ၊၏၊ ဇေ၀၊သို့၊ ပရိဝိတက္ကော၊သည်၊ သိယာ၊၏၊ ။ငင်း၊

'သိယာ'ကား အာချာတ်ပုဒ်။ အသ,ဓာတ်။ ယျေဝိဘတ်။ ။တတော အသဓာတုတော ယျေ ယျေ ဣစ္စေတာသံ ဝိဘတ္တီနံ ယထာက္ကမံ ဣယံ ဣယာ ဣစ္စေတေ အာဒေသာ ဟောန္တိ၊ဧတ သိယံ၊သော သိယာ။ ။သဒ္ဒနီတိ။

ဝါ-သိယာ၊ရံခါ၊ဇေ၀၊ဤသို့ဆိုလတံ့သောအခြင်းအရာဖြင့်၊စောဒေယျ၊ အံ့၊ ။သာရတ္ထ၊

'သိယာ'ကား သိယာ ကုသလံ သိယာ အကုသလံ—စသည်ကဲ့သို့နိပါတ်။ သိယာ ကုသလံ သိယာ အကုသလန္တိ အာဒိသု ပန သိယာသဒ္ဒေါ အဗျယ ပဒန္တိ ဒဋ္ဌဗ္ဗော။ ။သဒ္ဒနီတိ၊

ဝါ-တတ္ထတေသုပဒေသု၊ ထိုဝေရဥ္ဇာယံအစရှိသောပုဒ်တို့၌။ ကာသံဝိ၊ ၏။ စောဒနာ၊ သည်။ သိယာ၊ ၏။ ။ဝိမတိ။

'ယဒိ တာဝ'စသည်ကား စောဒနာသောအခြင်းအရာ။ ။'ပါဠိလိပုတ္တေ ပါသာဒေ ဝသတိ'စသည်၌ကဲ့သို့ အဓိကရဏာ၏ အဓိကရဏ ဖြစ်အံ့။ 'ဝေရဥ္ဇာ ယံ ဝိဟရတိ နဠေရုပုစိမန္ဒမူလေ'ဟု အဓိကရဏာနှစ်ပါးကိုညွှန်းခြင်းသည် သင့်တန်စေ။ ။ယင်းနှစ်ပုဒ်၏ အရာပြားသောကြောင့် နှစ်ပုဒ်ညွှန်းခြင်းသည်မသင့်ဟူလို။ ။သာရတ္ထ။

တတ္ထ နဠေရုပုစိမန္ဒမူလေသွဲ၊ အထဝိဟာရတိ၊ အံ့။

'အထ'ကား ယဒိသဒ္ဒါ၏ သက်ဝတ္ထုနအနက်၌ နိပါတ်။ ။အထ တတ္ထ ဝိဟရတီတိ ယဒိနဠေရုပုစိမန္ဒမူလေ ဝိဟရတိ။ ။ဋင်း။

နဝတ္တဗ္ဗံ၊ အပ်။

ဝေရဥ္ဇာနဠေရုပုစိမန္ဒမူလတို့၏ ဌာနအသီးအသီးဖြစ်ခြင်းကြောင့် တေနသမယေန-ဟု ကာလကိုမှတ်၍ ဆိုခြင်းကြောင့်ဟူလို။

ယင်း မိမိအလိုကို ပြလိုသော စောဒကသည် နဟိ-စသည်ဒိန္န။ ။ဟိကား တပ္ပါကဋ္ဌိကရဏာ၊ ။ဋင်း၊

ဝါ၊ အဘယ်ကြောင့် မဆိုသင့်သနည်း ရုဒ်ကြောင့် နဟိ-စသည်ဒိန္န။ ။ဟိကား ကာရဏာ။

အပုဗ္ဗံအစရိမံ၊ မရှေးမနှောင်း။ ဝိဟရိတုံ န သက္ကာ၊ ။သမ္ဗန်၊

အာစာရနှစ်ပုဒ်၏ 'မြေ'အဘိုအားဖြင့် ပြားသောကြောင့် ဟူလို။ ။စရိမကား ပစ္ဆိမအနက်။ စရတိ ဟိနတ္တံ ယာတီတိ စရိမံ၊ ပစ္ဆိမံ။ ။မောဂ္ဂလာန်။

ဥဘယတ္ထ တေနေဝ သမယေန-ဟူရာကား အဘူးထူးသောကာလ၌ နေတော်မူခြင်းကိုမပြ၊ သာရတ္ထ၊ ။ယင်းကို ပယ်လိုရကား နခေါပနေတံ ဧဝံ ဒဋ္ဌဗ္ဗံ-ဒိန္န။

တေဝ စနံ၊ ဤဝေရဥ္ဇာယံ။ပ။မူလေဟူသော စကားကို၊ ဧဝံ၊ သို့၊ ဝါ၊ ဤသို့သင်စောဒကာ ဆိုအပ်သောအခြင်းအရာအားဖြင့်၊ နခေါပနဒဋ္ဌဗ္ဗံ၊ အပ်။

မဖေါက်မပြန်သော အနက်ကို မသိ၍ အလုံးစုံသော ယင်းစကားကို သင်ဆိုသည်။ ။ယင်းနှစ်ပုဒ်ကိုကား နှစ်ပါးစုံ၌ မရှေးမနှောင်း နေတော်မူခြင်းကို ပြခြင်းငှါ ဆိုသည်မဟုတ်ဟူလို။

ယခုအခါ မိမိလိုအပ်သော မဖေါက်မပြန်သော အနက်ကို ယင်း၏ လည်းမဆွကာ ဆိုအပ်ပြီးသည်အဖြစ်ကို ပြလိုရကား နနုအာဝေါစုမှ သမိ

ပဗ္ဗေ ဘုမ္မာဝစနန္တိ-မိန့်၊ ။အဝေါရမှန္ဒမှာဝိဘတ်ကား ရှိသ၊ ။ဝိဘတ္တိ သရော ရဿော၊ သဒ္ဒနီတိ၊ ။တဿာ-စသည်ကား လဒ္ဓဂုဏ်၊ ။ဥပမာယ မိဓောဆွေး၊ အတ္ထံ ဇာနန္တိ ပဏ္ဍိတာ-ဟူရကား သိလွယ်စေခြင်းငှါ ဥပမာ ကိုပြလိုသောကြောင့် ယထာ-စသည်မိန့်၊

ဂေါယူထာနိ၊နွားအပေါင်းတို့ကို၊

ဇာတ်တူဖြစ်သော 'တိရစ္ဆာန်'တို့အပေါင်းကို 'ယူထ'ဟူသည်။

ယူထော နိတ္ထိ သဇာတိနံ၊တိရစ္ဆာနာနမုစ္စတေ။ ။အဘိဓာန်။

သဇာတိယတိရစ္ဆာနာနံယော ဂဏော ယူထော ဘုစ္စတေ။သောစနိတ္တိ။ ယထာ ဟတ္ထိယူထော မိဂယူထမိစ္စာဒယော။ ယုမိဿနေ။ ထော။ ဒီဃာဒိ။ ယူထော။ ။ယင်းဋီကာ။

ယင်းသို့ဝေရဥ္စာယံ၌ သမီပါဓာရဖြစ်သော်လည်း နဠေရု ပုစိမန္ဒမူလေ ဟုသာဆိုသင့်၏၊ ဝေရဥ္စာယံကိုမဆိုသင့်၊ ထိုကြောင့် သမီပအဒိကရဏ အလွမ်းဖြင့်၊ ဝါ-နှစ်ပါးစုံသော နိဒါန်းကို ကြားခြင်း၌၊ သာရတ္ထ၊ ။ဝါ- နှစ်ပါးသော အခြင်းအရာအားဖြင့် နိဒါန်းကိုကြားခြင်း၌၊ ဋီမတိ၊ ။အ ဘယ်အကျိုးရှိသနည်း၊ ဗုဒ်ကြောင့် ဂေါစရဂါမနိဒဿနတ္ထံ-စသည်မိန့်။

အဿာဘဂဝတော၊၏၊ ဂေါစရဂါမနိဒဿနတ္ထံ၊ ဆွမ်းခံရွာကိုညွှန်းပြ ခြင်းအကျိုးရှိ၏၊

ဂါဝေါ စရန္တိ ဧတ္ထာတိ ဂေါစရော။နွားတို့ ကျက်စားရာဌာနရစေ။ ။ဂေါစရ ဂါမကား သဒိသူပစာ။ ။ဝါ-ဥပမာတဒ္ဓိတ်အားဖြင့် 'ဂေါစရ'မည်သည်။ ။ ဝါ-ဂါဝေါ ဒူရွိပ်-ာနိ စရန္တိ ဧတ္ထာတိ ဂေါစရော။အာရုံရစေ။ ။ဂေါစရော ဂါမော၊တဿ နိဒဿနံ၊တံ အတ္ထော ဧတဿာတိ ဂေါစရဂါမ နိဒဿ နတ္ထံ-ပြု။ ။မချွတ်"ဂေါစရဂါမ"ကိုကြားသင့်ရကား'ဝေရဥ္စာယံ'ကိုဆိုသင့်၏ ဟူလို။

ဝါ၊ဆွမ်းခံရာရွာကို ညွှန်းပြခြင်းငှါ၊ ဝါ၊ပြခြင်းအကျိုးငှါ၊ ဝုတ္တံ၊၏၊ ပဗ္ဗဇိတာနုရူပနိဝါသနိဒဿနတ္ထံ၊ရဟန်းတို့အား လျောက်ပတ်သော နေ တော်မူခြင်းကို ညွှန်းပြခြင်းအကျိုးရှိ၏။ ။ဝါ၊ညွှန်းပြခြင်းငှါ၊ ဝုတ္တံ၊၏၊

ထိုကြောင့် သမီပါဓိကရဏအစွမ်းဖြင့် နိဒါန်းကို။ ဝါ-နှစ်ပါးစုံသောနိဒါန်း ကို။ဝါ-နှစ်ပါးသော အခြင်းအရာအားဖြင့် နိဒါန်းကိုကြားသည်ဟူလို။

ဝေရဥ္စာကို ကြားခြင်းသည် ယင်းမျှသာ အကျိုးရှိသည်မဟုတ်၊နဠေရု ပုစိမန္ဒမူလကို ကြားခြင်းသည် ပဗ္ဗဇိတာနုဂ္ဂဟကာရဏ-စသည်များသော

အကျိုးရှိ၏၊ ထို့ဂဟဋ္ဌာနုဂ္ဂဟကရဏစသည် အထူးထူးသော အကျိုးရှိ၏ ဟုပြလိုရကား တဿ-စသည်မိန့်၊ ၊သာရတ္ထ၊

တဿ-တေသု ဒွီသု ဝစနေသု-စွဲ။ နိဒ္ဒါရဏ၊တဿအစွဲကို အောက်၌ အ ဓိတ်ကိုပေါင်း၍ဆို ဟူသည်နှင့်အညီ။ ၊ဂေဟေ တိဋ္ဌန္တီတိ ဂဟဋ္ဌာ၊ ၄,ကို အ,ပြု၍‘ဂဟဋ္ဌာ’ဟူသည်၊ ၊ဂေဟာဿေကာရော အကာရမိကာ ရဋ္ဌ သဓာသတဒ္ဒိတေသု၊ဂဟာကုဠံ ဂဟပ္ပတိ ဂဟဋ္ဌော ဝိဟိ၊သဒ္ဒနီတိ၊ ထိုသူတို့ ပစ္စည်းကို ခံယူတော်မူခြင်း,ဆည်းကပ်လုပ်ကျွေးခြင်း-စသည် တို့အခွင့်ကိုပေးခြင်း, တရားဟောတော်မူခြင်း, သရဏဂုံ သီလ၌ တည် စေခြင်း, ဥပနိဿယ ရှိသည်အားလျော်စွာ အထက်ဖြစ်သောတရားအထူး ကို ရစိမ့်သော၄ါ ဆောင်ခြင်းဖြင့် ချီးမြှောက်ခြင်းသည် ‘ဂဟဋ္ဌာနုဂ္ဂဟ ရဏ’မည်၏၊ “ဂေါစရဂါမ”ဖြစ်သောကြောင့် ဟူလို၊ ၊ပါဠိသင်ခြင်း, အဋ္ဌကထာသင်ခြင်း, ကမ္မဋ္ဌာန်းစီးဖြန်းခြင်း၄ါ လျော်သောနေရာအရပ်ကို သိမ်းယူခြင်းဖြင့် ချီးမြှောက်ခြင်းသည် “ပဗ္ဗဇိတာနုဂ္ဂဟကရဏ”မည်၏၊ ပဗ္ဗဇိတာနုရူပနိဝါသ-ဖြစ်သောကြောင့် ဟူလို၊

ဝေရဉ္စာ၏ နဠေရုပုစိမန္ဒနှင့် နီးသည်အဖြစ်ကား ဘာဝ၊ ဂေါစရဂါမ အဖြစ်ကား ဝိဘာဝ၊ ဂဟဋ္ဌာနုဂ္ဂဟကရဏအဖြစ်ကား အနုဘာဝ၊ယင်း အနုဘာဝကို ‘ဂေါစရ ဂါမ’အဖြစ်၏ အကြောင်း ဖြစ်ရကား ယင်းကို ထောက်၍ မျှအရာ၌ တည်သောကြောင့် ဒဿေတိ ဟူသည်၊ ၊ဝါ၊ ဝေရဉ္စာ၏ သမီပဘာဝကား ဒဿန၊ ဂဟဋ္ဌာနုဂ္ဂဟကရဏဘာဝကား ဒီပက၊ဂေါစရ ဂါမ ဘာဝကား ပကာသန၊ ပစ္စယ ဂဟဏ ဘာဝကား ဝိဘာဝ၊အတ္တကိလမထာနုယောဂဝိဝဇ္ဇနဘာဝကား‘အနုဘာဝ’တို့တွင် ဒီပကတ္ထကို ဂေါစရ ဂါမ ဘာဝ၏ အကြောင်းဖြစ်ရကား ဒဿေတိ- ဟူသည်၊ ၊နဠေရုပုစိမန္ဒမူလ၌လည်း ဤနည်း၊ နောက်ကိုလည်း နည်းတူ ကြံ၊ ကျယ်အံ့စိုး၍ မဆိုပြီ၊

အတ္တ၊ပ၊ဝဇ္ဇနံ၊ အတ္တဘော၏ပင်ပန်းခြင်းကို ပြုခြင်းကို ကြဉ်ခြင်းကို၊ ဒဿေတိ၊၏၊ (ဇိုက်သမ္ဘန်၊ နောက်၌လည်းနည်းတူ)၊

အာဟိဏ္ဍော အဟံမာနော ဋ္ဌော ဟတိ အတ္တာ၊ ကိလမနံ ကိလမထော၊ အတ္တနော ကိလမထော တထာ၊အနုယုဉ္ဇနံ ကရဏံ အနုယောဂေါ၊ ဝ:သ အနုယောဂေါ အတ္တကိလမထာ နုယောဂေါ၊ ဥပဝါသ ကဏ္ဍကပဿယသေ ယျ-စသည်ဖြင့် အတ္တဘော၏ ဆင်းရဲခြင်းကိုဖြစ်စေခြင်းဟူလို။သာရတ္ထ,သံယုတ်

အဋ္ဌကထာ။ ။အတ္တကိလမထာနုယောဂဿ ဝိဝဇ္ဇနံ တုထာ။ ။ပစ္စည်းကို မသုံးဆောင်လိုလျှင် မခံယူသောကြောင့် ပစ္စည်းကို ခံယူခြင်းဖြင့်ပင် သုံးဆောင်ခြင်းပြီးသည်။ ယင်းဖြင့် 'အနဝဇ္ဇတာ'အဖြစ် ပြီးသောကြောင့် ပစ္စယ။ပ။ဝဇ္ဇနံ-ဟူသည်။

ဝါ၊ အတ္တဘော၏ ပင်ပန်းခြင်းကို အဖန်တလဲလဲဖြစ်စေခြင်းကို ကြဉ်ခြင်းကို၊ ။ဝိမတိ။

ဝတ္ထုကာမပဟာနတော၊ ဝတ္ထုကာမဂုဏ် အာရုံငါးပါးကို ပယ်ခြင်းကြောင့်။ ကာမ။ပ။ဒဿနံ၊ ဝတ္ထုကာမတို့၌ ကိလေသာကာမနှင့်ယှဉ်သော ချမ်းသာကိုခံစားခြင်းကိုကြဉ်ခြင်း၏ အကြောင်းကိုပြခြင်းကို၊

ကာမိယန္တီတိ ကာမာ၊ ဝတ္ထုကာမရစေ။ ကာမေန္တီတိ ကာမာ၊ ကိလေသာကာမရစေ။ ကာမေသု ကာမေဟိ ဝါ သမ္ပယုတ္တံ သုခံ ကာမသုခံ၊ ကာမသုခံဝေ ကာမသုခလ္လိကံ၊ ယဒနုပပန္နာ နိပါတနာ သိဇ္ဈန္တိ-သုတ်ဖြင့် လ္လိကပစ္စည်း။ ။ယောဇနာ။ ။ကာမသုခလ္လိကာ ဿ အနုယောဂေါ အနုဘဝေါ တဿ ဝိဇ္ဇနံ။ တသ္မိံ ဥပါယဒဿနံ-ဘွဲ့။ ။သာရတ္ထ၊ သံယုတ်အဋ္ဌကထာ။

ရွာတွင်း နေသသူတို့အား အလိုမရှိသော်လည်း 'ဝိသဘာဂရူပါရုံ'စသည်ကို 'မြင်ခြင်း'စသည်ဖြစ်သောကြောင့် 'ရွာပဝယ်' လျောက်ပတ်သည်အရပ်၌ နေသသူတို့အားလည်း ယင်းမရှိသောကြောင့် 'နဠေရုပုစိမန္ဒမူလ'၌ နေတော်မူခြင်းကား ''ကာမသုခလ္လိကာနုယောဂဝိဇ္ဇနပါယဒဿန''ဟူလို။

ဝါ၊ ဝတ္ထုကာမလျှင် အာရုံရှိသော သုခ၌ သမ္ပယောဂအစွမ်းဖြင့်ငြိကပ်သော ကာမတဏှာကို၊ ဝါ၊ ဝတ္ထုကာမလျှင် အာရုံရှိသော သုခနှင့်တကွဖြစ်သော ကာမ၌၊ ဝါ၊ ဝတ္ထုကာမလျှင် အာရုံရှိသော ကာမတဏှာ၏ အာရုံဖြစ်သော သုခ၌ငြိကပ်သော တဏှာ၏ အဖန်တလဲလဲ ဖြစ်ခြင်းကို ကြဉ်ခြင်း၏ အကြောင်းကိုပြခြင်းကို၊

ကာမာ အာရမ္မဏံ အဿာတိ ကာမံ။ နောက်ပုဒ်ကျေ။ ။ကာမဉ္စ တံ သုခဉ္စာတိ ကာမသုခံ၊ ကာမသုခေ သမ္ပယောဂဝသေန အလ္လီယတီတိ ကာမသုခလ္လိကာ။ ကာမတဏှာရစေ။ ။ဝါ-ကာမသုခနှင့်တကွဖြစ်သော ကိလေသာကာမကို 'သဟစရဏ'နည်းအားဖြင့် 'ကာမသုခ'ဟူသည်။ ။ကာမသုခေ အလ္လီယတီတိ ကာမသုခလ္လိကာ-ပြု။ ဝါ-'ကာမသုခ'ကား ကာမတဏှာ၏ အာရုံတည်း။ ။ဝစနတ္ထမှာ ယခင်နည်းပြု။ ကာမတဏှာရင်းရစေ။ ။ကာမသုခလ္လိကာယ အနုအနုယောဂေါ ကာမသုခလ္လိကာနုယောဂေါ။ ။အကြွင်း ရှေးနည်းကဲ့။ ။ဝိမတိ။

ဝေရဉ္ဇသဒ္ဒါ၏ ပစ္စယာဂဟဏအားဖြင့် ဂဟဏ္ဍာနုဂ္ဂဟအကျိုးအစိတ်ကို ပြပြီး၍ ဓမ္မဒေသနာအားဖြင့် အကျိုးအစိတ်ကိုရင်း, ထို့အတူ နဠေရုပုစိမန္ဒမူလသဒ္ဒါ၏ ပဋ္ဌဇိတာနုဂ္ဂဟအကျိုးအစိတ်ကိုရင်းပြလိုရကား ပုရိမေန-'စသည်မိန့်၊

ဓမ္မဒေသနာဘိယောဂံ၊တရားဟောခြင်း၌ အားထုတ်တော်မူခြင်းကို။

သဗ္ဗညုဘုရားရှင်တို့ကား 'ဘဗ္ဗပုဂ္ဂိုလ်'ကို မြင်လျှင် အခါရောက်က တရားဟောတော်မူသည်သာ, ယင်းကိုမြင်ရခြင်းသည်လည်း 'ဂေါစရဂါမ'သို့ ကပ်တော်မူမှသာ,ယင်းသို့ကပ်တော်မူခြင်းသည်လည်း ချီးမြှောက်တော်မူလိုမှသာ။ ထိုကြောင့် 'ပုရိမေန။ပ။ယောဂံ''ဟူသည်။ ။သာရတ္ထ။

ဝိဂေကာဓိမုတ္တိံ၊ကာယစိတ္တဥပဓိဝိဝေကာ၌နှလုံးသွင်းတော်မူခြင်းကို။ (အောက်ဂိုဠကတ်၌စွဲ ဂဏ္ဌိပုဒ်)၊ ၊ဝါ၊ ကာယစိတ္တဥပဓိဝိဝေကာ၌ နှစ်သက်တော်မူခြင်းကို၊ ယင်း၌ ဝိမုတ္တိ, သုတ်ငိုကာ၊ ၊ဝါ၊ ကာယစိတ္တဥပဓိဝိဝေကာ၌ ကိုင်းညွတ်တော်မူခြင်းကို၊ ။သာရတ္ထ။

သဗ္ဗညုဘုရားရှင်တို့ကား 'ဝိဝိတ္တ'၌ မွေ့လျော်တော်မူသည်သာ, ယင်းဝိဝိတ္တသည်လည်း 'ပဗ္ဗဇိတာနုရူပဋ္ဌာန'၌ နေတော်မူမှသာ, ယင်း၌နေတော်မူခြင်းသည်လည်း ချီးမြှောက်တော်မူလို၍သာ။ ထိုကြောင့် 'ပစ္ဆိမေန။ပ။မုတ္တိ' ဟူသည်ရင်း။

ဓမ္မဒေသနာဘိယောဂ, ဝိဝေကာဓိမုတ္တိတို့အကြောင်းဖြင့် ယင်းနှစ်ပုဒ်၏အကျိုးကို ပြလိုရကား ပုရိမေန၊ပ၊အပဂမနံ၊ မိန့်၊ ရင်း၊ ။ကရုဏာတော်ကား တရားဟောခြင်း၌ ကပ်တော်မူခြင်း၏ အကြောင်း, ပညာတော်ကား မြို့ရွာနိဂုံးမှ ဖဲခွါတော်မူခြင်း၏ အကြောင်း ယင်းဒုကဖြင့်ကား ကရုဏာတော်ဖြင့်သာ ကပ်တော်မူသည်။ လာဘ် စသည်အကြောင်းငှာ မဟုတ်၊ ပညာတော်ဖြင့်သာ ဖဲခွါတော်မူသည်၊ ဆန့်ကျင်ခြင်း-စသည်အကြောင်းကြောင့်မဟုတ်-ဟု ကပ်တော်မူခြင်း, ဖဲခွါတော်မူခြင်း၏ ညစ်နွမ်းခြင်းမရှိသည့်အဖြစ်ကိုပြသည်။ ရင်း၊ ၊ဓမ္မဒေသနာဟူသောဂဟဏ္ဍာနုဂ္ဂဟအကျိုးဖြင့်ပြလိုရကား ပုရိမေန-စသည်မိန့်၊

ဟိတသုခနိပ္ဖါဒနာဓိမုတ္တတံ၊ လောကီ, လောကုတ္တရာစီးပွါးချမ်းသာကို ပြီးစေခြင်း၌ ကိုင်းညွှတ်တော်မူသည်၏အဖြစ်ကို၊ (တရားဟောတော်မူခြင်းကား ဟိတသုခနိပ္ဖါဒနအကျိုးရှိသည်ဟူလို)၊

ပရဟိတသုခကရဏော၊ သူတပါးတို့၏ လောကီ, လောကုတ္တရာစီးပွါး ချမ်းသာကိုပြုခြင်း၌၊ နိရုပလေပနံ၊လိမ်းကျံကပ်ငြိတော်မမူခြင်းကို၊ ဝါ၊ လိမ်းကျံကပ်ငြိသောတဏှာ၏ မရှိခြင်းကို၊

'ဝိဝေက'ကား 'အနုပလေပန'အကျိုးရှိသည်ဟူလို။

ခမ္ဘီကာ၊ပ၊နိမိတ္တံ၊တရားသဖြင့် ရအပ်သော လာဘ်ကိုစွဲ၍ ဖြစ်သောအပြစ်မရှိသော ချမ်းသာကို မစွန့်ခြင်း၏အကြောင်းဖြစ်သော၊

ဓမ္မေန လဒ္ဓဗ္ဗံ ဓမ္မိကံ။လာဘရဓေ။ ။ဓမ္မိကံ ပဋိစ္စ ဥပ္ပန္နံ သုခံ ဓမ္မိကသုခံ။ မွတ်သိပ်ဆာလောင်ခြင်း၏မရှိခြင်း စသည်, အချမ်း အပူ၏မရှိခြင်း စသည်ဖြင့်ဖြစ်သော အပြစ်မရှိသော ကိုယ်စိတ်၌ဖြစ်သော ချမ်းသာရဓေ။ ။အပေရိစ္စဇနံ အပရိစ္စာဂေါ။ယင်းကို မှီဝဲသုံးဆောင်ခြင်းရဓေ။

ဂေါစရဂါမ၏အနည်း၌ နေတော်မူခြင်းကား နိမိတ်၊ ထို့ကြောင့် ပုရိမေနး၊ပ၊ဝိဟာရံ မိန့်သည်။

ဥတ္တရိ၊ပ၊နိမိတ္တံ၊လူတို့၏ကုသိုလ်ကမ္မပထတရားဆယ်ပါးထက် လွန်မြတ်သော၊ ဝါ၊မြတ်သောလူဖြစ်ကုန်သော ဈာနသာဘိ အရိယာပုဂ္ဂိုလ်တို့ဥစ္စာဖြစ်သော ဈာန်မဂ်ဖိုလ်ကို အားထုတ်ခြင်း၏ အကြောင်းဖြစ်သော၊ ဖါသုဝိဟာရကို သမ္ဗန်၊ ။သာရတ္ထ၊

အဘိယုဉ္ဇနံ အဘိယောဂေါ။ ကမ္မဋ္ဌာန်းစီးဖြန်းခြင်း, သမာပတ်ဝင်စားခြင်း စသည် ရစေ။

ပစ္ဆိမဇနတာနုရူပဗ္ဗာနံ၌ နေတော်မူခြင်းကား နိမိတ်၊ ထို့ကြောင့် ပစ္ဆိမေနး၊ပ၊နိမိတ္တံမိန့်သည်။ ။သတ္တာနံဟိတသုခနိပ္ဖါဒနာဓိမုတ္တတံ-ဟု သာမန်ဆိုအပ်ပြီးသော အကျိုးကို နှစ်ဖြာခွဲ၍ ပြခြင်းငှါ ပုဇ္ဇိမေနး၊ပ၊ဒေဝတာနံ-မိန့်၊ ။ဝဇိရ၊

ဥပကာရဗဟုလတံ၊ များသောကျေးဇူးပြုခြင်း ရှိတော်မူသည်၏ အဖြစ်ကို၊

ပစ္စည်းကို ခံယူတော်မူခြင်း, တရား ဟောတော်မူခြင်း စသည်ဖြင့် များစွာ ကျေးဇူးပြုတော်မူသည် ဟူလို။

ဒေဝတာနံ၊နတ်ပြဟ္မာတို့အား၊ ဥပကာရဗဟုလတံ၊ကို၊ သမ္ဗန်၊

လူကောင်းသောအရပ်သို့ ယင်းဘို့ကပ်တတ်ရကား လူကောင်းသည်အဖြစ်ကြောင့် ပစ္ဆိမေနး ဒေဝတာနံ-မိန့်သည်။ ။သာရတ္ထ၊

ဓာတသာ၊ဖွဲ့းတော်မူသောမြတ်စွာဘုရား၏။ပ၊သံဝဍ္ဍဘာဝံ၊ အာမိသ အသုံးအဆောင်ဖြင့်ကောင်းစွာကြီးပွါးတော်မူစေအပ်သည်၏အဖြစ်ကို။

အာမိသောပဘောဂေန သံဝဍ္ဍိတဘာဝံ–ဖွင့်။ ဋီကာ။ ။ပစ္စည်းကိုခံယူ လျှင် သုံးဆောင်ခြင်းပြီးသောကြောင့်ဟူလို။

သောဂကေန၊ဖြင့်။ အနုပလိတ္တတံ၊လိမ်းကျံတော်မမူသည်၏အဖြစ်ကို။ ဝိဝိဗ္ဗောကာသ၌ နေတော်မူသောကြောင့်ဟူလို။ ။ပုရိမေန တဒင်္ဂပရိ နိဗ္ဗါဒံ ဒသေသတိ၊သမ္ဗန်။ ။အကျိုးကိုမပြီးစေနိုင်က အနီးဝယ်နေတော် မမူသောကြောင့်ဟူလို။

ယင်းအကျိုးကို ပြီးစေနိုင်သည်၏အဖြစ်ကို အဘယ်ကြောင့်သိသနည်း ဟု၍ကြောင့် ဇေကပုဂ္ဂလော၊ပ။ဝစနတော–မိန့်။

ဇေကပုဂ္ဂလော၊ တုဘက်ကင်းမြောက်တယောက်တည်းသော ပုဂ္ဂိုလ် သည်။

ဧကသဒ္ဒါသည် 'အသဒိသဂုဏဝိသိဋ္ဌအသဟာယ' အနက်အားဖြင့် သေဋ္ဌ ဝါစက။

လောကေ၊သတ္တလောက၌၊ ဥပ္ပဇ္ဇမာနော၊ဖြစ်သည်ရှိသော်၊ ဗဟုဇနဟိ တာယ၊များစွာသောသတ္တဝါ၏စီးပွါးအကျိုး၄ါ၊ ဗဟုဇနသုခါယ၊ချမ်းသာ အကျိုး၄ါ၊(ဘဒ္ဒနဌ်စတုတ္ထိ)။

ဒိဋ္ဌဓမ္မိက; သမ္ပရာယိက-ဖြစ်သော 'ဟိတောပဒေသ' ဖြစ်တော်မူရကား ပညာ၏ ပြည့်စုံခြင်းဖြင့် 'ဗဟုဇနဟိတ'အကျိုး၄ါ 'ဥပကရဏသုခ'ကို ပေး တော်မူတတ်ရကား 'စာဂ'၏ပြည့်စုံခြင်းဖြင့် ဗဟုဇနသုခ အကျိုး၄ါ ဖြစ်တော် မူသည်ဟူလို။ ။ဝဇီရ။

လောကာနုကမ္ပာယ၊သတ္တလောကကို သနားတော်မူခြင်း၄ါ။(တုဒတ္တဌ် စတုတ္ထိ)။

တုမဓိဋ္ဌ လောကာနုကမ္ပာယ၊လောကံ အနုကမ္ပိတုန္တိ အတ္ထော။ ရူပသိဒ္ဓိ, သဒ္ဒနီတိ။

ဝါ၊သတ္တလောကကို သနားခြင်းကိုပြုတော်မူခြင်း၄ါ။

လောကာနုကမ္ပံ ကာတုန္တိ အတ္ထော၊နိဒ္ဒေသ။ ။တုံပစ္စယန္တနှင့် မယှဉ် သော် သမ္ပဒါန်။ယင်းနှင့်ယှဉ်သော်'ကံသာ'ဟူ၏။ရင်း ။ယင်းကား သကတ္တ ကို အတွင်းသွင်း၍ 'သယတိ သယနံ ကရောတိ'စသည်ကဲ့သို့ သကမ္မကဓာတ် နှင့်ဖွင့်လျှင် ကံ၊သယတိ သယနံ ဘဝတိ–စသည်ကဲ့သို့ အကမ္မကဓာတ်နှင့်ဖွင့်

လျှင်ကတ္တားပင် ဖြစ်သင့်သောကြောင့်၊ဆင်ခြင်။ ။တဒတ္ထနှင့် တုမတ္ထ အထူးကား၊ကြိယာ၏အကျိုးဖြစ်သည်ကား တဒတ္ထ၊ ကြိယာ၏အကျိုးမဖြစ်သည်ကား တုမတ္ထ။

တဒတ္ထသ တုမတ္ထဿ၊လက္ခဏမာဒိသေ ဗုဓော။
ယဿ ပယောဇနံ ယံယံ၊သော တဒတ္ထောတိ ဝုစ္စတိ။
နဟိ ပယောဇနံ ယံယံ၊သော တုမတ္ထောတိ ဝုစ္စတိ။ ။သဒ္ဒါငယ်။

အချို့လည်း သမ္ပဒါန်သည် 'ကံ'ကင်းသောအနက်၌ တဒတ္ထ၊ ကံနှင့်တကွသောအနက်၌ကား 'တုမတ္ထ'ဟူ၏။ ။အချို့လည်း ဒြဗ်အနက်၌ တဒတ္ထ၊ ကြိယာအနက်၌ကား 'တုမတ္ထ'ဟူ၏။ ။အချို့လည်း တုံပစ္စည်းနှင့်မယှဉ်အပ်သော အနက်၌ တဒတ္ထ၊ယှဉ်အပ်သောအနက်၌ကား 'တုမတ္ထ'ဟူ၏။ ၊လောကာနုကမ္ပါယ-ဟူသော်လည်း ကရုဏာတော်အာရုံဖြစ်သော သတ္တလောကကိုသာ၊ယင်းလည်း 'ဘဗ္ဗ'ကိုသာယူ၊

လောကာနုကမ္ပာယာတိ သတ္တလောကဿ အနုကမ္ပံ ပဋိစ္စ ဥပ္ပန္နတိ၊ ကတရသတ္တလောကဿာတိ။ ယော တထာဂတဿ ဓမ္မဒေသနံ သုတွာ အမတပါနံ ပိဝိ၊ဓမ္မံ ပဋိဝိဇ္ဈိ။ သာရတ္ထ၊ အင်္ဂုတ္တရအဋ္ဌကထာ။ ။မိဘတို့ကဲ့သို့ လောကကိုစောင့်ရှောက်တော်မူတတ်ရကား မေတ္တာ,ကရုဏာတော်၏ပြည့်စုံခြင်းဖြင့် 'လောကာနုကမ္ပအလို့ငှါ ဖြစ်တော်မူသည်ဟူ၏။ဝဇိရ။ ။လောကာနုကမ္ပအကျယ်ကို သာရတ္ထဒီပနီ,အင်္ဂုတ္တရအဋ္ဌကထာများမှာရှု။

ဒေဝမနုဿာနံ၊တို့၏၊

မင်္ဂဖိုလ်ကို မျက်မှောက်ပြုခြင်းငှါ ထိုက်သော သဟိတ် ပုဂ္ဂိုလ်တို့ကို ပြခြင်းငှါသာ ယင်းသို့ဟူသည်။ ကြွင်းသော 'နဂါး, ဂဠုန်' စသည်တို့၏ အလို့ငှါလည်း ဖြစ်တော်မူသည်သာ။ ၊ဋီကာ,အင်္ဂုတ္တရအဋ္ဌကထာ။ ။သတ္တာဒေဝမနုဿာနံ-ကဲ့သို့ ဥက္ကဋ္ဌနည်း ဟူလို။

အတ္ထာယ၊လောကီ,လောကုတ္တရာအကျိုးအလို့ငှါ၊ ဟိတာယ၊လောကီ,လောကုတ္တရာစီးပွါးအကျိုးငှါ၊ သုခါယ၊ လောကီ,လောကုတ္တရာချမ်းသာအကျိုးငှါ၊

လောကီ, လောကုတ္တရာ အကျိုးစီးပွား ချမ်းသာပြီးစိမ့်ငှါ ဖြစ်တော်မူသည်ဟူလို။အင်္ဂုတ္တရဋီကာ။

ဝါ-အတ္ထာယ၊ နိဗ္ဗာန်ဟူသော ပရမတ်အကျိုးငှါ၊ ဟိတာယ၊ မဂ်ဟူသောစီးပွါးအကျိုးငှါ၊ သုခါယ၊ဖလသမာပတ်ဟူသောချမ်းသာအကျိုးငှါ၊

ပရမတ္ထအတ္ထ ဖြစ်သောကြောင့် နိဗ္ဗာန်ကိုအတ္ထ၊ ယင်းသို့ ရောက်စေတတ်ရကား မဂ်ထက်လွန်သော 'ဟိတ'မရှိသောကြောင့် မဂ်ကိုဟိတ။ ယင်းထက်

လွန်သော သုခ မရှိရကား ဖလသမာပတ်ချမ်းသာကို 'သုခ'ဟူသည်။ ။ ဝဇိရ၊

## ဥပ္ပဋ္ဌတိ၊ဖြစ်ထော်မှုဆဲ၊

ဝတ္တမာနေ မာနဿာ-ဟူရကား 'ဥပ္ပဇ္ဇမာနော'လည်း ပစ္စုပ္ပန်၊ဝတ္တမာနာ ပစ္စုပ္ပန္နေ-ဟူရကား 'ဥပ္ပဇ္ဇတိ'လည်း ပစ္စုပ္ပန်ဖြစ်၍ 'ဝိပ္ပကတသဒ္ဒါ'ချည်းပင်။ ထိုကြောင့် ကေပုဂ္ဂလော၊ သည်။ လောကော၊ ၌။ ဥပ္ပဇ္ဇမာနော၊ ဖြစ်ဆဲသည်။ ဥပ္ပဇ္ဇတိ၊ဖြစ်ဆဲ-ဟု သမ္ဗန်လျှင် ဥပ္ပဇ္ဇမာနောသည် ဥပ္ပဇ္ဇတိနှင့်အရ မပြားသော ကြောင့် 'ဝိကတိကတ္တား'မဖြစ်နိုင်ရကား ဥပ္ပဇ္ဇတိ၊ဥပ္ပဇ္ဇတိဟူသည်နှင့်တူသော ကြောင့် 'နိရတ္ထက'ဖြစ်ခဲ့။ ။ဝါ—လောကော၊၌။ ဥပ္ပဇ္ဇမာနော၊ ဖြစ်ဆဲသော။ ကေပုဂ္ဂလော၊သည်။ ဥပ္ပဇ္ဇတိ၊ဖြစ်ဆဲ—ဟု သမ္ဗန်လျှင် 'ကေပုဂ္ဂလော'သည် မိမိ ဖြစ်ဆဲသာဖြစ်၍ 'ဗဟုဇနဟိတ'စသည် အကျိုးကို မပြီးစေနိုင်ရကား ဥပ္ပဇ္ဇတိ ကတ္တား မဖြစ်သောကြောင့် နိရတ္ထက ဖြစ်ခဲ့ဟူငြားအံ့၊ သို့သော်လည်း ဥပ္ပဇ္ဇ မာနော၌ မာနပစ္စည်းကား ပစ္စုပ္ပန်ကာလ၌ ကတ္တားကို ဝါစက။ လက္ခဏကို ဇောတကတပ်ရကား ဝတ္တမာနေ မာနဿာ၊ ကတ္တရိကိတ်-စသောပုဒ်တပါးဖြင့် မတားမြစ်သောကြောင့် ဥပ္ပဇ္ဇမာနော၊သော်။ ဗဟုဇနဟိတာယ၊ငှါ။ ဥပ္ပဇ္ဇတိ၊ ဖြစ်ဆဲ—ဟု သမ္ဗန်။ထိုကြောင့် နိရတ္ထကမဖြစ်ဟူပေ။

သိဒ္ဓေ သတျာရမ္ဘော နိယမာယ ဝါ ဟောတိ အဏ္ဏွန္တရဝိညာပနာယ ဝါ ဟူသည်နှင့်အညီ ဥပ္ပဇ္ဇတိဟူလျှင် ပြီးကောင်းလျက် 'ဥပ္ပဇ္ဇမာနော'ဟူပြန်သော ကြောင့်တပါးသောအကြောင်းကြောင့် ဖြစ်တော်မူသည်မဟုတ် 'ဗဟုဇနဟိတ' စသည်အကျိုးငှါသာဖြစ်တော်မူသည်ဟူလို။

ဥပ္ပဇ္ဇမာနော ဥပ္ပဇ္ဇတီတိ ဣဒမ္ပန ဥဘယမ္ပိ ဝိပ္ပကတဝစနမေဝ၊ ဥပ္ပဇ္ဇန္တော ဗဟုဇနဟိတတ္ထာယ ဥပ္ပဇ္ဇတိ၊န အညေန ကာရဏေနာတိ ဧဝံပနေတ္ထ အတ္ထော ဝေဒိတဗ္ဗော။ဧဝရူပဉ္စေတ္ထ လက္ခဏံ န သက္ကာ ဧတံ အညေန သဒ္ဒလက္ခဏေန ပဋိဗာဟိတုံ။သာရတ္ထ,အင်္ဂုတ္တရအဋ္ဌကထာ။

ဥပ္ပဇ္ဇမာနော ဗဟုဇနဟိတာဒိအတ္ထာယေဝ ဥပ္ပဇ္ဇတီတိ ယောဇနာ၊ဝိဘော်။

ဝါ—ဥပ္ပဇ္ဇမာန,ဥပ္ပဇ္ဇတိ, ဥပ္ပန္န—ဟု သုံးပါးတို့တွင် ပါရမီဖြစ်စမှစ၍ အဂ္ဂါမိ ဖိုလ်တိုင်အောင် ဥပ္ပဇ္ဇမာန၊ အရဟတ္တမဂ်ခဏ၌ကား ဥပ္ပဇ္ဇတိ၊ အရဟတ္တဖိုလ် ခဏ၌ကား ဥပ္ပန္န၊ဤ၌ ဥပ္ပဇ္ဇတိကား 'ဥပ္ပန္န'ကို ဟောသည်။ထိုကြောင့်—

ဥပ္ပဇ္ဇမာနော၊ဖြစ်ငွမ်းနိုင်သော၊ကေပုဂ္ဂလော၊သည်။ ဥပ္ပဇ္ဇတိ၊ဖြစ်တော် မူပြီ၊ သမ္ဗန်၊

ဣမသ္မိံ ပန သုတ္တေ အရဟတ္တဖလက္ခဏံ ယေဝ သန္ဓာယ ဥပ္ပဇ္ဇတီတိ ဝုတ္တံ။ ဥပ္ပန္နော ဟောတီတိ အယံ ဟေတ္ထ အတ္ထော။ ။သာရတ္ထ,အင်္ဂုတ္တရအဋ္ဌကထာ။

ဥပ္ပန္နမာနေဝ္ဝ မာနပစ္စည်းကား ကတ္တားကိုဝါစက၊ သတ္တိကို ဇောတက တပ်သည်။ ပန္တိမဘာဝ၌ ဖြစ်ခြင်းငှါ စွမ်းနိုင်သော 'ဗောဓိသမ္ဘာရ'နှင့် ပြည့်စုံသည်ဟူလို။

ဥပ္ပန္နမာနေဝါတိ ဝါ ဥပ္ပန္နိတုံ သမတ္ထော သတ္တိအတ္ထောစာယံ မာနသဒ္ဒေါ။ ယာဝတာ ဟိ သာမတ္ထိယေန မဟာဗောဓိသတ္တာနံ စရိမဘဝေ ဥပ္ပတ္တိ ဣန္တိတဗ္ဗာ၊တတ္တ ကေန ဗောဓိသမ္ဘာရသမ္ဘူတေန ပရိပုဏ္ဏေန သမန္နာဂတောတိ အတ္ထော။ ။အဂ္ဂုတ္တရဋီကာ။

ယင်းပုဂ္ဂိုလ်ကိုမေး၍ထင်စွာပြခြင်းငှါ ကတမော-စသည်မိန့်၊

ယဒတ္ထံ၊အကြင်လောကတ္ထအကျိုးငှါ၊ ဝါ၊ဗုဒ္ဓကိစ္စအကျိုးငှါ၊ တဒတ္ထ ပရိနိပ္ဖါဒနံ၊ ထိုလောကတ္ထ၏ပြီးခြင်းကို၊ ဝါ၊ထိုဗုဒ္ဓကိစ္စ၏ပြည့်စုံခြင်းကို၊ ယတ္တ၊ အကြင်တော်၌၊ တဒနုရူပပဝိဟာရံ၊ ထိုဖြစ်တော်မူရာ တောအား လျော်သော နေတော်မူခြင်းကို၊

တဒနုရူပပဝိဟာရအဖြစ်ကိုပြီးစေလိုသောကြောင့် ဘဂဝါ ပေ-စသည် မိန့်။

လုမ္ဗိနိဝနေ၊ဝါးတော၌ယျာဉ်၌၊

လုမ္ဗိနိဝနေတိ ဝေဠုဝနေ။ ပဋိသမ္ဘိဒါမဂ်ဂဏ္ဌိ။ ။လုမ္ဗိယတိ တဒတ္တိ ကေဟိ အဒ္ဓိယတိ ဂမိယတိ အာယာစိယတီတိ ဝါ လုမ္ဗိနီ၊ဝေဠု-ပြု။ ။ဝါးပင်ရှိသောကြောင့်သာ 'လုမ္ဗိနိဝန်'ဟူသည်။ ။ဝေဠုဝန်ဥယျာဉ်ကဲ့သို့ယူ။

ဝါ၊လုမ္ဗိနိဝနေ၊အင်ကြင်းဥယျာဉ်၌၊

သာလဝနေဝါ–ဖွင့်။ရင်း။ ။လုမ္ဗိယတိ ပုပ္ဖတ္တိကေဟိ ဂမိယတိ အာယာစိယတီတိ ဝါ လုမ္ဗိနီ၊သာလော–ပြု။ခဒိရဝနံကဲ့သို့ ယေဘုယျသာ။

လုဒိ တုဗိ အဒ္ဒနေ။လုမ္ဗတိ- လုမ္ဗိနိဝနံ။တုမ္ဗတိ ဥဒကတုမ္ဗော။ ။သဒ္ဒနီတိ။

ရူပကာယေန ဇာတော၊ ဗောဓိမဏ္ဍေ ဓမ္မကာယေန ဇာတော-ဟု ထည့်သမွန်၊ သာဓုတ္တ၊

အာဒိသဒ္ဒါဖြင့် အစဉ်အတိုင်း သဒ္ဒါနှစ်ပါးဖြင့် ရူပကာယကို၊ ဓမ္မကာယကို ချီးမြှောက်ခြင်းကို၊ သူတပါးနှင့်စပ်သော အမှုအရာကို ကိုယ်တော်နှင့်စပ်သော အမှုအရာကိုပြခြင်းကို၊ ကရုဏာတော်၏ကိစ္စကို ပညာတော်၏ကိစ္စကို၊သဗ္ဗညုဘုရား၏လွန်မြတ်သော သနားတော်မူခြင်းနှင့် လျစ်လျူရှုတော်မူခြင်းနှင့် ပြည့်စုံသည်ကို ပြတော်မူ၏။ ဤသို့ စသည်ကိုယူ၊ ရင်း။ ။ဋီကာ၌ အာဒိသဒ္ဒါဖြင့် မနုသေသု အနေ္တာဂတဘာဝံ၊တေဟိ အဓိကဘာဝံ။ ။ဥပဂတာနံ အစ္စန္တုပကာရကဘာဝံ လောကေဟိ အစ္စုပဂမနီယဘာဝံ။ ။ရူပကာယေန အနောပမဘာဝံ၊ဓမ္မကာယေနအနောပမဘာဝံ ဤသို့စသည်ကိုယူ။

ပူဇုတ္တမပစ္စုရေသု၊ သမ္မုတိုဿရိယေသုစ။
ဝုဒ္ဓေစေဝါတိ အဗ္ဗေသု၊ မဟန္တော ဆသု ဝတ္တတိ။ ။

ဟူသည်တွင် ဤ၌ဥတ္တမတ္ထ, ပစ္စုရတ္ထဟု ပြလိုရကား မဟတာ၊ပ၊ မဟတ္တေနပိ-မိန္န်။

ယင်းကိုပြီးစေလိုရကား ဝါ-မြဲစေလိုရကား သော ဟိ-စသည်မိန္န်၊

ဟိကားသမတ္ထန၊ ဝါ-ဒဠှိ၊ ။သသ္မာ၊ကြောင့်၊ တတ္တတသ္မိ ဘိက္ခု သံဃော၊၌၊ ယောနှင့်အပေါင်းအစိတ်အဖြစ်ဖြင့်စပ်၊ ရုက္ခေ သာခါကဲ့သို့။

ဝါ၊တွင်၊

ယင်းနှင့် နိဒ္ဓါရဏစပ်။ ။နိဒ္ဓါရဏ၌ ကေဝုစ်လည်း သင့်၏ဟူသော ဆရာ တို့ဝါဒ။

ဂုဏေန၊လောကုတ္တရာဖြစ်သော သီလ,သမာဓိ-စသောဂုဏ်အားဖြင့်၊ ထည့်၊ ပစ္ဆိမကော၊နောက်၌ဖြစ်၏၊ ဝါ၊ငယ်၏၊

ပစ္ဆိမကောတိ ဂုဏေန ပစ္ဆိမကော။သာရတ္ထ။ ။ဂုဏဝသေန ပစ္ဆိမကော သဗ္ဗ ပရိတ္တဂုဏော။အဋ္ဌကထာ။ ။လောကုတ္တရာဂုဏ်အားဖြင့် ‘ငယ်သည်’ ကိုသာ ‘ပစ္ဆိမကော’ဟူသည်။ ။လောကီဂုဏ်အားဖြင့်ကား ‘ကြီးသည်’သာ ဟူလို။ ။အရှင် ‘အာနန္ဒာ’ကိုရည်၍ ယင်းကိုဆိုသည်။ ။ငင်း၊သာရတ္ထ။

သော သောတာပန္နော၊ တသ္မာ ဂုဏေဟိပိ မဟာ အဟောသိ၊သမ္ဗန်၊ ဘိက္ခူနံ သံဃေန ဘိက္ခု သံဃေနကား ဝါကျာဝဓိက န္တ အားဖြင့်ဆိုသည်၊

ဒိဋ္ဌိသီလသာမညေန သံဟတောတိ သံဃောကို ပြလိုသောကြောင့် ဒိဋ္ဌိ၊ပ၊အတ္ထောကိုမိန္န်၊ ။ငိုကာ၊

ဝါ-သံသာရေ ဘယံ ဣက္ခတီတိ ဘိက္ခုဟူရကား ပရိသတ်လေးပါး နှင့်ဆက်ဆံသောကြောင့်ရင်း၊ သံဃော သတ္တောတု ဓာန္တုနံ-ဟူရကား တူ မတူ သတ္တဝါအပေါင်းကို သံဃဟုသောကြောင့်ရင်း၊ သမဏဂဏေန- မိန္န်။ ။ရဟန်းတို့ အပေါင်းသာ။ ယင်းလည်း ဓာတ်မတူသော်လည်း ဂုဏ်တူအပေါင်းသာဟူလို၊

ယင်းဂုဏ်တူအပေါင်း အဖြစ်ကို ထင်စွာ ပြလိုရကား ဒိဋ္ဌိ၊ပ၊သဃာ တေန-မိန္န်၊ ။ယင်းဖြင့် ဒိဋ္ဌိသီလသာမညေန သံဟတောတိ သံဃော ကိုပြသည်။ သမဂ္ဂံ ကမ္မံ ဥပဂစ္ဆတိ ကြောင့်သာမဟုတ်ဟူလို၊

ဒိဋ္ဌိသီလသာမညသင်္ခါတသဃာတေန၊အယူသီလတို့၏ တူမျှသည်၏ အဖြစ်ဟုဆိုအပ်သော သဒိသဘောဂုဏ်ဖြင့် ပေါင်းအင်ငံသော၊

ပဿတီတိ ဒိဋ္ဌိ၊ပဿန္တိ ဝါ ဧတာယာတိ ဒိဋ္ဌိ၊ ဒဿနံ ဝါ ဒိဋ္ဌိ—ပြု။ ။ ယင်းကား 'သမ္မာဒိဋ္ဌိ, မိစ္ဆာဒိဋ္ဌိ'ဟု နှစ်ပါးတွင် ဤ၌ သမ္မာဒိဋ္ဌိ။ ယင်းလည်း လောကီ, လောကုတ္တရာနှစ်ပါးတွင် ဤ၌ ''ယာယံဒိဋ္ဌိ အရိယာ နိယျာနိကာ နိယျာတိ တက္ကရဿ သမ္မာ ဒုက္ခက္ခယာယ၊တထာရူပါယဒိဋ္ဌိယာ ဒိဋ္ဌိသာမညဂတော ဝိဟရတိ''ဟုကောသမ္ဗကသုတ်၌ဟောတော်မူသောလောကုတ္တရာသာ။

သီလတိ ကုသလာဒိဓမ္မော။သီလယန္တိ ဝါ ဧတေ ဧတ္ထာတိ သီလံ၊သီလနံ ဝါ သီလံ—ပြု။ ။ယင်းလည်း လောကီ, လောကုတ္တရာနှစ်ပါးတွင် ဤ၌ ''ယာနိ တာနိ သီလာနိ အခဏ္ဍာနိ အစ္ဆိဒ္ဒါနိ အသဗလာနိ အကမ္မာသာနိ ဘုဇိဿာနိ ဝိညူပသတ္ထာနိ အပရာမဋ္ဌာနိ သမာဓိသံဝတ္တနိကာနိ။ ယထာရူပေဟိ သီလေဟိ သီလသာမညဂတော ဝိဟရတိ''ဟု ယင်းသုတ်၌ ဟောတော်မူသော လောကုတ္တရာသာ။ ။ဋီကာ။

သမာဓိပညာကိုလည်း မယူမူ၍ ဒိဋ္ဌိသီလမျှကိုသာ အဘယ်ကြောင့် ယူသနည်းဟူငြားအံ့။ ယင်းဒွိသာ အလုံးစုံသေက္ခ, အသေက္ခအဖြစ် တူသော-ဟူပေ။ ။၁၆၇။

ဒိဋ္ဌိသဒ္ဒါဖြင့်ပညာကိုလည်း ယူအပ်သည် မဟုတ်လော ဟူငြားအံ့၊ သောတာပန် စသည်တို့၏ ပညာယ ပရိပူရကာရီအဖြစ် လျော့ပါးသော ကြောင့် မယူအပ်၊ ထိုကြောင့် ယင်းပညာဒိဋ္ဌိတို့၏ တူသောလက္ခဏာ ရှိကုန်သော်လည်း အဝဋ္ဌနှုရအားဖြင့် အသုံးရှိသည် စိတ်-သမာဓိန္ဒြေ, သမ္မာသမာဓိတို့ကဲ့သို့ဟူလို။ ။ရင်း။

သမာနာနံ ဘာဝေါ သာမညံ၊ဒိဋ္ဌိသီလာနံ သာမညံ ဒိဋ္ဌိသီလသာမညံ။ယင်းတို့၏ သဒိသဘောဂုဏ်ရစေ။ ။သံဟနိယတီတိ သင်္ဃာတော၊ဒိဋ္ဌိသီလသာမညေန သင်္ခါတေန သင်္ဃာတော ဒိဋ္ဌိသီလသာမညသင်္ခါတသင်္ဃာတော—ပြု။ဋီကာ။

အဋ္ဌာနမေတံ ဘိက္ခဝေ အနဝကာသော၊ ယံ ဒိဋ္ဌိသမ္ပန္နော ပုဂ္ဂလော သဉ္စိစ္စ ပါဏံ ဇီဝိတာ ဝေါရောပေယျာတိ ဧဝံ ဋ္ဌာနံ ဝိတ္ထာရိ-စသည်ကို ဟောတော်မူရကား ဒိဋ္ဌိသီလတို့၏ နိယတသဘောရှိသောကြောင့် သောတာပန်တို့သော်လည်း အချင်းချင်း ဒိဋ္ဌိသီလသာမန်အားဖြင့် ပေါင်းအပ်ကုန်သည်၊ သကဒါဂါမိစသည်တို့ကား ဆိုဖွယ်မရှိဟူလို၊ ရင်း၊

အဓိပ္ပါယ်ကား အရိယာပုဂ္ဂိုလ်တို့ကို အမှတ်မရှိ ဝေးသောအရပ်၌ တည်ကုန်သော်သည်း လူပြည်က အရိယာနှင့် ဘဝဂ်၌ အရိယာတို့ကို မိမိ၏ ဂုဏ်သာမဂ္ဂီအားဖြင့်ပေါင်းအပ်ကုန်သည်သာ,ဟူလို၊

အရိယပုဂ္ဂလာ ဟိ ယထ္တကတ္တစိ ဒူရေ ဋ္ဌိတာပိ အတ္တနော ဂုဏသာမဂ္ဂိယာ သံဟတာယေဝ။သာရတ္ထ။ ။'ဒိဋ္ဌိသီလသာမညသံဃာတသင်္ဃာတေန'ဟု သာ ပါဠ်ရှိသင့်သည်။

အချို့၌ သင်္ဃာတသင်္ဃာတေန-ဟုရှင်း၊ သင်္ဃာတေနတွင်၍သာရှင်း။ ။ သင်္ဃာတေနတွင်၍သာရှင်းရှိတတ်သည်မလို။

ဒိဋ္ဌိသီလ သာမည သင်္ဃာတ သင်္ဃာတေနာတိ ပါဠ္ဌေနေတ္ထ ဘဝိတဗ္ဗံ။ ။ ဝိမတိ။

တထာရူပါယ ဒိဋ္ဌိယာ ဒိဋ္ဌိသာမညဂတော ဝိဟရတိ၊ တထာရူပေဟိ သီ လေဟိ သီလသာမညဂတော ဝိဟရတိ-ဟုဟောတော်မူသောကြောင့် ပုထုဇဉ် တို့၏လည်း ဒိဋ္ဌိသီလသာမည အားဖြင့် ပေါင်းအပ်သည်အဖြစ်ကို ရအပ်၏။ သို့သော်လည်း 'ယော တဿ ပဏ္ဏိမကော၊သော သောတာပန္နော' ဟု ဟော တော်မူသောကြောင့် ဤ၌ အရိယာသံဃာကိုသာလိုအပ်၏။ ။သာရတ္ထ။

သဒ္ဒိကား ကြိယာသမဝါယ၌ နိပါတ်ဟု ပြလိုသောကြောင့် သဒ္ဒိန္တိ ဧကတော-မိန့်၊

ပဓာဏ်သဓိယေမဂ္ဂာ၊ အဂ္ဂရာ ဝယ ဝပ္ပကော-ဟူသည်တွင် ဤ၌ ပဓာဏဟုပြလိုရကား မဂ္ဂါ၊ပ၊ဂုဏ္ဍတိ-မိန့်၊

ဘိက္ခုသတေဟိ၌ သတကား သင်္ချာပဓာန နပုလ္လိင်၊ ရာသိဘောဒဖြစ် ရကား ဗဟုဝုစ်။ ၊သတံ နပုံသကမေကဝစနန္တဉ္စ၊တထာ သဟဿံ၊ ဝဂ္ဂ ဘေဒေ၊သဗ္ဗံ ဗဟုဝစနံပိ ဘဝတိ၊ ရူပသိဒ္ဓိ၊ ၊ထို့ကြောင့် ဘိက္ခူနံ သတာနိ ဘိက္ခုသတာနိ-မိန့်၊

ယင်းပဥ္စ၊ပ၊သတေဟိကို အဘယ့်ကြောင့် ဟောတော်မူပြန်သနည်း မဟတာ ဘိက္ခုသံဃေနဖြင့်ပင် ပြီးပြီဟုတ်လော။ ။ဝါ၊မဟတာ၏ သင်္ချာမဟတ္တအဖြစ်ကို အဘယ့်ကြောင့် သိသနည်း ရုဒ်ကြောင့် ဓောန- စသည်မိန့်၊

ဓောနဝစနေန၊ဤပဉ္စ၊ပ၊သတေဟိ-ဟူသောသဒ္ဒါဖြင့်၊ ဒဿိတံ ဟော တိ၊ ၊သမ္ဗန်၊

ယင်းသို့ ပြလိုသောကြောင့် ဟောပြန်သည်။ ဝါ၊ယင်းသို့ပြသောကြောင့်သိ သည်ဟူလို။

ယင်းဖြင့် သင်္ချာမဟတ္တကို၊ ယင်းကြောင့် သိသော် ဂုဏမဟတ္တကို အဘယ်ဖြင့် အဘယ်ကြောင့် သိသနည်း ရုဒ်ကြောင့် ပရေတော-စသည်မိန့်၊

· ပနကား ဝါကျာရမ္ဘ၊ ယောဇနာ၌ကား ဝိသေသဇောတကဟူ၍၊ ဆင်ခြင်။ ။အဿ မဟတော ဘိက္ခုသံဃဿ-စွဲ။ ဝိမတိ၊ ယောဇနာ၊ ဝါ၊ပဉ္စမတ္တဿ ဘိက္ခုသတဿ-စွဲ၊ ။သာရတ္ထ၊

ယင်းကို အဋ္ဌကထာ၌ 'တဿ မဟတော ဘိက္ခုသံဃဿ'နှင့် မညီသော ကြောင့်၎င်း၊ပါဠိ၌ 'ပဉ္စမတ္တေဟိ ဘိက္ခုသတေဟိ'ဟု ဗဟုဝုစ်ဖြင့် ဟောတော် မူသောကြောင့်၎င်း၊ ဆင်ခြင်။ ။ဂဏ္ဌိမဟာတွံမှာစပ်။

အသောသိ ၌ သုဓာတ် အဇ္ဇတ္တနီ-ဤဝိဘတ်၊ အ-အက္ခရာကား အာဂုံ၊သ-အက္ခရာအာဂုံဟုပြလိုရကား အသောသီတိ သုဏိ-မိန့်၊

သုဏိ၌သဝနဟူသည်၊ ဥပလဒ္ဓိ၊ယင်းဥပလဒ္ဓိဟူသည်ဉာဏ၊ယင်း ဉာဏသည်း ကြားသည်အမွှမ်းဖြင့်သာဟုပြလိုရကား ဥပလဘိ၊ပ၊အညာသိ-မိန့်၊

သောတဒွါရသမ္ပတ္တဝစနနိဃောသာနုသာရေန၊ သောတဒွါရသို့ရောက် သော စကားတည်းဟူသော အသံကို အစဉ်လျှောက်၍ ကြံအောက်မေ့ သဖြင့်၊ (သောတဒွါရသို့ ရောက်လာသော သဒ္ဒါရုံကို အာရုံပြု၍ သိသည် ဟုလို)၊

သဗ္ဗမ္ပိ ဝါကျံ အန္တောဂဓာဝဓာရဏံ-ဟူရကား အသောသိသဒ္ဒါ သည်ပင် အသောသိဧဝ၊နာဿ ကောစိ သဝနန္တရာယော အဟောသိ-ဟုအဝဓာရဏအကျိုးရှိသောကြောင့် ဧဝကား ပဒပူရဏဟု ပြလိုရကား ဧဝါတိပဒပူရဏမတ္တေ-မိန့်၊

ခပ်သိမ်းသော ဝါကျသည် အဝဓာရဏ အတွင်းရှိသော်လည်း ဧဝ သဒ္ဒါသည် လိုအပ်သောအနက်မှ ပိုင်းခြားခြင်းအနက်ရှိ၏ဟု ပြလိုရကား အဝဓာရဏတ္ထေ ဝါ-မိန့်။ ။သာရတ္ထ၊

အဝဓာရဏတ္ထေတိ ဣမိနာ ပန ဣဋ္ဌတောဝဓာရဏတ္ထံ ဧဝသဒ္ဒဂ္ဂဟဏန္တိ ဒဿေတိ။ ။သီလက္ခန္ဓဋီကာ။

ဝါ၊ သဒ္ဒန္တရတ္ထာပေါဟနဝသေန သဒ္ဒေါ အတ္ထံ ဝဒတိ ဟူရကား အသောသိသဒ္ဒါသည်ပင် နော န အသောသိဟု အညတ္ထာပေါဟန အနက်ရှိသောကြောင့် ဧဝကား ပဒပူရဏဟု ပြလိုရကား ဧဝါတိပဒပူရဏမတ္တေ-မိန့်၊ ဥဒါန်းအဋ္ဌကထာ, ကင်္ခါဋီကာ၊

နေ၁ နှ အဿေ၁သိဟုအညတ္တ၁ပေါဟုနအနက်ရှိသော်လည်းခေါ်သဒ္ဒါ လိုအပ်သောအနက်မှ ပိုင်းခြားခြင်းအနက်ရှိ၏ဟု ပြလိုရကား အဝခ၁ရ ဏဗ္ဗေ-မိန့်၊ ၊အရာတိုင်းမှ၁ ဤနည်း၊

ယင်းဆိုဒ္ဓတော၁ဝခ၁ရဏအနက်ကိုပြလိုရကား တတ္ထ-စသည်မိန့်၊ ၊ သ၁ရတ္ထ၊

အ၁ခ၁ရဏဗ္ဗေန၊အ၁ဝခ၁ရဏအနက်ရှိသော ခေါ်သဒ္ဒါဖြင့်၊ အဗ္ဗေ၁ ပေဒိတဗ္ဗော၁မှ၁စပ်၊ ၊ပစ္စ၁သတ္တိနည်းအားဖြင့် အဝခ၁ရဏတ္ထကိုရှေးဦး စွ၁ပြသည်၊ အဝခ၁ရဏတ္ထ ခေါ်သဒ္ဒါသည် ယင်းသို့အနက်ရှိသော် ပဒပူရ ဏတ္ထ ခေါ်သဒ္ဒါဖြင့် အဘယ်အကျိုးရှိသနည်း ရှိကြောင့် ပဒပူရဏေန- စသည်မိန့်၊

ပဒပူရဏေန၊ပဒပူရဏအနက်ရှိသော ခေါ်သဒ္ဒါဖြင့်၊

ပဒဿ ပူရဏံ ပဒပူရဏံ၊ ပဒပူရဏံ အဗ္ဗော အဿ၁တိ ပဒပူရဏဗ္ဗော ဟူလိုလျက် နောက်ပုဒ်ကိုချေ၍ 'ပဒပူရဏ''ဟူသည်။

ဗျဉ္ဇနသိလိဋ္ဌတာ မတ္တမေဝ၊ ရှေ့ပုဒ် နောက်ပုဒ်တို့၏ ပြေပြစ်သည်၏ အဖြစ်မျှသည်သ၁လျှင်။ ပယောဇနံ၊အကျိုးတည်း။ ထည့်၊ ၊သမ္ဗန်။

တသ္မာ ပဒပူရဏေန ဗျဉ္ဇနသိလိဋ္ဌတာမတ္တမေဝ ပယောဇနံ။ ။သ၁ရတ္ထ။

'အဿေ၁သိ'ပုဒ်သည် 'ခေါ်သဒ္ဒါ'ကို ယူအပ်သော် ယင်းဖြင့် ဖွင့်သကဲ့သို့ တန်ဆ၁ဆင်သကဲ့သို့ဖြစ်၍ပြည့်သည်မည်၏။ထိုကြောင့် 'အဿေ၁သိ'ဟူသော ရှေ့ပုဒ်,ဝေရဉ္ဇ၁-ဟူသော နောက်ပုဒ်တို့ပြေပြစ်ကုန်သည်။ ။ယင်းကိုမယူသော် မပြေပြစ်။ ။ထိုကြောင့် ''ပဒပူရဏခေါ်သဒ္ဒါ''ဖြင့် ဗျဉ္ဇနသိလိဋ္ဌတာမတ္တသည် ပင် အကျိုးဟူလို။ ။ဧဝံ။သီလက္ခန်ဋီကာ။

နိမိတ္တကမ္မရသူပေသု၊ ဗျဉ္ဇနံဝိဟနေပဒေ—ဟူသည်တွင် ဤဗျဉ္ဇနကား ပဒတ္ထ။ ယောဇနာ၌ 'ပဒဗျဉ္ဇန'ရှိသည်ဟူ၏၊ဋီကာနှင့်မညီ။ ။မတ္တသဒ္ဒါကား ဝိသေသ နိဝတ္တိအနက်။ယင်းဖြင့် ခေါ်သဒ္ဒါ၏ အနက်အထူး မပြတတ်သည်အဖြစ်ကို ပြ သည်။ဧဝံ။ ။ဧဝသဒ္ဒါကား သန္နိဋ္ဌာန်အနက်။ ယင်းဖြင့် ဗျဉ္ဇနသိလိဋ္ဌတာ၏ ဧကန္တကအဖြစ်ကိုပြသည်။ဧဝံ။ ။ယင်းသို့ဖြစ်သော် ဘဂဝတော ပါရမိတာ နုဘာဝေနေဝ နိရတ္ထကမေဝကမက္ခရံပိ မုခံ နာရောဟတိ။ သကလမ္ပိ သာသနံ ပဒေပဒေ စတုသစ္စပ္ပကာသနံ ဟူသည်နှင့် ဆန့်ကျင်သောဟုပြောအံ့။ 'ပဒ ပူရဏခေါ်သဒ္ဒါ'သည်လည်း ပုဒ်တပါးသည် ဟောအပ်သော အနက်၏ ဝိသေ သနအစွမ်းဖြင့် 'အနန္တရာတီတ'ဖြစ်သော 'အဿေ၁သိ'ပုဒ်၏အနက်ကို ဟော သည်ပင် ယင်းကိုကား ခေါ်သဒ္ဒါကို ကြည့်၍လည်း ပုဒ်တပါးဖြင့်ပင် သိကောင်း ရကား 'ပဒပူရဏ'ဟူသည်သာ။ထိုကြောင့် မဆန့်ကျင်ဟူပေ။

နနုစ ဘဂဝတော ပါရမိတာ နုဘာဝေ နေဝ နိရုတ္တကာ မေကမကာ္ခရုံပိ မုခ်နာရောပိတိ၊ သကလမ္ဗ သာသနံ ပဒေပဒေ စတုသစ္စပကာသနတ္ထိ ဝုတ္တံ။ ကထံ တဿ ပဒပူရဏာသမ္ဘဝေါတိ၊ သစ္စံ၊ ပဒပူရဏမ္ပိ၊ ပဒန္တရာဘိဟိတဿ အတ္ထဿ ဝိသေသနဝသေန အနန္တရာတီတံ အတ္ထံ ဝဒတိဧဝ၊ သော ပန ဝိနာ တေန ပဒန္တရေနေဝ သက္ကာ ဝိညာပေတုန္တိ ပဒပူရဏမိစ္စေဝ ဝုတ္တန္တိ။ ။သဒ္ဒနီတိ။

ဝါ-သဗ္ဗညုဘုရားရှင်၏ ဒေသနာတော်သည် ဝေနေယျဇ္ဈာသယအား လျော်သည့် အလွမ်းဖြင့်ဖြစ်၏၊ ၊ဝေနေယျတို့လည်း အစမထင်သော သံသရာ၌ လောကီသဒ္ဒါတို့၌သာ လေ့ကျက်အပ်သော စိတ်ရှိကုန်၏၊ လောက၌လည်း အနက်အထူးကို ထိုးထွင်း၍ဆိုခြင်းမရှိသော်လည်း ဝါစာသိလိဋ္ဌအဖြစ်ဖြင့် လဇ္ဇတိ ပလဇ္ဇတိ၊ ခညတိ နိခညတိ၊ အာဂစ္ဆတိ ပစ္စာဂစ္ဆတိ-စသောသဒ္ဒပြယုဂ်ထင်သည်၊ ယင်းသို့ လေ့ကျက်သော ဝေနေယျတို့အား ယင်းသို့သော သဒ္ဒပြယုဂ်ဖြင့်သာ အနက်ကို သိလွယ်ရကား ပဒပူရဏပြယုဂ်ကို ယှဉ်သင့်သည်သာ၊ ထို့ကြောင့် မဆန့်ကျင်ဟူပေ၊

အထဝါ-ဝေနေယျဇ္ဈာသယာနုရူပဝသေန ဘဂဝတောဒေသနာ ပဝတ္တတိ ဝေနေယျာစအနာဒိမတိသံသာရေလောကိယေသုယေဝ သဒ္ဒေသု ပရိဘာဝိတစိတ္တာ။ လောကေစ အသတိ အတ္ထဝိသေသာဘာဝေ ဝါစာသိလိဋ္ဌတာယ သဒ္ဒပယောဂေါ ဒိဿတိ။ လဇ္ဇတိ၊ ပလဇ္ဇတိ၊ ခညတိ နိခညတိ၊ အာဂစ္ဆတိ ပစ္စာဂစ္ဆတီတိ တထာ ပရိစိတာနံ ဗောဓေဝိဓေနေဝ သဒ္ဒပယောဂေန အတ္ထာဝဂမော သုခေါ ဟောတီတိ ပဒပူရဏပယောဂေါ နောနယုဇ္ဇတိ။ ၄င်း။ ။

တဇ္ဇာတ, တမ္မဝ, တန္နိဝါသအနက်၌ ဏ-ပစ္စည်းကို သဒ္ဒါကျမ်း၌ စီရင်ရကား ဏရာဂါတသောဒ မညဇ္ဇေသုစ-စသော သဒ္ဒလက္ခဏာကို အစဉ်လျှောက်သဖြင့် အနက်ကိုပြလိုရကား ဝေရဉ္စာယံဘဝေါ-စသည်မိန့်။

ဒေသကိုစွဲ၍ ယင်းသို့မည်သော် ဟင်းငယ်ခည့်ကား အဘယ်နည်းရှိကြောင့် မာဘာပိတ္ထုဟိ-စသည်မိန့်၊ ၊ငိုကာစကားကျ၊

ပိတာ မဟော ဇိနေ သေဋ္ဌေ၊ဗြာဟ္မဏေစ ပိတုသွပိ။
ဗြဟ္မာ ဝုတ္တော တထာ ဗြဟ္မံ၊ဝေဒေ တပသိဝုစ္စတေ။ ။

ဟူသည်တွင် ဤ၌ နပုလ္လိင်ဖြစ်သော ဗြဟ္မသဒ္ဒါကား ဝေဒအနက်၊ အဏ ခေါတ်လည်း သဒ္ဒအနက်ဟုပြလိုရကား မန္တော သဇ္ဈာယတိတိ အထွေ့-မိန့်၊

ဝေဒေစ မန္တနေ မန္တော၊မန္တော ပညာယမုစ္စတေ။

ဟူသည်တွင် ဤ၌ ပုလ္လိင်မန္တသဒ္ဒါကား ဝေဒအနက်၊ ။ယင်းဝေဒသည်း မန္တ,ဗြာဟ္မဏ,ကပ္ပ-ဟု သုံးပါးတို့တွင် အဋ္ဌကစသောရသေ့တကျိပ်တို့သည် ပုဒ်တို့၏အကြောင်းရင်းအဖြစ်အားဖြင့် ဟောအပ်သော ဣရု,ယဇု, သာမ-ဟူသောဗေဒင်သုံးပုံသည် ဂုတ္တ,ဘာသိတဇ္ဇအနက်ကြောင့် မန္တမည်၏၊ ဗြာဟ္မဏ, ကပ္ပတို့ကား ယင်းကိုမှီ၍ ဖြစ်ကုန်၏၊ထို့ကြောင့် ပဓာနအားဖြင့် မန္တေ သဇ္ဈာယတိ-ဟူသည်။ ။ဋီကာ၊

ဗြဟ္မတော အာဂတာ ဗြာဟ္မဏာ၊ ဗြဟ္မုနော အပစ္စာနိ ဗြာဟ္မဏာ-စသည့်ဖြင့်ဗြာဟ္မဏသဒ္ဒါ၏ ဝစနတ္ထကို များစွာဆိုကြ၏။အဘယ့်ကြောင့်ဗြဟ္မ အာဂတောတိ ဗြာဟ္မဏောကိုသာ ဆိုသနည်း ရုဒ်ကြောင့် ဣဒမေဝ ဟိ-စသည်မိန့်။

ဣဒမေဝ နိရုတ္တိဝစနံ၊ ဤနိရုတ္တိဟိတ်ဝစနတ္ထသည်သာလျှင်၊

ဝေသဒ္ဒါဖြင့်'ဗြဟ္မတော ဇာတာ'စသောဝစနတ္ထကိုပယ်သည်၊ သာရတ္ထ။ 'ဇာတိဗြာဟ္မဏာနံ'ဖြင့် ယင်းမှတပါး 'ဗြာဟ္မဏ'ရှိသေး၏ဟုပြသည်။ ။၎င်း။

ဗြာဟ္မဏာကား ဇာတိဗြာဟ္မဏ,ဝိသုဒ္ဓိဗြာဟ္မဏဟူ၍နှစ်ပါးတို့တွင် ဝိသုဒ္ဓိဗြာဟ္မဏတို့၏နိရုတ္တိကိုပြလိုရကား အရိယာ ပန-စသည်ကိုမိန့်၊ ။၎င်း၊

ဗာဟိတပါပတ္တာ၊ ပယ်အပ်ပြီးသောမကောင်းမှုရှိသည်၏အဖြစ်ကြောင့်။

ဗာဓိယိတ္တာတိ ဗာဟိတံ၊ဗာဟိတံ ပါပံ ယေဟီတိ တထာ၊တေသံ ဘာဝေါ ဗာဟိတပါပတ္တံ-ပြု။

ယင်းဖြင့် ဗာဟေသိ ပါပါနီတိ ဗြာဟ္မဏာကိုပြသည်၊ ။အဘယ့်ကြောင့် သမဏော ခလု ဘောဂေါတမော-စသည်ကိုဟောသနည်းအထ ခေါ ဝေရဉ္ဇာဗြာဟ္မဏော ယေန ဘဂဝါ-စသည်ကိုသာဟောသင့်သည် မဟုတ်လော ရုဒ်ကိုပယ်ခြင်းငှါ ဣဒါနိ-စသည်ကိုမိန့်၊

သမိတပါပတ္တာ၊ စင်စစ်အကြွင်းမဲ့ ဝါသနာနှင့်တကွ ငြိမ်းစေအပ်ပြီးသော မကောင်းမှုရှိသည်၏အဖြစ်ကြောင့်။

ဝါသနာနှင့်တကွ 'ငြိမ်းစေသည်'ကိုသာယူ။သို့မှ ဗာဟိရကဖြစ်သောရသေ့ ဝီတရာဂဖြစ်သောသေက္ခ,အသေက္ခတို့၏ပါပကိုငြိမ်းစေခြင်းမှ သဗ္ဗညုဘုရား၏ ပါပကိုငြိမ်းစေခြင်းကို အထူးပြုအပ်သည်။ ။၎င်း,သီလက္ခန်ဋီကာ။

ယင်းဖြင့် ပါပါနိ သမိတတ္တာ သမဏောကိုပြသည်၊ ဗာဟိတပါပတ္တာ ဗြာဟ္မဏောတိ ဝုတ္တံဟူ၍ရင်း၊သမိတပါပတ္တာ သမဏောတိ ဝေဒိတဗ္ဗော

ဟု ဆိုအပ်ပြီးသောအနက်နှစ်ပါးကို ဥဒါဟရုဏ်နှစ်ပါးဖြင့် ထင်ရှားစေလိုရကား ဝုတ္တံဟောတိ၊ပ။ဝုစ္စတီတိဒိန္နံ၊ ဋီကာ၊ ။ဗာဟိတပါပေါတိ ဗြာဟ္မဏော၊ သမစရိယာ သမဏောတိ ဝုစ္စတိ၊ ပဗ္ဗာဇယမတ္တနောမလံ၊တသ္မာ ပဗ္ဗာဇိတော ဝုစ္စတိ-ဟုရင်း။

ယောစ သမေတိ ပါပါနိ၊အဏုံ ထူလာနိ သဗ္ဗသော၊
သမိတတ္တာ ဟိ ပါပါနံ၊ သမဏောတိ ပဝုစ္စတိ၊ ။ဟုရင်း၊

ဓမ္မပဒ၌ဟောအပ်သော ဗာဟိတပါပေါတိဗြာဟ္မဏော-ဟူသောပါဒ, သမိတတ္တာ ဟိ ပါပါနံ၊ သမဏောတိ ပဝုစ္စတိ၊ ဟူသောပါဒတို့ကိုယူ၍ ဗာဟိတပါပေါတိ ဗြာဟ္မဏော၊သမိတတ္တာ သမဏောတိ ဝုစ္စတိ-ဟုဆိုသည်၊ ဋီကာ၊ ဂဏ္ဌိပုဒ်သုံးပါး၊ ။တေန စသည်ကား လင်္ကာရုဏ်၊

အသာဘာဂဝတော၊၏၊ သမဏောတိ၊သော၊ ယဒိဒံနာမံ၊သည်၊ အတ္ထိ၊ ၏၊တေံနာမံ၊သည်၊ယထာဘုစ္စဂုဏာဓိဂတံ၊မဖောက်မပြန် ဟုတ်မှန်သော အတိုင်းဂုဏ်တော်အားဖြင့် ရအပ်သော၊ ဝါ၊မဖောက်မပြန် ဟုတ်မှန်တိုင်းသောဂုဏ်တော်အားဖြင့် ရအပ်သော၊ နာမံ၊တည်း၊ ။သမ္ဗန်၊

ယထာဘူတမေဝ ယထာဘုစ္စံ၊သကတ္ထာ်ဳ ကျ၊ပစ္စည်း။ဝိမတိ,ယောဇနာ။ ။
ယထာဘုစ္စံ ဂုဏေန အဓိဂတံ၊ ယထာဘုစ္စဉ္စ တံ ဂုဏောစာတိ ဝါ ယထာဘုစ္စဂုဏော။တေန အဓိဂတံ—တွဲ။

ဥပသင်္ဂနိပါတာစ၊ပစ္စယာစ ဣမေ တယော၊
နေကေနေကတ္ထဝိသယာ၊ဣတိ နေရုတ္တိကာ ဗြဝုံ၊ ။

ဟူရကား ခလုနိပါတ်၏ အနဝဓာရဏ,ပဋိသေဓ,အဝဓာရဏ, ပသိဒ္ဓ, ပဒပူရဏ-အနက်တွင် ဤ၌ အလိုရှိအပ်သောအနက်ကို ပြလိုရကား ခလူတိ အနဝဓာရဏတ္ထေ နိပါတောဒိန္နံ၊ သာရတ္ထ, သီလက္ခန်ဋီကာ၊

ဘောဘတိ ဣဒံပဒံ၊ သည်၊ ဗြာဟ္မဏဇာတိကာနံ၊ပုဏ္ဏားဇာတ်ရှိကုန်သောသူတို့၏၊ ဇာတိသမုဒါဂတံ၊ ဇာတ်အားဖြင့်လာသော၊ သဒ္ဒတ္တ။ ။ ဝါ၊ဇာတ်အားဖြင့်ပြီးသော၊ အဓိပ္ပါယတ္တ၊ ။အာလပနမတ္တံ၊ ချစ်ခင်မြတ်နိုးအပ်သသူတို့ကိုခေါ်ဝေါ်ကြောင်းဖြစ်သောပုဒ်သာတည်း၊

'မတ္တသဒ္ဒါ'ကား အဝဓာရဏတ္တ။ယင်းဖြင့် 'ပုဏ္ဏားဇာတ်'ရှိသသူတို့၏ဇာတ်အားဖြင့် ပြီးသော အာလုပ်သာ။ ယင်းဖြင့် အနက်အထူးရှိသည် မဟုတ်ဟု ပြသည်။

ဘောဟူသော၊ အာဒိသောဟူသော၊ ဒေဝါနံပိယဟူသောပုဒ်တို့ကား ပိယ သမုဒါယာရုံပုဒ်တို့တည်း။ငင်း။ ။ယင်း'ဘော'သဒ္ဒါကား နာမ်နိပါတ်နှစ်ပါး တွင် နာမ်သော် ပုလ္လိင်၊နပုလ္လိင်ကေဝုစ်။နိပါတ်ကား တိလိင်ဒွိဝုစ်။

ဘောတိ အာဒိသု တေသံ နိပါတာနိပါတဘာဝေ ဝိဝါဒေါ န ကရဏီယော။ 'ကစ္စာယနသ္မိံ' ဟိ ဘောဂေ တူတိ ဝုတ္တံ။အညတ္ထ ပန အာမန္တနတ္ထေ နိပါတော 'တိ အာဒိ ဝုတ္တံ။ ။သဒ္ဒနီတိ။

ယင်းဘောသဒ္ဒါကား 'ပုဂ္ဂိုလ်၊ဓမ္မ၊နိဗ္ဗိဝ'အာလုပ်အားဖြင့် သုံးပါးဖြစ်၏။ ထိုတွင် 'ဓမ္မ'၌ ကေဝုစ်သာ၊ကြွင်းနှစ်ပါး၌ကား ဒွိဝုစ်။

ပုဂ္ဂလာလပနေ စေဝ၊ဓမ္မသာလပနေ ပိစ။
နိဗ္ဗိဝါလပနေ စာတိ၊ဘောသဒ္ဒေါ တီသု ဒိဿတိ။ ။

တတြ ဓမ္မာလပနမှိ၊ကေဝစေဝ လဗ္ဘတိ။
ဣတရေသု သိယာဒေက၊ဝစော ဗဟုဝစော ပိစ။ ။ငင်း။

ဤ၌ကား ဓမ္မာလပန ကေဝုစ်၊အဿုရိယံ ဝတ ဘော–စသည်၌ကဲ့သို့ ဂုဏော ပုဒ်ကို မထုတ်ဆောင်ဘဲ 'ဘော၊အရှင်'ဟုပေး။

နိန္ဒိတဗ္ဗံ ဂုဏ်ပဒံ၊ဓမ္မဿာလပနေ ရုဝံ။
အဿုရိယံ ဝတ ဘောတိ၊ဥဒမေတ္ထ နိဒဿနံ။ ။ငင်း။

ဝါ၊ ပုဂ္ဂလာလပန-ဒွိဝုစ်၊ ဧဟိ ဘော-စသည်၌ကဲ့သို့ ဂုဏောပုဒ်ကို မရှိသော်လည်း ထုတ်ဆောင်၍ ဘောဇနကာသာ၊ ဒိုသတ္တဝါအပေါင်း။ ဝါ၊ဘို၊ဟုပေး။

ဂုဏ်ငဒံ အသန္တံပိ၊ပုဂ္ဂလာ လပနမှိတု။
အဇ္ဈာဟရိတွာ ပဝဒေ၊အတ္ထံ ဘော ဟေိအာဒိသု။ ။ငင်း။

ယောပုဂ္ဂလော၊သည်၊ သကိဉ္စနော၊ကိုင်နယ်တတ်သော ရာဂစသည်နှင့် တကွဖြစ်သည်။

သတ္တေ ကိဉ္စန္တိ ပလိဗုဒ္ဓန္တီတိ ကိဉ္စနာနိ။ရာဂ-စသည်ရစေ။ ။လူတို့သည် နွားတို့ကို ကောက်နယ်စေကုန်သော် 'ကိဉ္စေဟိ ကပိလကိဉ္စေဟိ ကာဠက'ဟု ဆိုတတ်ကုန်ရကား 'ကိဉ္စန'ဟူသည် မဒ္ဒနပင်။ ။သာရတ္ထ။

ဝါ၊အပြစ်ဒေါသနှင့်တကွဖြစ်သည်။ ဝိဇတိ။ ။သောပုဂ္ဂလော၊သည်၊ ဘောဝါဒိနာမ၊ဘောဘောဟုပြောဆိုလေ့ရှိသောသူမည်သည်။ ဟောတိ၊ ၏။ ။ဂေါတ္တဝသေန၊အနွယ်တော်၏အငွမ်းဖြင့်။

ဂံ တာယတီတိ ဂေါတ္တံ–ပြ။ ။ဋီကာ။

ဂေါ ဂေါဏော ဇူမ္ဗြိယေ ဘူမျံ၊ဝစနေစေဝ မုဒ္ဒိယံ။
အာဒိစ္စေ ရံသိယဉ္စေ၀၊ပါနီယေပိစ ဝတ္တတေ၊ ။

ဟူသည်တွင် ဤ၌ ဂေါသဒ္ဒါကား သဒ္ဒတ္ထ-ဉာဏတ္ထ။ထိုကြောင့် တပါးသော မျိုးနွယ်စဉ်ဆက်နှင့် မဆက်ဆံသော ယင်းအမျိုး၏ 'အာဒိပုရိသ'မှ လာသော ယင်းအမျိုး၌ အကျွမ်းဝင်သော ယင်းအမျိုးနှင့်ဆက်ဆံသော သာမညသဘော ဖြစ်သော အနွယ်ဟူသော သင်္ကေတပညတ်အနက်သည် အသိဉာဏ်၏ အာရုံ ဖြစ်သောအနက်နှင့်ကင်း၍မဖြစ်၏သို့ ဗိုသဒ္ဒါလည်း 'ဝစ္စ'ဖြစ်သောအနက်နှင့် ကင်း၍ မဖြစ်ရကား 'ဂေါတမော'ဟု ဖြစ်သော ယင်းသဒ္ဒါအသိဉာဏ်တို့ကို ကေန်ယင်းတို့လျှင် အရာရှိသည် အဖြစ်ဖြင့် စောင့်ရှောက် တတ်သောကြောင့် 'ဂေါတ္တ'မည်သည်ဟူလို။ ။သာရတ္ထ,သီလက္ခန်ဋီကာ။

တသ္မာ-စသည်ကား လဒ္ဓဂုဏ်၊ ထိုကြောင့် ပါဠိ၌၊ ဂေါတမော-ဂေါတမအနွယ်ဖြစ်တော်မူသော၊ ဟုပေး၊

သကျပုတ္တောကား သဗ္ဗညုဘုရား၏'သုဒ္ဓေါဒနမင်း'၏ သား်တော်ဖြစ်သောကြောင့် သာကီဝင်မင်းသားအဖြစ်ကား ဒဿန၊ မြင့်မြတ်သော အမျိုးမဟုတ်လျှင် ယင်းသို့မချီးမွမ်းသင့်သောကြောင့် "မြင့်မြတ်သော အမျိုးတော်"၏ အဖြစ်ကား ဒီပန၊ အလွန်ထင်ရှား ကျော်စောပြန့်နှံ့သော "မင်းမျိုး"အဖြစ်သာ ဥစ္စာကုသလဖြစ်သောကြောင့် အလွန်ထင်ရှားကျော်စောပြန့်နှံ့သော အမျိုး၏ အဖြစ်ကား ဝိဘာဝ၊ 'အသမ္ဘိန္နခတ္တိယ'အဖြစ်သာ 'ဥဒိတောဒိတ ဝိပုလ ခတ္တိယ'ဖြစ်သောကြောင့် "မဟာသမ္မတမင်း"မှ စ၍ အသမ္ဘိန္နခတ္တိယမျိုး၏ အဖြစ်ကား အနုဘာဝ။ သာကီဝင်မျိုးသာ ဇာတ်အားဖြင့် မြတ်သောကြောင့် ဇာတိမဟတ္တအဖြစ်ကား ပကာသန—ဘို့တွင် ဖလူပစာရဖြစ်သော ဥစ္စာကုလ အဖြစ်ကို 'သကျပုတ္တောတိ။ပ။ဒီပနံ'ဟူသည်။

ဥစ္စာကုလဒီပနံ၊မြင့်မြတ်သောအမျိုးရှိတော်မူသည်၏အဖြစ်ကိုပြတတ်သော၊ ဝါ၊ပြကြောင်းဖြစ်သောပုဒ်တည်း၊

ဥစ္စာကုလံ ဧတဿာတိ ဥစ္စာကုလော—ပြ။ဘောပဋ္ဌာန။

ဥစ္စသဒ္ဒါ နာမ်,နိပါတ်နှစ်ပါးတို့တွင် နာမ်ကား ဥဏ္ဏတတ္ထ၊ သုဥစ္စာရဏအလို့ငှါ ဒီဃပြု၍ 'ဥစ္စာကုလ'ဟူသည်။

ဥစ္စာသဒ္ဒမဟာသဒ္ဒါတိ ဥဒ္ဒံ ဥဂ္ဂတဋ္ဌေန ဥစ္စော သဒ္ဒေါ ယေသန္တေတိ ဥစ္စာသဒ္ဒါ။အကာရဿ အာကာရံ ကတွာ-ဟူသော ဥဒါန်းအဋ္ဌကထာနှင့် လျော်စေ။ဥစ္စော တု ဥဏ္ဏတော တုင်္ဂေါ။အဘိဓာန်။ ။ဝိစယေ၊ဥစိနောတိ ဏု၊စ္စော။ အ။ယင်းဋီကာ။ ။နိပါတ်ကား နိဂ္ဂဟိတန္တသဒ္ဒမျန္တသာ။

'သကျကုလာ ပဗ္ဗဇိတော'ကား သဗ္ဗညုဘုရား၏ သာကီဝင်မင်းမျိုး၌ ဖြစ်တော်မူသောကြောင့် သာကီဝင်မျိုး ရဟန်းအဖြစ်ကား ဒဿန၊ ဘုရားရှင်

ပဋိသန္ဓေ,နေ်တော်မူသည့်အခါယင်းအမျိုး၏စိုးစဉ်းမျှ ဆုတ်ယုတ်သည်မရှိ။ စည်ပင် တိုးပွားသည်ဖြစ်ရကား သို့စဉ်အမျိုးကို ပယ်စွန့်တော်မူခြင်းသည် လွန်စွာ သဒ္ဓါတရားနှင့် ပြည့်စုံမှ ဖြစ်နိုင်သောကြောင့် 'သဒ္ဓါပဗ္ဗဇိတ'အဖြစ်ကား ဒီပန၊ ဘုရားရှင် တောထွက်တော်မူသည့်အခါ ထို့ထက်အလွန် ယင်းအမျိုး၏ပြည့်စုံသည်၏အဖြစ်သည် လောက၌ ထင်ရှားသောကြောင့် ယင်းအမျိုး၏ ဝုဍ္ဎိတရအဖြစ်ကား ဝိဘာဝ၊ တစုံတခုသော ပါရိဇုညသည် မနှိပ်စက်အပ်သည် အဖြစ်ကား အနုဘာဝ၊ သဒ္ဓါပဗ္ဗဇိတဖြစ်သောသူသည်သာ သီလက္ခန္ဓ-စသော ဂုဏ်ကျေးဇူးကို ပြည့်စုံစွာပြုလေ့ရှိသောကြောင့် သဗ္ဗညုဘုရားရှင်၏ 'ဂုဏမဟတ္တ' အဖြစ်ကား ပကာသန-တို့တွင် ဖလူပစာဖြစ်သော သဒ္ဓါပဗ္ဗဇိတ အဖြစ်ကို 'သကျ။ပ။ဒီပနံ'ဟူသည်။

ကေနစိ၊ တစုံတခုသော။ ပါရိဇုညေန၊ ဆွေမျိုး၏ ဆုတ်ယုတ်ခြင်း-စသော ဆုတ်ယုတ်သည်၏ အဖြစ်သည်။ အနဘိဘူတော၊ မနှိပ်စက်အပ်သည်ဖြစ်၍။

ပရိဟိယတီတိ ပရိဟာနိ၊ ပရိဟာနိယာ ဘာဝေါ ပါရိဇုညံ—ပြု။ဏျပစ္စည်း။ ဟအစိတ်၊အာကို ဥ။ဟကိုလည်း ဇ။ နျကိုလည်း ညပြု၍ 'ပါရိဇုည'ဟူသည်။ ပရိဟာနိယာ—ဖွင့်။ ဋီကာ။ ။'ယောဇနာ၌ကား ပရိဟာနိဧဝ ပါရိဇုညံ။ သကတ္ထေဏျပစ္စယော'ဟူ၏။

ကုတော၊ ထိုသဒ္ဒေါ ခလု၊ ပန၊ သာကျကုလာ 'ပဗ္ဗဇိတော' ဟူသော စကားမှ။ ပရံ၊ နောက်၌ဖြစ်သော ဝေရဉ္ဇာယံ ဝိဟရတိ-အစရှိသော စကားသည်လည်း။ ။တံခေါ ပနာတိ ဧတံ ဝစနံ၊ တံခေါပန-ဤသို့ အစရှိသောပုဒ်၌ ဝိဘတ်သည်၊ ဝါ၊တံခေါပနာတိဧတံပဒံ၊ တံခေါပန-ဤသို့အစရှိသော ပုဒ်သည်။

'ဣတိသဒ္ဒါသုံးလုံး' တလုံးကား ဝိပလ္လာသတ္ထ၊ တလုံးကား နိဒဿနတ္ထ၊ တလုံးကား အာချတ္ထ၊ယင်းဖြင့် 'ဘဝန္တံ ဂေါတမံ'ကိုယူ။

ဣတ္ထမ္ဘူတာချာနတ္ထေ၊ ဤဥဂ္ဂမနကြိယာဟူသောအပြားသို့ရောက်သော ကိတ္တိသဒ္ဒဟု ဟောကြားခြင်းအနက်၌။

ဣမံပကာရံ ဣတ္ထံ၊ ဣတ္ထံ ဘူတော အာပန္နော ဣတ္ထမ္ဘူတော၊ ဣတ္ထမ္ဘူတဿ အာချာနံ ဣတ္ထမ္ဘူတာချာနံ၊ ဣတ္ထမ္ဘူတာချာနမေဝ အတ္ထော ဣတ္ထမ္ဘူတာချာနတ္ထော,ပြု။သုတ်ဋီကာ။

ဝါ၊ ကိတ္တိသဒ္ဒါသည်ဤသို့ဥဂ္ဂမနကြိယာဟူသောအပြားဖြစ်၏ဟု ဟောခြင်းအနက်၌။

အယံ ပကာရော ဉတ္တံ၊ ဉတ္တိ ဘူတော ဇာတော ဉတ္တမ္ပုတော ဉတ္တန္တ ‌တော ဉတ္တိ အာချာနံ ဉတ္တမ္ပုတာချာနံ၊ ဉတ္တမ္ပုတာ ချာနမေဝ အဇ္ဈော တထာ–မူ။ ။ငင်း။

ဥပယောဂဝစနံ၊ဒုတိယာဝိဘတ်တည်း။ ဝါ၊ဒုတိယာဝိဘတ်ရှိသော ပုဒ်တည်း။

